# မြဝတီ နေ့စဉ်

တိုင်းပြည်၏ စတုတ္ထမဏ္ဍိုင်ကို ဖော်ဆောင်ပေးသည့် မြဝတီ

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၄)၊ အမှတ်(၁၄၈)

၁၃၈၆ ခုနှစ်၊ တော်သလင်းလဆန်း ၁၀ ရက်
၂၀၂၄ ခုနှစ်၊ စက်တင်ဘာ ၁၂ ရက်၊ သောကြာနေ့


## မြတ်ဗုဒ္ဓ၏အဆုံးအမတရား

လောက၌ အမိကိုပြုစုလုပ်ကျွေးခြင်းသည် ချမ်းသာ၏။ အဖကိုပြုစုလုပ်ကျွေးခြင်းသည် ချမ်းသာ၏။ လောက၌ ရဟန်းတို့ကို ပစ္စည်းလေးပါးတို့ဖြင့် အရိုအသေပြုစုခြင်းသည် ချမ်းသာ၏။ မကောင်းမှုကင်းကုန်သော ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ သာဝကတို့ကို ပစ္စည်းလေးပါးဖြင့် အရိုအသေပြုစုခြင်းသည် ချမ်းသာ၏။ **ဓမ္မပဒ**

## ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များတည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့တွင် ရေဝင်ရောက်မှုများဖြစ်ပေါ်၊ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ အချိန်နှင့်တစ်ပြေးညီအင်တိုက်အားတိုက်ဆောင်ရွက်၊ စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်း



အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တပ်မတော်သားများက ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်မြို့၌ တောင်ကျရေစီးဆင်းမှုကြောင့်ရေဘေးသင့်ပြည်သူများအား ရေဘေးကင်းလွတ်ရာသို့ ကူညီရွှေ့ပြောင်းပေးစဉ်။

**နေပြည်တော် စက်တင်ဘာ ၁၂**

တောင်တရုတ်ပင်လယ်ပြင်တွင် ဖြစ်ပေါ်ခဲ့သော တိုင်ဖွန်းမုန်တိုင်း ရာဂိ၏အရှိန်နှင့် ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်းနှင့် အနောက်မြောက်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော မုန်တိုင်းငယ်၏အရှိန်ကြောင့် စက်တင်ဘာလ ၁၀ ရက်မှစတင်၍ နေရာအနှံ့အပြားမိုးအဆက်မပြတ် ရွာသွန်းမှုများဖြစ်ပွားခဲ့ပြီး ချောင်းရေနှင့်မြစ်ရေများ အဆက်မပြတ်မြင့်တက်လာမှုနှင့်အတူ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ မြို့နယ်အချို့နှင့် အခြားသော တိုင်းဒေသကြီးနှင့်ပြည်နယ်တို့မှ မြို့နယ်အချို့တို့တွင်

**စာမျက်နှာ ၁၆ ကော်လံ ၁ ››**

**ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူရန် ၁၇ ရက်သာ လိုတော့သည်။**




## အယ်ဒီတာ့အာဘော်

(၂၀၂၄ ခုနှစ်၊ စက်တင်ဘာ ၁၃ ရက်)

# စာနာနားလည်ခြင်းဖြင့် ကာကွယ်စောင့်ရှောက်ရန်

၂၀၂၄ ခုနှစ် စက်တင်ဘာလ ၁၃ ရက်နေ့သည် မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ဖြစ်သည်။ လူကုန်ကူးမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့က ယခုနှစ်အတွက်သတ်မှတ်ပေးထားသည့်ဆောင်ပုဒ်မှာ"ကလေးသူငယ်ချန်မထား၊ လူကုန်ကူးမှုတိုက်ဖျက်သွား"ဟူ၍ဖြစ်သည်။ ထို့ပြင် ၂၀၂၄ ခုနှစ်၊ မြန်မာနိုင်ငံ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ရည်ရွယ်ချက်(၄)ရပ်ကိုလည်း ချမှတ်ပေးထားသည်။ ယင်းတို့မှာ "(၁)လူကုန်ကူးမှုတိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်အဖြစ်သတ်မှတ်၍ နိုင်ငံသားအားလုံးပူးပေါင်းဆောင်ရွက်ရန်။ (၂)လူကုန်ကူးမှုဆိုင်ရာအသိပညာများ ပြည်သူလူထုအတွင်း စိမ့်ဝင်ပျံ့နှံ့စေရန်။ (၃)လူကုန်ကူးခံရသူများအား စာနာနားလည်ခြင်းဖြင့် ကာကွယ်စောင့်ရှောက်နိုင်ရန်။ (၄)လူကုန်ကူးမှုတိုက်ဖျက်ရေးလုပ်ငန်းစဉ်များအားလုံးတွင် ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန်"တို့ဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေကို ၂၀၂၂ ခုနှစ် ဇွန်လ ၁၆ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ်၊ ၄၁/၂၀၂၂ ဖြင့် ထုတ်ပြန်ထားပြီး လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ဆောင်ရွက်လျက်ရှိပါသည်။ အဆိုပါဥပဒေ၏ ပုဒ်မ ၃။ ပုဒ်မခွဲ(ခ)တွင် "**လူကုန်ကူးမှု**ဆိုသည်မှာ ပုဂ္ဂိုလ်တစ်ဦးဦးသည် အခြားပုဂ္ဂိုလ်တစ်ဦးဦးကို ထိုသူ၏ သဘောတူညီချက်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ခေါင်းပုံဖြတ်မှုပြုရန်အလို့ငှာ အောက်ပါနည်းလမ်းတစ်ရပ်ရပ်ကိုအသုံးပြု၍ ထိုသူကိုသိမ်းသွင်းစုဆောင်းခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ လွှဲပြောင်းခြင်း၊ ရောင်းချခြင်း၊ ဝယ်ယူခြင်း၊ ငှားရမ်းခြင်း၊ ငှားယူခြင်း၊ ခိုလှုံခွင့်ပေးခြင်း သို့မဟုတ် လက်ခံခြင်းကိုဆိုသည်-(၁)ခြိမ်းခြောက်ခြင်း၊ အင်အားသုံးခြင်း သို့မဟုတ် အခြားနည်းဖြင့် အနိုင်အထက်ပြုခြင်း၊ (၂)သွေးဆောင်ခေါ်ယူခြင်း၊ (၃)လိမ်လည်ခြင်း၊ (၄)လှည့်ဖြားခြင်း၊ (၅)လုပ်ပိုင်ခွင့် သို့မဟုတ် အခွင့်အာဏာကိုအလွဲသုံးစားပြုခြင်း၊ (၆)ဘဝရပ်တည်ရန်ခက်ခဲနေသောအခြေအနေကို အခွင့်ကောင်းယူ၍အလွဲသုံးစားပြုခြင်း၊ (၇)ထိုသူအပေါ်ချုပ်ကိုင်နိုင်သူ သို့မဟုတ် တစ်နည်းနည်းလွှမ်းမိုးနိုင်သူ၏သဘောတူညီချက်ရရှိရန် ငွေကြေး၊ ပစ္စည်း သို့မဟုတ် အခြားအကျိုးအမြတ်တစ်စုံတစ်ရာကိုပေးခြင်း သို့မဟုတ် လက်ခံရယူခြင်း"ဟူ၍ အဓိပ္ပာယ်ဖွင့်ဆိုထားပါသည်။

လူကုန်ကူးခံရသူများ၏အဓိကအားနည်းချက်ကိုလေ့လာကြည့်သည့်အခါ ပညာအရည်အချင်းနည်းပါးသူများကိုအများဆုံးတွေ့မြင်ရသည်။ ပညာမတတ်သောအခါ၊ စာမဖတ်သောအခါ အသိဉာဏ်ဗဟုသုတနည်းပါးလာသည်။ လူကုန်ကူးလိုသူများက လိမ်လည်ပြောကြားနေမှုကိုအမှန်ထင်ကာ လက်ခံယုံကြည်လာသည်။ အလုပ်အကိုင်ငွေကြေးများ များစွာရလိမ့်မည်ဟူသောအထင်ဖြင့် လူကုန်ကူးသူများ၏ခေါ်ဆောင်ရာသို့ လိုက်ပါသွားတတ်ကြသည်။ ပြည်တွင်းတစ်နေရာရာ သို့မဟုတ် အခြားနိုင်ငံတစ်ခုခုသို့ရောက်ရှိသွားပြီး လက်တွေ့လုပ်ငန်းခွင်ဝင်ရသည့်အခါမှသာ အထင်နှင့်အမြင်လုံးဝကွဲလွဲနေကြောင်းသိသွားကြသည်။ ပညာအရည်အချင်းနည်းပါးသူများမှာ အများဆုံးဖြစ်သော်လည်း ပညာတတ်ဘွဲ့ရသူများအနေဖြင့် ဆင်ခြင်တွေးခေါ်မှုနည်းပါးကာ လူကုန်ကူးခံရမှုတွင်ပါဝင်မှန်းမသိပါဝင်မှုများရှိနေသည်။ အထူးသဖြင့် အွန်လိုင်းလောင်းကစားမှုနှင့် လိမ်လည်မှုဖြစ်စဉ်များတွင်ပါဝင်ခြင်းဖြစ်သည်။

နိုင်ငံတော်အစိုးရအနေဖြင့် လူကုန်ကူးမှုများအား အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ကျယ်ကျယ်ပြန့်ပြန့်ထိရောက်စွာတားဆီးနှိမ်နင်းခြင်း၊ လူကုန်ကူးခံရသူအားလုံးကို ကာကွယ်စောင့်ရှောက်ခြင်း၊ အထူးသဖြင့် လူကုန်ကူးခံရသူအမျိုးသမီးနှင့်ကလေးသူငယ်များအား အလေးဂရုပြု၍ ကာကွယ်ခြင်းနှင့် အကူအညီပေးခြင်း၊ လူကုန်ကူးမှုကျူးလွန်သူများအား ထိရောက်မြန်ဆန်စွာစုံစမ်းဖော်ထုတ်၍ ဥပဒေနှင့်အညီ ထိုက်သင့်သောပြစ်ဒဏ်များချမှတ်ခြင်းဖြင့် လူကုန်ကူးမှုများလျော့နည်းပပျောက်စေခြင်း၊ လူကုန်ကူးခံရသူများအား လူမှုအသိုင်းအဝိုင်းအတွင်းသို့ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးလုပ်ငန်းများကို ထိရောက်စွာဆောင်ရွက်ခြင်း၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးနှင့်စပ်လျဉ်း၍ နိုင်ငံတော်ကလက်ခံထားသောအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းများ၊ ပရိုတိုကောလ်များ၊ ဒေသတွင်းနိုင်ငံများ၊ ဒေသခွဲတွင်းချုပ်ဆိုထားသည့်စာချုပ်များ၊ နှစ်နိုင်ငံသဘောတူစာချုပ်များနှင့်အညီ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့်လည်းကောင်း၊ အဖွဲ့ဝင်နိုင်ငံများနှင့်လည်းကောင်း ဆက်သွယ်ညှိနှိုင်းဆောင်ရွက်ခြင်းများကို လုပ်ဆောင်လျက်ရှိပါသည်။

လူကုန်ကူးမှုသည် လူလူချင်းခေါင်းပုံဖြတ်ခြင်းတစ်မျိုးဖြစ်သည်။ လူရည်လည်လွန်းသူများက ရိုးသားစွာနေထိုင်စားသောက်လိုသူများအပေါ် မက်လုံးတစ်ခုခုပေး၍ဆွဲဆောင်စည်းရုံးကာ လူကုန်ကူးမှုကို စတင်ခြင်းဖြစ်သည်။ အထူးသဖြင့် လူမှုရေးအခက်အခဲရှိသူများ၊ အလုပ်အကိုင်ရှာဖွေနေသူများ၊ ငွေကြေးမပြည့်စုံသူများ၊ မိဘမဲ့နေသူများမှာ လူကုန်ကူးမည့်သူများ၏ ပစ်မှတ်များဖြစ်သည်။ လူကုန်ကူးသူတရားခံများကို ဖမ်းဆီးရမိလျှင် ထိုက်တန်သောပြစ်မှုများချမှတ်လျက်ရှိသော်လည်း လူကုန်ကူးမှုများမှာ လုံးဝပပျောက်သည့်အနေအထားသို့မရောက်ရှိသေးပေ။ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့အနေဖြင့် သက်ဆိုင်ရာနယ်စပ်ဂိတ်များတွင် စနစ်တကျပိုက်စိပ်တိုက်ရှာဖွေစစ်ဆေးခြင်းများပြုလုပ်ကာ လူကုန်ကူးခံရသူများကိုပြန်လည်ကယ်တင်ပေးခဲ့ကြရသည်။ အနှစ်ချုပ်ဆိုရသော် ပြည်သူများအနေဖြင့် လူကုန်ကူးမှုတိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်အဖြစ်သတ်မှတ်ကာ ပူးပေါင်းပါဝင်ခြင်းဖြင့် လူကုန်ကူးမှုတားဆီးရေးတွင် ပါဝင်ဆောင်ရွက်ကြရန်ဖြစ်ကြောင်း ရေးသားလိုက်ရပေသည်။ ။

# ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်း တာဝန်မှလျှော့ပေါ့ခွင့်ရသူများ

**လျှော့ပေါ့ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူ၏မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်အထိလျှော့ပေါ့ပေးနိုင်သည်။

(ခ) လျှောက်ထားသူ၏မိဘနှစ်ပါးအနက် တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ်တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း၊ အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။

(ဂ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန် ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

# ကန့်ဘလူခရိုင်ရုံး၌ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိစေမည့် ကွန်ပျူတာအခြေခံသင်တန်းဆင်းပွဲကျင်းပ

ကန့်ဘလူ စက်တင်ဘာ ၁၂

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ညွှန်ကြားမှုဖြင့် ကန့်ဘလူခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူးဖွင့်လှစ်ခဲ့သည့် ကွန်ပျူတာအခြေခံသင်တန်း အမှတ်စဉ်(၅/၂၀၂၄)ဆင်းပွဲကို စက်တင်ဘာလ ၁၁ ရက်တွင် လူထုအခြေပြုဗဟိုဌာန၌ ကျင်းပကြောင်းသိရသည်။

ကွန်ပျူတာအခြေခံသင်တန်းဆင်းပွဲတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနလက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နန်းမြင့်က သင်တန်းသားများအနေဖြင့် သင်တန်းမှသင်ကြားပေးသော အခြေခံနည်းပညာများကို ပိုမိုတိုးတက်ကောင်းမွန်အောင်ဆက်လက်သင်ယူရန်လိုအပ်ကြောင်း၊ ဒေသတွင်းအလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေမည်ဖြစ်ကြောင်း လက်ရှိတာဝန်ထမ်းဆောင်နေသည့်ဝန်ထမ်းများနှင့်လုပ်ငန်းခွင်ဝင်ရောက်ရန်ပြင်ဆင်နေကြသော လူငယ်လူရွယ်များအတွက် ယခုသင်တန်းကိုဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ တာဝန်ရှိသူများက သင်တန်းသားများအား သင်တန်းဆင်းလက်မှတ်ကို တစ်ဦးချင်းပေးအပ်သည်။ အဆိုပါသင်တန်းသို့ သင်တန်းသား၊ သင်တန်းသူ ၁၀ ဦးတက်ရောက်ပြီး သင်တန်းကာလတစ်လတွင် Microsoft Word၊ Excel၊ Power Point စသည့်ဘာသာရပ်များကို စာတွေ့လက်တွေ့ သင်ကြားပေးခဲ့ကြောင်းနှင့်ယခုနှစ်အတွင်း ကွန်ပျူတာအခြေခံသင်တန်းတွင် သင်တန်းသား၊ သင်တန်းသူ ၅၀ ဦးတို့အား သင်ကြားပေးပြီးဖြစ်ကြောင်း သိရသည်။

အောင်ဝင်းငြိမ်း(ကန့်ဘလူ)

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

မြဝတီ နေ့စဉ် the Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

နေပြည်တော်
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

ရန်ကုန်(ရုံးခွဲ)
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

မန္တလေး(ရုံးခွဲ)
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

ကျိုင်းတုံ(ရုံးခွဲ)
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ် - ၀၀၃၇၈/၀၀၄၉၄
စတင်ထုတ်ဝေသည့်ရက် - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# (၁၂)ကြိမ်မြောက် မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးနေ့သို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌဒုတိယဗိုလ်ချုပ်ကြီးရာပြည့်ထံမှပေးပို့သည့်သဝဏ်လွှာ

(၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၁၃ ရက်)

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံသူ၊ နိုင်ငံသားများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပြီး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေကြောင်း နှုတ်ခွန်းဆက်သ ဆုမွန်ကောင်းတောင်းလိုက်ပါသည်။

၂။ မြန်မာနိုင်ငံသည် ၁၉၉၇ ခုနှစ်မှစ၍ လူကုန်ကူးမှုတိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်သတ်မှတ်ကာ တည်ဆဲဥပဒေများအရ တားဆီးနှိမ်နင်းရေးများဆောင်ရွက်ခဲ့ပါသည်။ လူကုန်ကူးမှုတားဆီးကာကွယ်ရေးကိုပြည်သူတစ်ရပ်လုံးသိရှိကာ ပူးပေါင်းပါဝင်ဆောင်ရွက်လာစေရန် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပြဋ္ဌာန်းခဲ့သည့် စက်တင်ဘာလ ၁၃ ရက်နေ့ကို မြန်မာနိုင်ငံ၏ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့အဖြစ်သတ်မှတ်၍ အထိမ်းအမှတ်အခမ်းအနားများကျင်းပလာခဲ့သည်မှာ ယခုအခါ (၁၂)ကြိမ်မြောက်သို့ ရောက်ရှိလာခဲ့ပြီဖြစ်ပါသည်။

၃။ လူကုန်ကူးမှုသည် ၂၀ ရာစုနှောင်းပိုင်းတွင် ခေတ်သစ်ကျွန်ပြုမှုအသွင်ဖြင့် ပေါ်ပေါက်လာကာ ကမ္ဘာလုံးဆိုင်ရာပြဿနာတစ်ခုအဖြစ် ဖြစ်ပွားလျက်ရှိပါသည်။ နိုင်ငံတကာ ကျွမ်းကျင်သူများ၏ တွက်ချက်မှုများအရ လူကုန်ကူးမှုသည် တရားမဝင် မူးယစ်ဆေးဝါးရောင်းဝယ်မှုနောက်တွင် အမြတ်အစွန်းရရှိမှု၏ ဒုတိယအကြီးဆုံးအရင်းအမြစ်အဖြစ် သတ်မှတ်ခံထားရပါသည်။

၄။ လူကုန်ကူးမှုသည် လူ့အခွင့်အရေး၊ လူ့ဂုဏ်သိက္ခာနှင့် လူ့အဖွဲ့အစည်းကို ထိခိုက်ပျက်စီးစေရုံသာမက အသက်အိုးအိမ်စည်းစိမ်ကိုပါ များစွာထိခိုက်စေလျက်ရှိကာ လူကုန်ကူးသူများအနေဖြင့် အမြတ်အစွန်းကြီးမားစွာ ရရှိသောကြောင့် မြန်မာနိုင်ငံအတွင်း၌ ဖြစ်ပွားရုံသာမက နိုင်ငံ၏နယ်နိမိတ်ဖြတ်ကျော်ကာ အခြားနိုင်ငံများဆီသို့ဦးတည်၍ ဖြစ်ပွားလျက်ရှိပါသည်။

**⁜ ၂၀၂၄ ခုနှစ်၊ (၁၂)ကြိမ်မြောက် မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးနေ့၏ဆောင်ပုဒ်ဖြစ်သည့် "ကလေးသူငယ်ချန်မထား လူကုန်ကူးမှုတိုက်ဖျက်သွား" ဆိုသည့်အတိုင်း လူကုန်ကူးခံရသူများ အထူးသဖြင့် လူကုန်ကူးခံရသူ အမျိုးသမီးနှင့်ကလေးသူငယ်များ၏ အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ပေးခြင်း၊ ဘေးအန္တရာယ်ကင်းရှင်းရေး၊ လုံခြုံစိတ်ချမှုရှိစေရေးတို့ကို ဦးစားပေးဆောင်ရွက်ခြင်း၊ ရုပ်ပိုင်း၊ စိတ်ပိုင်းနှင့် လူမှုရေးပိုင်းဆိုင်ရာ ထိခိုက်ခံစားရမှု မရှိစေရေး ကာကွယ်စောင့်ရှောက်ပေးခြင်းလုပ်ငန်းများကို အဓိကကျသည့် အခန်းကဏ္ဍတစ်ရပ်အဖြစ် တိုးမြှင့်ဆောင်ရွက်သွားကြခြင်းဖြင့် အမျိုးသမီးနှင့်ကလေးသူငယ်များ လူကုန်ကူးခံရမှုအန္တရာယ်မှ တားဆီးကာကွယ်နိုင်မည်ဟုယုံကြည် . . .**

၅။ မြန်မာနိုင်ငံသည် ၂၀၀၀ ပြည့်နှစ်တွင် ပြဋ္ဌာန်းခဲ့သော နိုင်ငံဖြတ်ကျော်အုပ်စုဖွဲ့မှုခင်းတိုက်ဖျက်ရေးဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း (United Nations Convention against Transnational Organized Crime) (UNCTOC)နှင့် နောက်ဆက်တွဲစာချုပ်ဖြစ်သည့် အမျိုးသမီးနှင့်ကလေးသူငယ်များအပေါ် အထူးပြုသော လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးနှင့်ပြစ်ဒဏ်ပေးရေးဆိုင်ရာစာချုပ် (Protocol to Prevent, Suppress and Punish Trafficking in Persons, Especially Women and Children)၊ ကုန်းလမ်း၊ ရေလမ်းနှင့် လေကြောင်းအသုံးပြု၍ ရွှေ့ပြောင်းသွားလာသူများအား မှောင်ခိုပို့ဆောင်မှုဆိုင်ရာစာချုပ် (Protocol against the Smuggling Of Migrants by Land, Sea and Air)တို့ကို ၂၀၀၄ ခုနှစ်၊ မတ်လ ၃၀ ရက်နေ့တွင်လည်းကောင်း၊ လူကုန်ကူးခြင်း အထူးသဖြင့် အမျိုးသမီးနှင့် ကလေးသူငယ်များအပေါ် လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ အာဆီယံကွန်ဗင်းရှင်း (ASEAN Convention Against Trafficking in Persons Especially Women and Children–ACTIP)ကို ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၆ ရက်နေ့တွင်လည်းကောင်း အတည်ပြုလက်မှတ်ရေးထိုးခဲ့ပါသည်။

၆။ မိမိတို့မြန်မာနိုင်ငံအနေဖြင့် လူကုန်ကူးမှုပြဿနာများကို တိုက်ဖျက်နိုင်ရေးအတွက် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့၏ ဦးဆောင်မှုဖြင့် လုပ်ငန်းကော်မတီ(၄)ရပ်နှင့် အဆင့်ဆင့်သော လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့များအား စနစ်တကျဖွဲ့စည်း၍ အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်သတ်မှတ်ကာ အလေးထားဆောင်ရွက်လျက်ရှိပါသည်။

၇။ မြန်မာနိုင်ငံလူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့မှဦးဆောင်၍ သက်ဆိုင်ရာဝန်ကြီးဌာနများ၏ ပူးပေါင်းပါဝင်မှုများဖြင့် လူကုန်ကူးမှုကြိုတင်ကာကွယ်ရေး၊ မှုခင်းများအား တရားစွဲဆိုရေးလုပ်ငန်းများနှင့် လူကုန်ကူးခံရသူများအား ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများကို (၅)နှစ်စီမံကိန်းများရေးဆွဲ၍ မဟာဗျူဟာ(၃)ရပ်၊ နည်းဗျူဟာ(၄)ရပ်နှင့် လုပ်ငန်းကဏ္ဍ(၄)ရပ်ချမှတ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

၈။ လက်ရှိတွင် မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ စတုတ္ထ(၅)နှစ်စီမံကိန်း (၂၀၂၂-၂၀၂၆)၏ တတိယနှစ်ဖြစ်သည့် ၂၀၂၄ ခုနှစ် လုပ်ငန်းစီမံချက်ပါ လုပ်ငန်းစဉ်များကို သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်သတ်မှတ်ကာလအတွင်း ပြီးမြောက်အောင်မြင်အောင် ဟန်ချက်ညီညီအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

**⁜ မြန်မာနိုင်ငံအစိုးရအနေဖြင့်လည်း အွန်လိုင်းလိမ်လည်မှု (Online Scam)လုပ်ငန်းများကို ထိထိရောက်ရောက် တားဆီးနှိမ်နင်းလျက်ရှိပြီး အဆိုပါလုပ်ငန်းများတွင် အတင်းအကျပ်ခိုင်းစေခံရသူများကို ကယ်တင်၍ နေရပ်ဒေသများသို့ ပြန်လည်စေလွှတ်လျက်ရှိပါသည်။ အဆိုပါဖြစ်စဉ်များတွင် ဒေသတွင်းမဟုတ်သည့် အခြားနိုင်ငံများက နိုင်ငံခြားသားများလည်း ပါဝင်လာသည်ကိုတွေ့ရှိနေရသည့်အတွက်အလေးအနက်ထားထိန်းချုပ်ရန် လိုအပ်သောကြောင့် နိုင်ငံပေါင်းစုံ ပူးပေါင်းပါဝင်မှုဖြင့် တိုက်ဖျက်နိုင်ရေး တိုးမြှင့်ဆောင်ရွက်လျက်ရှိ . . .**

၉။ မြန်မာနိုင်ငံ၏ လူကုန်ကူးမှုပြဿနာသည် အိမ်နီးချင်းနိုင်ငံများနှင့် အရှေ့အလယ်ပိုင်းဒေသရှိ နိုင်ငံအချို့၏ ဈေးကွက်လိုအပ်ချက်များနှင့် ချိတ်ဆက်ဖြစ်ပွားလျက်ရှိနေကြောင်း တွေ့ရှိနေရပါသည်။ နှစ်စဉ်ဖြစ်ပွားလျက်ရှိသည့် ကိန်းဂဏန်းများအရ ပြည်တွင်းလူကုန်ကူးမှု ၅၆ ရာခိုင်နှုန်း၊ ပြည်ပလူကုန်ကူးမှု ၄၄ ရာခိုင်နှုန်းဖြစ်ပွားလျက်ရှိပြီး ပြည်တွင်းလူကုန်ကူးမှုတွင် အဓမ္မပြည့်တန်ဆာပြုမှု၊ အဓမ္မခိုင်းစေမှုများ အဓိကဖြစ်ပွားလျက်ရှိပါသည်။ ပြည်ပလူကုန်ကူးမှုအနေဖြင့် အဓမ္မလက်ထပ်ထိမ်းမြားမှု၊ အဓမ္မပြည့်တန်ဆာပြုမှု၊ အဓမ္မခိုင်းစေမှု၊ ကြွေးမြီဖြင့်နှောင်ဖွဲ့ခိုင်းစေမှု၊ အဓမ္မမွေးစားမှု၊ ကလေးရောင်းစားမှုနှင့် အဓမ္မတောင်းရမ်းစေခိုင်းမှုများ ဖြစ်ပွားလျက်ရှိပါသည်။ ထို့အပြင် ၂၀၂၄ ခုနှစ်တွင် အိမ်နီးချင်းနိုင်ငံသို့ ဦးတည်ဖြစ်ပွားသည့် အငှားကိုယ်ဝန်ဆောင်သည့် လူကုန်ကူးမှုကိုလည်း ဖော်ထုတ်နိုင်ခဲ့ပါသည်။

၁၀။ လူကုန်ကူးမှုကျူးလွန်သူများသည် ယခင်က ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် နေပြည်တော် စသည့်ဒေသများမှ အမျိုးသမီးငယ်များကို လိမ်လည်စုဆောင်း၍ အိမ်နီးချင်းနိုင်ငံများသို့ပို့ဆောင်ခဲ့ကြပြီး ယခုအခါတွင် နယ်စပ်ဒေသရှိ လူကုန်ကူးသူများထံသို့လည်းကောင်း၊ တစ်ဖက်နိုင်ငံရှိ လူပွဲစားများထံသို့လည်းကောင်း ပို့ဆောင်ရောင်းစားနေကြကြောင်း လေ့လာတွေ့ရှိရပါသည်။

၁၁။ ပြည်တွင်းလူကုန်ကူးမှုများတွင်ရခိုင်ပြည်နယ်၊ရန်ကုန်တိုင်းဒေသကြီး၊ဧရာဝတီတိုင်းဒေသကြီး၊ပဲခူးတိုင်းဒေသကြီးနှင့် နေပြည်တော် စသည့်ဒေသများမှ အမျိုးသမီးငယ်များအား လိမ်လည်ခြင်း၊ သွေးဆောင်စည်းရုံးခြင်းဖြင့် စုဆောင်း၍ ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် (အရှေ့ပိုင်း)ရှိ (မူဆယ်၊ လောက်ကိုင်၊ မိုင်းပေါက်၊ တာချီလိတ်) ဒေသများသို့ပို့ဆောင်ပြီး အဓမ္မပြည့်တန်ဆာအဖြစ် ခိုင်းစေခြင်း၊ အဓမ္မအလုပ်ခိုင်းစေခြင်းများ ကျူးလွန်လျက်ရှိပါသည်။

၁၂။ မြန်မာနိုင်ငံတွင် ယခင်ကာလများက ဆင်းရဲနွမ်းပါးမှုနှင့် အလုပ်အကိုင်အခွင့်အလမ်းနည်းပါးမှုများကြောင့် ပညာအရည်အချင်းနိမ့်ပါးသူများသာ လူကုန်ကူးခံရသည့်ပြဿနာများ ပေါ်ပေါက်ခဲ့သော်လည်း ယခုကာလတွင် ပညာတတ်များလည်း လူကုန်ကူးခံရသည့်ဖြစ်စဉ်များတွင် ပါဝင်နေကြောင်း တွေ့ရှိနေရပါသည်။ လူကုန်ကူးသူများသည် တိုးတက်ပြောင်းလဲလာသည့် နည်းပညာများကိုအခြေခံကာ Facebook, Wechat, Telegram, Tik Tok များအသုံးပြုပြီး မက်လုံးပေးစည်းရုံး၍ အွန်လိုင်းလိမ်လည်မှုခင်းများ ကျူးလွန်လာကြရာမှ ၎င်းနှင့်ဆက်နွှယ်ပြီး လူကုန်ကူးမှုများ၊ တရားမဝင် လူစုဆောင်းခြင်းများ၊ လိမ်လည်မှုများပြုလုပ်ကာ လူသားအချင်းချင်းအပေါ် ခေါင်းပုံဖြတ် အမြတ်ထုတ်ခြင်း၊ အဓမ္မခိုင်းစေခြင်း၊ အဓမ္မလက်ထပ်ခိုင်းစေခြင်းနှင့် အဓမ္မအငှားကိုယ်ဝန်ဆောင်စေခြင်း စသည်တို့ကို ကျူးလွန်လျက်ရှိကြောင်း တွေ့ရှိလာရပါသည်။

၁၃။ ယခုအခါ မြန်မာနိုင်ငံအပါအဝင် ဒေသတွင်းနိုင်ငံများ၌ အွန်လိုင်းလိမ်လည်မှု(Online Scam) နှင့် အွန်လိုင်းလောင်းကစား(Online Gambling)များ တရားမဝင်ဖွင့်လှစ်လုပ်ကိုင်လာကြပြီး နိုင်ငံခြားသားများကို အွန်လိုင်းမှစည်းရုံးကာ အတင်းအကျပ်ခိုင်းစေမှုများ ကြုံတွေ့နေရပါသည်။ အဆိုပါဖြစ်ပေါ်နေမှုကို နိုင်ငံတကာမှ ပုံစံသစ်ဖြင့် ဖြစ်ပေါ်လာသော လုပ်အားခေါင်းပုံဖြတ်သည့် လူကုန်ကူးမှု (New Emerging Trend of Human Trafficking)ဟု အမည်တပ်လာကြပါသည်။

၁၄။ မြန်မာနိုင်ငံအစိုးရအနေဖြင့်လည်း အွန်လိုင်းလိမ်လည်မှု(Online Scam)လုပ်ငန်းများကို ထိထိရောက်ရောက် တားဆီးနှိမ်နင်းလျက်ရှိပြီး အဆိုပါလုပ်ငန်းများတွင် အတင်းအကျပ်ခိုင်းစေခံရသူများကို ကယ်တင်၍ နေရပ်ဒေသများသို့ ပြန်လည်စေလွှတ်လျက်ရှိပါသည်။ အဆိုပါဖြစ်စဉ်များတွင် ဒေသတွင်းမဟုတ်သည့် အခြားနိုင်ငံများက နိုင်ငံခြားသားများလည်းပါဝင်လာသည်ကို တွေ့ရှိနေရသည့်အတွက် အလေးအနက်ထားထိန်းချုပ်ရန်လိုအပ်သောကြောင့် နိုင်ငံပေါင်းစုံပူးပေါင်းပါဝင်မှုဖြင့် တိုက်ဖျက်နိုင်ရေး တိုးမြှင့်ဆောင်ရွက်လျက်ရှိပါသည်။ အွန်လိုင်းမှတစ်ဆင့် လိမ်လည်ဖြားယောင်းမှုများနှင့် ပတ်သက်ပြီး ပြည်သူလူထုသိရှိနိုင်ရေး အသိပညာပေးမှုများ တိုးမြှင့်ဆောင်ရွက်လျက်ရှိပါသည်။

၁၅။ မြန်မာနိုင်ငံသို့ တရားမဝင် ဝင်ရောက်မှုကြောင့် ဖမ်းဆီးရမိသည့် နိုင်ငံခြားသားများအား ဥပဒေနှင့်အညီ အမြန်ဆုံးအရေးယူ ပြည်နှင်လွှဲပြောင်းနိုင်ရေးအတွက် ၂၉-၁၁-၂၀၂၃ ရက်နေ့တွင် ပြည်နှင်လွှဲပြောင်းမှုကြီးကြပ်ရေးလုပ်ငန်းကော်မတီအား ဖွဲ့စည်းခဲ့ပါသည်။ **စာမျက်နှာ ၄ သို့ ●**

● စာမျက်နှာ ၃ မှအဆက်

အဆိုပါကော်မတီမှ သက်ဆိုင်ရာအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ နယ်စပ်ဒေသများတွင် ဖြစ်ပေါ်နေသည့် အွန်လိုင်းလိမ်လည်မှုဖြစ်စဉ်များအပေါ်စိစစ်၍ လူကုန်ကူးခံရနိုင်ခြေအလားအလာရှိသူ(Potential Victim) များနှင့်ပတ်သက်ပြီး သက်ဆိုင်ရာနိုင်ငံများသို့ပြန်လည်လွှဲပြောင်းပေးခြင်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

၁၆။ ထို့အပြင် မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်ဒေသများမှတစ်ဆင့် အကြောင်းအမျိုးမျိုးကြောင့်ရောက်ရှိလာပြီး အခက်အခဲမျိုးစုံကြုံတွေ့နေရသည့်နိုင်ငံခြားသားများအား မြန်မာနိုင်ငံရှိသံရုံးများနှင့် National Central Bureau လမ်းကြောင်းများမှတစ်ဆင့် အကူအညီတောင်းခံလာမှုများနှင့်ပတ်သက်၍လည်း ကယ်တင်ရရှိသူများကို သက်ဆိုင်ရာနိုင်ငံအသီးသီးသို့ ပြန်လည်လွှဲပြောင်းခြင်းလုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိပါသည်။

၁၇။ မြန်မာနိုင်ငံအနေဖြင့် လူကုန်ကူးမှုတိုက်ဖျက်ရေးလုပ်ငန်းများကို ကုလသမဂ္ဂအပါအဝင် အိမ်နီးချင်းနိုင်ငံများ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများ၊ မဲခေါင်ဒေသတွင်းနိုင်ငံများ၊ ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများနှင့်လည်းပူးပေါင်း၍ တိုးမြှင့်ဆောင်ရွက်လျက်ရှိပါသည်။ ထို့ပြင် ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများအကြား အကောင်အထည်ဖော်ဆောင်ရွက်မည့် လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ ဘင်းမ်စတက်ကွန်ဗင်းရှင်း၊ လုပ်ငန်းလမ်းညွှန်(TOR)နှင့် လုပ်ငန်းစီမံချက်ကို အပြီးသတ်ရေးဆွဲအတည်ပြုနိုင်ခဲ့ပါသည်။

၁၈။ မဲခေါင်မြစ်ဝှမ်းဒေသတွင်းနိုင်ငံများ၏ ဝန်ကြီးများအဆင့်အစည်းအဝေးများ၊ အဆင့်မြင့်အရာရှိကြီးများအစည်းအဝေးနှင့် ဒေသတွင်းလုပ်ငန်းအဖွဲ့အစည်းအဝေးများကို ကျင်းပပြုလုပ်နိုင်ခဲ့ပြီး ဒေသတွင်းနိုင်ငံများအကြား လူကုန်ကူးမှုများကိုထိရောက်စွာတိုက်ဖျက်နိုင်ရေးအတွက် မဲခေါင်ဒေသခွဲလုပ်ငန်းစီမံချက်များ ရေးဆွဲအကောင်အထည်ဖော်ခဲ့ရာ (၄)ကြိမ်မြောက်ရှိခဲ့ပြီဖြစ်ပါသည်။ လုပ်ငန်းစီမံချက်ပါလုပ်ငန်းစဉ်များကို သက်ဆိုင်ရာဝန်ကြီးဌာနများမှ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်လျက် ရှိပြီး ဒေသတွင်းပူးပေါင်းဆောင်ရွက်မှု၊ နိုင်ငံတကာနှင့်ပူးပေါင်းဆောင်ရွက်မှုများကိုလည်း အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိပါသည်။

၁၉။ ၂၀၂၃ ခုနှစ်အတွင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ထိုင်းနိုင်ငံ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနတို့အကြား၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ထိုင်းတော်ဝင်ရဲတပ်ဖွဲ့တို့အကြား၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် တရုတ်နိုင်ငံရဲတပ်ဖွဲ့တို့အကြား လူကုန်ကူးမှုတိုက်ဖျက်ရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာအစည်းအဝေးများကို မြန်မာနိုင်ငံမှ ဦးဆောင်ကျင်းပနိုင်ခဲ့ပါသည်။

၂၀။ အစည်းအဝေးများတွင် ဒေသတွင်းနှင့် နိုင်ငံဖြတ်ကျော်ဖြစ်ပွားလျက်ရှိသော လူကုန်ကူးမှုများတိုက်ဖျက်ရေးနှင့် လူကုန်ကူးမှုကြိုတင်ကာကွယ်ရေး၊ လူကုန်ကူးခံရသူများကယ်တင်ရရှိရေး၊ လူကုန်ကူးမှုများ စုံစမ်းစစ်ဆေးရေးနှင့် တရားခံစုံစမ်းဖော်ထုတ်ရေး၊ လူမှုကွန်ရက်အသုံးပြု၍ လူကုန်ကူးမှုကျူးလွန်ခြင်းများ စုံစမ်းဖော်ထုတ်ရေးနှင့် ပြစ်မှုကျူးလွန်သူအတည်ပြုရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြပြီး လူကုန်ကူးမှုတိုက်ဖျက်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိပါသည်။

၂၁။ ကြိုတင်ကာကွယ်ခြင်းသည် ထိရောက်သောဟန့်တားမှုဖြစ်သဖြင့် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် ပြည်သူလူထုကို လူကုန်ကူးမှုအသိပညာပေးမှုခင်းသတင်းများ၊ ဆောင်းပါးများ၊ ကဗျာများ၊ ဇာတ်လမ်းတိုများ၊ တေးသီချင်းများ၊ အသိပညာပေးစကားဝိုင်းများ စသည်တို့အား ထုတ်လွှင့်ပြသခြင်း၊ တယ်လီဖုန်းအော်ပရေတာများမှတစ်ဆင့် SMS ပေးပို့ခြင်းများဆောင်ရွက်လျက်ရှိပါသည်။ ထို့အပြင် Hot Line ဖုန်းများ တိုးချဲ့တပ်ဆင်ခဲ့ပြီး လူကုန်ကူးမှုသတင်းလက်ခံခြင်း၊ အချိန်နှင့်တစ်ပြေးညီဖော်ထုတ်ခြင်း၊ အရေးယူခြင်းနှင့် ကယ်တင်ခြင်းများဆောင်ရွက်ခဲ့ပါသည်။

၂၂။ ထို့အပြင် သက်ဆိုင်ရာဌာနများအချင်းချင်းပူးပေါင်း၍ မြို့ပြဒေသများတွင်သာမက ကျေးလက်ဒေသများအထိ ပြည်သူလူထုများ အသိပညာရရှိရေးအတွက် လူကုန်ကူးမှု အသိပညာပေးဟောပြောပွဲများ ပြုလုပ်ခြင်း၊ အသိပညာပေး Billboard များစိုက်ထူခြင်း၊ ကားဂိတ်၊ ရေဆိပ်၊ လေဆိပ်၊ ဘူတာရုံစသည့် လူစည်ကားရာနေရာများတွင် လက်ကမ်းစာစောင်များဖြန့်ဝေခြင်း၊ စတေကာများကပ်ခြင်း စသည်တို့ကို ဆောင်ရွက်လျက်ရှိပါသည်။

၂၃။ လူကုန်ကူးမှုနှင့် လုံခြုံစိတ်ချရသောရွှေ့ပြောင်းသွားလာမှုဆိုင်ရာ အသိပညာပေးခြင်းများဆောင်ရွက်လျက်ရှိပြီး အပြည်ပြည်ဆိုင်ရာလေဆိပ်များတွင်လည်း ပြည်ပသို့ထွက်ခွာမည့်သူများအား လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့သို့ တိုက်ရိုက်ဆက်သွယ်အကူအညီတောင်းခံနိုင်သည့် Whats App၊ QR Code၊ Viber QR Code များပေးအပ်ကာ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။

၂၄။ မြန်မာနိုင်ငံအနေဖြင့် လူကုန်ကူးခံရနိုင်ခြေ အန္တရာယ်အများဆုံးရှိနိုင်သော လူမှုအသိုင်းအဝိုင်းများဖြစ်သည့် အခြေခံလူတန်းစားများ၊ လက်လုပ်လက်စားများ၊ လမ်းပေါ်နေထိုင်သူများ၊ လမ်းပျော်များ၊ ဆယ်ကျော်သက် ကျား/မ လူငယ်လူရွယ်များကို ရပ်ရွာအခြေပြုလူမှုအဖွဲ့အစည်းများ၊ လူမှုဝန်ထမ်းဦးစီးဌာန၊ ပြန်လည်ထူထောင်ရေးဦးစီးဌာန၊ အမျိုးသမီးရေးရာအဖွဲ့များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့များ၊ သက်ဆိုင်ရာအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ အသိပညာပေးခြင်းနှင့် ကာကွယ်စောင့်ရှောက်ပေးခြင်းများကို ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

၂၅။ လူကုန်ကူးမှုကျူးလွန်သူများအား ထိရောက်မြန်ဆန်စွာစုံစမ်းဖော်ထုတ်၍ ဥပဒေနှင့်အညီ ထိုက်သင့်သော ပြစ်ဒဏ်များချမှတ်ဆောင်ရွက်ခဲ့ရာ ၂၀၂၃ ခုနှစ်အတွင်း လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေ/လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေဖြင့် ပြစ်ဒဏ်ချမှတ်မှု(၆၄)မှုတွင် ထောင်ဒဏ်တစ်သက် ၅ ဦး၊ ထောင်ဒဏ်(၄၀)နှစ် ၂ ဦး၊ ထောင်ဒဏ်(၂၅)နှစ် ၁ ဦး၊ ထောင်ဒဏ် (၂၀)နှစ် ၂၀ ဦး၊ ထောင်ဒဏ်(၁၅)နှစ်နှင့်အောက် ၈၃ ဦးတို့အား ပြစ်ဒဏ်ချမှတ်နိုင်ခဲ့ပါသည်။

၂၆။ ပြည်ပနိုင်ငံများသို့ သွားရောက်အလုပ်လုပ်ကိုင်မည့်သူများကို တရားမဝင်ရွှေ့ပြောင်း သွားရောက်အလုပ်လုပ်ကိုင်ရာမှ လူကုန်ကူးခံရနိုင်ခြင်း၊ အဓမ္မခိုင်းစေခံရနိုင်ခြင်း၊ အလုပ်သမားအခွင့်အရေး အပြည့်အဝမရရှိခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းနည်းပါးခြင်းတို့ကြုံတွေ့နိုင်ကြောင်းနှင့် လူကုန်ကူးမှုကြောင့် ဖြစ်ပေါ်လာမည့် ဆိုးကျိုးများကို သက်ဆိုင်ရာဌာနများနှင့်ပူးပေါင်း၍ အသိပညာပေးမှုများဆောင်ရွက်ပြီး စိစစ်ကြပ်မတ်လျက်ရှိပါသည်။

၂၇။ မြန်မာနိုင်ငံသားများကို အိမ်နီးချင်းနိုင်ငံများအပါအဝင် အရှေ့အလယ်ပိုင်းဒေသရှိ နိုင်ငံများသို့ပို့ဆောင်ရန် မက်လုံးပေးစည်းရုံးပြောဆိုပြီး စုဆောင်းခြင်းများကိုလည်း တရားမဝင်ဆောင်ရွက်နေကြသည်ကို စိစစ်တွေ့ရှိရပါသည်။ ထိုသို့ တရားမဝင်ပို့ဆောင်သူများကို ပြည်ပအလုပ်အကိုင်ဆိုင်ရာဥပဒေဖြင့် အရေးယူဆောင်ရွက်ခဲ့ပြီး နစ်နာသူများကို ဥပဒေနှင့်အညီ ကူညီဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။ ၂၀၂၃ ခုနှစ်တွင် ပြည်ပအလုပ်အကိုင်ဆိုင်ရာဥပဒေဖြင့် အရေးယူဆောင်ရွက်ခဲ့မှု (၁၉၉)မှုရှိခဲ့ပြီး တရားခံ ကျား ၁၇၄ ဦး၊ မ ၂၀၉ ဦး၊ စုစုပေါင်း ၃၈၃ ဦးအား အရေးယူနိုင်ခဲ့ပါသည်။

၂၈။ လူကုန်ကူးခံရသူများအတွက် အကောင်းဆုံးဝန်ဆောင်မှုများပေးရေးအတွက် စံလုပ်ငန်းအစီအစဉ်တစ်ခုဖြစ်သည့် လူကုန်ကူးခံရသူများအား ပြန်လည်လက်ခံရေး၊ ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာအမျိုးသားအဆင့်စံလုပ်ငန်းအစီအစဉ်(၂၀၂၀)ကို ရေးဆွဲအတည်ပြုပြီး သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင် လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့များအထိ စံလုပ်ငန်းစဉ်ပါ လုပ်ငန်းများကိုသိရှိပြီး အကောင်အထည်ဖော်နိုင်ရေး ဆောင်ရွက်ပေးလျက်ရှိပါသည်။

၂၉။ လူကုန်ကူးခံရသူများ၏ လူမှုဘဝရပ်တည်နိုင်ရေးနှင့် ပြန်လည်ထူထောင်ရေး ထောက်ပံ့မှုပေးခြင်း၊ နှစ်သိမ့်ဆွေးနွေးပေးခြင်း၊ မိဘရပ်ထံပြန်လည်ဝင်ဆံ့ပေါင်းစည်းပေးခြင်း၊ အသက်မွေးဝမ်းကျောင်းပညာသင်တန်းနှင့် ကျွမ်းကျင်မှုသင်တန်းများပေးခြင်းတို့ကို လူကုန်ကူးခံရသူတစ်ဦးချင်းအတွက် သင့်လျော်သောဝန်ဆောင်မှုအစီအစဉ်များဖြင့် ဆောင်ရွက်ပေးလျက်ရှိပါသည်။ လူကုန်ကူးခံရသူများအတွက် တရားရုံးရင်ဆိုင်နေစဉ်ကာလအတွင်း ခရီးစရိတ်၊ အစားအစာနှင့် ရိက္ခာ၊ ဆေးကုသစရိတ်၊ ဘဝရပ်တည်နိုင်ရေး နောက်ဆက်တွဲကူညီထောက်ပံ့မှုများကို ဆောင်ရွက်ပေးလျက်ရှိပါသည်။ ထို့အပြင် လူကုန်ကူးခံရသူများကို လိုအပ်သည့်ပံ့ပိုးကူညီမှုများ၊ ညွှန်းပို့ကူညီမှုများ၊ နောက်ဆက်တွဲစောင့်ရှောက်မှုများကိုလည်း သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပူးပေါင်းပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

၃၀။ နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုတွင် လူသားတို့၏ အရင်းအမြစ်ဖြစ်သည့် ကလေးသူငယ်များကို ပြုစုပျိုးထောင်ခြင်း၊ အသက်အရွယ်နှင့်လျော်ညီစွာ ဂုဏ်သိက္ခာကိုလေးစားတန်ဖိုးထားခြင်း၊ ခွဲခြားဆက်ဆံမှုမပြုခြင်း၊ စိတ်ပိုင်းဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာ ထိခိုက်ခံစားမှုမရှိစေရေးတို့အတွက် ကာကွယ်စောင့်ရှောက်ပေးခြင်းများသည် အဓိကကျသောကြောင့် မိမိတို့မြန်မာနိုင်ငံအနေဖြင့် အလေးထားဆောင်ရွက်လျက်ရှိပါသည်။

၃၁။ သို့ဖြစ်၍ ၂၀၂၄ ခုနှစ်၊ (၁၂)ကြိမ်မြောက် မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးနေ့၏ ဆောင်ပုဒ်ဖြစ်သည့် **“ကလေးသူငယ်ချန်မထား လူကုန်ကူးမှုတိုက်ဖျက်သွား”** ဆိုသည့်အတိုင်း လူကုန်ကူးခံရသူများ အထူးသဖြင့် လူကုန်ကူးခံရသူ အမျိုးသမီးနှင့်ကလေးသူငယ်များ၏ အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ပေးခြင်း၊ ဘေးအန္တရာယ်ကင်းရှင်းရေး၊ လုံခြုံစိတ်ချမှုရှိစေရေးတို့ကို ဦးစားပေးဆောင်ရွက်ခြင်း၊ ရုပ်ပိုင်း၊ စိတ်ပိုင်းနှင့် လူမှုရေးပိုင်းဆိုင်ရာထိခိုက်ခံစားရမှုမရှိစေရေး ကာကွယ်စောင့်ရှောက်ပေးခြင်းလုပ်ငန်းများကို အဓိကကျသည့် အခန်းကဏ္ဍတစ်ရပ်အဖြစ် တိုးမြှင့်ဆောင်ရွက်သွားကြခြင်းဖြင့် အမျိုးသမီးနှင့်ကလေးသူငယ်များ လူကုန်ကူးခံရမှုအန္တရာယ်မှတားဆီးကာကွယ်နိုင်မည်ဟုယုံကြည်မိပါကြောင်း သဝဏ်လွှာပေးပို့အပ်ပါသည်။

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့်သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်းဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး (နေပြည်တော်)
(၁) ၀၆၇- ၃၄၀၄၉၁၁၊ ၀၆၇- ၃၄၀၄၉၂၂၊ ၀၆၇- ၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
(၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
(၁) ၀၇၁- ၂၀၃၂၀၉၁၊ ၀၇၁- ၂၀၃၂၀၉၂
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS)၀၉- ၂၅၅၀၀၂၅၀၇

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
(၁) ၀၅၉- ၂၀၂၄၀၃၇၊ ၀၅၉- ၂၀၂၄၀၃၈
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
(၁) ၀၅၂- ၂၂၀၁၉၃၉၊ ၀၅၂- ၂၂၀၁၉၄၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၉

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
(၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃- ၂၀၂၈၈၇၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၀

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
(၁) ၀၂- ၄၀၂၁၂၄၅၊ ၀၂- ၄၀၂၁၂၄၆
(၂) မိုဘိုင်းဖုန်းမှစာတိုပို့ဝန်ဆောင်မှု(SMS) ၀၉- ၂၅၅၀၀၂၅၁၁

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
(၁) ၀၅၇ - ၂၀၂၇၉၃၅၊ ၀၅၇- ၂၀၂၇၉၃၆
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၂

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
(၁) ၀၉- ၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၃

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
(၁) ၀၁- ၈၃၀၀၀၁၆၊ ၀၁- ၈၃၀၀၀၁၇
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၄

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
(၁) ၀၈၁- ၂၁၂၄၅၄၀၊ ၀၈၁- ၂၁၂၄၉၉၅
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉- ၂၅၅၀၀၂၅၁၅

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
(၁) ၀၄၂- ၂၀၂၅၉၉၃၊ ၀၄၂- ၂၀၂၅၉၉၄
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့်တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**“လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့အစမ္မဝင်ရောက်နေထိုင်နေသည့်မြို့ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကိုကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကိုအသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်ကြောင်း။”**

(၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့်ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှကောက်နုတ်ချက်)

## အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်) ရှိ အားကစားကွင်း၊ ရုံများနှင့် အိပ်ဆောင်များ ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ ကြည့်ရှုစစ်ဆေး



ရန်ကုန် စက်တင်ဘာ ၁၂

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံသည် အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ ကျိုက္ကဆံကွင်းအတွင်းရှိ အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်) သို့ရောက်ရှိပြီး Synthetic ပြေးလမ်းပါ ဘောလုံးကွင်းနှင့် ဝူရှူးအားကစားလေ့ကျင့်ရေးရုံ ကြမ်းခင်းပြင်ဆင်နေမှုကို ကြည့်ရှုစစ်ဆေးပြီး သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ ဘဏ္ဍာရေးနှစ်မကုန်မီ ပြီးစီးအောင်ဆောင်ရွက်သွားရန် မှာကြားသည်။

အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်)ရှိ ဝူရှူးအားကစားရုံကြမ်းခင်းများမှာ နှစ်ကာလကြာမြင့်မှုကြောင့် ပျက်စီးလျက်ရှိ၍ ၂၀၂၄-၂၀၂၅ ခွင့်ပြုရန်ပုံငွေကျပ် ၄၀၁ သန်းဖြင့် နှစ်ထပ် ပျဉ်းကတိုး လျှာထိုးကြမ်းခင်းအဖြစ် ပြုပြင်သွားမည်ဖြစ်ပြီး ပြုပြင်ပြီးစီးပါက ဝူရှူးဆန်းဆိုနှင့် ဝူရှူးထောက်လုအားကစားနည်းနှစ်မျိုးလုံးမှ သင်တန်းသား၊ သင်တန်းသူများကိုလေ့ကျင့်ပေးနိုင်မည်ဖြစ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်)ရှိ B.Sc (Sports) သင်တန်းသား၊ သင်တန်းသူ အိပ်ဆောင်များကိုလည်းကောင်း၊ ထမင်းစားဆောင်နှင့် ထမင်းချက်ဆောင်တို့ကိုလည်းကောင်း လိုက်လံကြည့်ရှုစစ်ဆေးကာ တက္ကသိုလ်ကျောင်းသားအဆင့်နှင့်အညီ ဖြစ်စေရေးအတွက် လိုအပ်သည်များကို ပြုပြင်ပေးနိုင်ရေး မှာကြားပြီး ကျောင်းသား၊ ကျောင်းသူများကို တွေ့ဆုံနှုတ်ဆက်သည်။

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနသည် အားကစားသိပ္ပံပညာနားလည်တတ်ကျွမ်းသည့် အားကစားပညာရှင်များ မွေးထုတ်ပေးနိုင်ရေးအတွက် ရန်ကုန်မြို့ရှိ ဒဂုံတက္ကသိုလ်နှင့် မန္တလေးမြို့ရှိ ရတနာပုံတက္ကသိုလ်တို့တွင် ပညာရေးဝန်ကြီးဌာနနှင့် ပူးပေါင်းကာ B.Sc(Sports) ဘာသာရပ်ကို လက်ခံသင်ကြားပေးလျက်ရှိပြီး သတ်မှတ်အရည်အချင်းနှင့်ကိုက်ညီသော တက္ကသိုလ်ဝင်တန်း အောင်မြင်သူများကို စိစစ်လက်ခံ၍ နိုင်ငံတော်၏စရိတ်ကျခံမှုဖြင့် လက်ခံသင်ကြားပေးလျက်ရှိသည့်အပြင် လာမည့်ပညာသင်နှစ်တွင် Nay Pyi Taw State Academy ၌ တိုးချဲ့လက်ခံသင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(၅၀၀)

## နေပြည်တော်ကောင်စီနယ်မြေအတွင်း မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ပျက်စီးသွားသည့် လမ်း၊ တံတားများပြန်လည်ပြုပြင်ဆောင်ရွက်နေမှု ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့် ကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၁၂

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်သည် ဒုတိယဝန်ကြီး ဦးဝင်းဖေ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေအတွင်း မိုးရွာသွန်းမှုများ၍ ရုတ်တရက် ဆင်သေချောင်း ရေလျှံခြင်းကြောင့် ဆင်သေချောင်းတစ်လျှောက်ရှိ ဆင်သေချောင်းတံတား(ပုပ္ပါးကုန်း)နှင့် ဆင်သေချောင်းတံတား(သိုက်ချောင်း) တို့တွင် တံတားကမ်းကပ်ခုံများ ပျက်စီးခြင်း၊ ချဉ်းကပ်လမ်း ရေတိုက်စား၍ လမ်းတာပေါင် ပျက်စီးခြင်း၊ တံတားရေလယ်တိုင် (Pier) များ နိမ့်ကျခြင်းများဖြစ်ပေါ်နေသည့်အပြင် အေးမြင့်သာယာတံတားနှင့် ကျောက်ချက်တံတားတို့သည်လည်း ချဉ်းကပ်လမ်းအပါအဝင် ရေနစ်မြုပ်နေခြင်းကြောင့် လမ်းပန်းဆက်သွယ်မှု မပြတ်တောက်စေရေးပြင်ဆင်ဆောင်ရွက်နိုင်မည့်အခြေအနေကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် ဆင်သေချောင်းတံတား (ပုပ္ပါးကုန်း)သို့ ရောက်ရှိပြီး ရေတိုက်စား၍ ပျက်စီးသွားသော တံတားထိပ်ခုံနှင့် လမ်းတာပေါင်နေရာကို ဘေလီတံတားထိုး၍ ယာယီပြင်ဆင်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးကာ အများပြည်သူသွားလာရေး အဆင်ပြေစေရန်နှင့် လမ်းပန်းဆက်သွယ်မှု မပြတ်တောက်စေရေးအတွက် အမြန်ဆုံးပြုပြင်ဆောင်ရွက်သွားရန် မှာကြားသည်။

အဆိုပါ တံတားနေရာအား ဦးစားပေးပြင်ဆင်ပြီးပါက ဇေယျာသီရိမြို့နယ်နှင့် ပုဗ္ဗသီရိမြို့နယ်တို့ကို ဆက်သွယ်သွားလာနိုင်မည်ဖြစ်သည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဆင်သေချောင်းတံတား (သိုက်ချောင်း)သို့ သွားရောက်ရာ ပုဗ္ဗသီရိမြို့ပတ်လမ်းတစ်လျှောက် ရေစီးနှင့် မျောပါလာသော သစ်ပင်ကြီးများ၊ အမှိုက်များကို ယာဉ်ယန္တရားများဖြင့် ဖယ်ရှားရှင်းလင်း ဆောင်ရွက်ခြင်း၊ သိုက်ချောင်းတံတား၏ တံတားထိပ်ခုံနှင့် လမ်းသားများ ရေတိုက်စားမျောပါပျက်စီးခြင်းအား ပြုပြင်ရန် ပြင်ဆင်ဆောင်ရွက်နေသည့် အခြေအနေနှင့် ယာယီဘေလီတံတားထိုးမည့် အခြေအနေတို့ကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ မှာကြားသည်။

ထို့ပြင် ရန်ကုန် - မန္တလေးလမ်းမကြီး (လမ်းဟောင်း) တပ်ကုန်းမြို့အနီးရှိ အဆုံတံတား၏ တံတားထိပ်ခုံများရေတိုက်စားခြင်း၊ လမ်းတာပေါင်များ ပျက်စီးနေခြင်းတို့ကြောင့် ယာယီဘေလီတံတားထိုး၍ ပြင်ဆင်နေသည့်ကာလအတွင်း လမ်းပန်းဆက်သွယ်ရေး မပြတ်တောက်စေရေး၊ ယာဉ်သွားလာမှုနှင့် ကုန်စည်စီးဆင်းမှု မပြတ်တောက်စေရေးအတွက် အဆိုပါ တံတားနေရာအား ရှောင်ကွင်း၍ တပ်ကုန်းမှ အေလာသို့ တပ်ကုန်း-ဥတ္တရသီရိ အမှတ်(၂)လမ်းအတိုင်း ယာယီသွားလာနိုင်ရေး နေပြည်တော်ကောင်စီနှင့် ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၅၀၀)

# CITIC Star Scholarship ပေးအပ်ပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင် တက်ရောက်ချီးမြှင့်




ရန်ကုန် စက်တင်ဘာ ၁၂

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌရုံးဝန်ကြီးဌာန(၂) ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် ဝင်ဒမ်ဂရမ်း ရန်ကုန်ဟိုတယ်၌ ကျင်းပသည့် CITIC Myanmar နှင့် တရုတ်နိုင်ငံ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဖောင်ဒေးရှင်း(China Foundation For Rural Development-CFRD)တို့ ပူးပေါင်းကျင်းပသော CITIC Star Scholarship ပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်သည်။

အခမ်းအနားသို့ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး Ms.Ma Jia၊ CITIC Star Myanmar မှ Mr. Liang Chuan Xin၊ China Foundation For Rural Development မှ Mr.Chen Hongtao၊ နိုင်ငံခြားဘာသာတက္ကသိုလ်မှ ပါမောက္ခချုပ် ဒေါက်တာကြည်ရွှင်၊ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်ဒုတိယပါမောက္ခချုပ်ဒေါ်စန္ဒာနိုင်၊ တရုတ်ယဉ်ကျေးမှုစင်တာမှ တာဝန်ရှိသူများ၊ ဒေါက်တာစောမြအောင်ဖောင်ဒေးရှင်း၊ မြန်မာ-တရုတ် လူမှုအဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ ပညာသင်ဆုရ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူတို့သည် CITIC Myanmar မှ ဆောင်ရွက်လျက်ရှိသော လူမှုအကျိုးပြုမှတ်တမ်းများ ခင်းကျင်းပြသထားမှုကို လှည့်လည်ကြည့်ရှုသည်။

ထို့နောက် CITIC Group မှ ဆောင်ရွက်ခဲ့သော လူမှုအကျိုးပြုလုပ်ငန်းများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းများကို ဗီဒီယိုကလစ်ဖြင့် ပြသသည်။

အခမ်းအနားတွင် CITIC Myanmar မှ မန်နေးဂျင်းဒါရိုက်တာ Mr. Liang Chuan Xin၊ ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး Ms. Ma Jia၊ China Foundation For Rural Development မှ Mr. Chen Hongtao၊ နိုင်ငံခြားဘာသာတက္ကသိုလ်မှပါမောက္ခချုပ် ဒေါက်တာကြည်ရွှင်၊ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါ်စန္ဒာနိုင်တို့က နှုတ်ခွန်းဆက်စကားများ ပြောကြားကြသည်။

ယင်းနောက် မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး Ms. Ma Jia၊ ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်နှင့် တာဝန်ရှိသူများက ပညာသင်ဆုရ နိုင်ငံခြားဘာသာတက္ကသိုလ်နှင့်မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်တို့မှ ကျောင်းသား၊ ကျောင်းသူတို့ကို ပညာသင်ဆုနှင့် ပညာသင်ထောက်ပံ့ငွေများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ပညာသင်ဆုရရှိသော ကျောင်းသားနှစ်ဦးက ကျေးဇူးတင်စကားပြောကြားပြီး ကျောင်းသား၊ ကျောင်းသူများက တရုတ်-မြန်မာ နှစ်နိုင်ငံယဉ်ကျေးမှုအကတို့ဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက် CITIC Myanmar နှင့် China Foundation For Rural Development တို့မှ တာဝန်ရှိသူနှစ်ဦးသည် Strategic Agreement ကို လက်မှတ်ရေးထိုးကြပြီး တာဝန်ရှိသူများနှင့် ကျောင်းသား၊ ကျောင်းသူများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

CITIC Myanmar သည် ၂၀၁၅ ခုနှစ်မှစ၍ တရုတ်နိုင်ငံ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဖောင်ဒေးရှင်းနှင့် ဒေသခံအဖွဲ့အစည်းတို့ဖြင့်ပူးပေါင်း၍ လူမှုအကျိုးပြုစီမံကိန်းများကိုဆောင်ရွက်ခဲ့ကြပြီး CITIC Star Scholarship ပညာသင်ထောက်ပံ့ကြေးအစီအစဉ်တွင်လည်း တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများ ပညာရေးဆုံးခန်းတိုင် ပြီးမြောက်စေရန်အတွက် ငွေကြေးအထောက်အပံ့နှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးတွင် အထောက်အကူဖြစ်စေရန် နှစ်နှစ်ထောက်ပံ့ပေးလျက်ရှိသည်။ CITIC Myanmar အနေဖြင့် ကျောင်းသား၊ကျောင်းသူများအားငွေကြေးထောက်ပံ့မှုအပြင် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိရန် ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး အဆိုပါစီမံကိန်းအား China Foundation For Rural Development မှ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။ (သတင်းစဉ်)

# ၂၀၂၄ ခုနှစ် ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့အထိမ်းအမှတ်အခမ်းအနားကျင်းပ

နေပြည်တော် စက်တင်ဘာ ၁၂

၂၀၂၄ ခုနှစ် ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့ အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိမြန်မာနိုင်ငံကြက်ခြေနီအသင်းဌာနချုပ်၌ ကျင်းပသည်။

အခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်း၊ ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများနှင့် နီးနွယ်ဝန်ကြီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်များ၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ တွဲဖက်အတွင်းရေးမှူး၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ဗဟိုကော်မတီဝင်များနှင့် လူမှုရေးအသင်းအဖွဲ့များမှတာဝန်ရှိသူများ၊ အသင်းဌာနချုပ်မှ လက်ထောက်အထွေထွေအတွင်းရေးမှူး၊ ညွှန်ကြားရေးမှူးများနှင့်ဝန်ထမ်းများ၊ အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့် လခြမ်းနီအသင်းများ ဖက်ဒရေးရှင်းနှင့်အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီတို့မှတာဝန်ရှိသူများ၊ ထူးချွန်ဆုရရှိသူများနှင့် ကြက်ခြေနီစေတနာလုပ်အားရှင်များတက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံကြက်ခြေနီအသင်းအနေဖြင့် အကြောင်းအမျိုးမျိုးကြောင့် ထိခိုက်ဒဏ်ရာရရှိသူများကို လူသားချင်းစာနာစိတ်အပြည့်ဖြင့် ရှေးဦးပြုစုခြင်းဆိုင်ရာလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း။

ထို့ပြင် မကြာမီက ဖြစ်ပွားခဲ့သည့် ရန်ကုန်တိုင်းဒေသကြီးနှင့် အခြားသောတိုင်းဒေသကြီး၊ ပြည်နယ်များ၌ ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားသည့် ကာလများတွင်လည်း ကာကွယ်တားဆီးခြင်းနှင့် တုံ့ပြန်ခြင်းလုပ်ငန်းများအဖြစ် အသင်းတွင်ရှိသည့် ကြက်ခြေနီ စေတနာလုပ်အားရှင်များက ရပ်ရွာအတွင်း အသိပညာပေးခြင်း၊ လက်ကမ်းစာစောင်ဝေငှခြင်း၊ လူနာများအား ဆေးရုံဆေးခန်းများသို့ပို့ဆောင်ပေးခြင်း၊ ကလိုရင်းဆေးခတ်ရာတွင် ကျန်းမာရေးဌာနနှင့်အတူ ကူညီဆောင်ရွက်ပေးခြင်း၊ ဓာတ်ဆားထုပ်များနှင့် ကလိုရင်းဆေးမှုန့်များထောက်ပံ့ခြင်း စသည့်လုပ်ငန်းများကို ဆောင်ရွက်ခဲ့သည့်အပြင် ယခုမျောက်ကျောက်ရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများတွင်လည်း ပြည်သူလူထုအတွက် ကူညီဆောင်ရွက်ပေးနေသည်ကို တွေ့မြင်ရပါကြောင်း ပြောကြားသည်။

ထို့နောက်မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာမျိုးညွန့်က ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့ ကျင်းပရခြင်း၏ ရည်ရွယ်ချက်များ ရှင်းလင်းပြောကြားပြီး အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီအသင်းများဖက်ဒရေးရှင်းမှ Head of Myanmar Delegation Ms. Nadia Christine Khoury နှင့် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီမှ First Aid and Pre – Hospital Emergency Care Delegate Mr. Andrew Mok Yuan Min တို့က နှုတ်ခွန်းဆက်စကား ပြောကြားကြကာ ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့ အထိမ်းအမှတ် မှတ်တမ်းဗီဒီယိုကိုပြသသည်။




ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ၂၀၂၄ ခုနှစ် ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့အထိမ်းအမှတ် ရှေးဦးပြုစုခြင်း (တစ်ဦးချင်း-အမျိုးသား) စွမ်းရည်ပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသူများနှင့် တံခွန်စိုက်ဆုရရှိသော တိုင်းဒေသကြီး/ပြည်နယ်အား ဆုများပေးအပ်ချီးမြှင့်ပြီး မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်များ၊ မြန်မာနိုင်ငံဆေးကောင်စီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဆေးပညာရှင်အဖွဲ့ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ ဆရာဝန်များအသင်းဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ အမျိုးသမီးများနှင့် ကလေးသူငယ်များဘဝမြှင့်တင်ရေးအသင်းဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌနှင့် IFRC Head of Myanmar Delegation တို့က ဆုများ ဆက်လက်ပေးအပ်ချီးမြှင့်ကြသည်။

အခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီးနှင့် တက်ရောက်လာကြသူများသည် ၂၀၂၄ ခုနှစ် ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့ အထိမ်းအမှတ်အဖြစ် ခင်းကျင်းပြသထားသောပြခန်းအား လှည့်လည်ကြည့်ရှုအားပေးကြသည်။

ကမ္ဘာတစ်ဝန်းလုံးရှိအမျိုးသားကြက်ခြေနီနှင့် လခြမ်းနီအသင်းဝင် နိုင်ငံပေါင်း ၁၉၁ နိုင်ငံတွင် နှစ်တစ်နှစ်၏ စက်တင်ဘာလ ဒုတိယပတ် စနေနေ့ကို ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့အဖြစ်သတ်မှတ်ပြီး အထိမ်းအမှတ်အခမ်းအနားများ နှစ်စဉ်ကျင်းပလျက်ရှိကြောင်း၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းအနေဖြင့် ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့ အထိမ်းအမှတ်အခမ်းအနားကို ၂၀၀၃ ခုနှစ်တွင် စတင်ကျင်းပခဲ့ပြီး ယခု ၂၀၂၄ ခုနှစ်တွင် (၂၂)ကြိမ်မြောက်အဖြစ် ကျင်းပခြင်းဖြစ်ကြောင်းနှင့် ယခုနှစ် ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့ဆောင်ပုဒ်မှာ "အားကစားအတွက် အမြဲကူညီ ရှေးဦးပြုစုခြင်း အသင့်ရှိသည်" "First Aid and Sports Ready, Set, Respond" ဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၀)

## မိုးတိမ်တောင် ဖြစ်ပေါ်မှုအခြေအနေ

နေပြည်တော် စက်တင်ဘာ ၁၂

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းမှု အားကောင်းလျက်ရှိသည်။ (မိုး/ဇလ)

# ပဲခူးမြို့၌ တိုင်းရင်းသားရိုးရာအကသင်တန်းဖွင့်ပွဲကျင်းပ



ပဲခူး စက်တင်ဘာ ၁၂

ပဲခူးမြို့ ဥသာသမြို့သစ် ဆည်မြောင်းလမ်းရှိ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပဲခူးတိုင်းဒေသကြီးညွှန်ကြားရေးမှူးရုံး၌ စက်တင်ဘာလ ၁၂ ရက်တွင် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာန တို့ပူးပေါင်းပြီး တိုင်းရင်းသားရိုးရာအကသင်တန်းဖွင့်ပွဲအခမ်းအနား ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောလင်းအောင်က အမှာစကားပြောကြားပြီး တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာန ပဲခူးတိုင်းဒေသကြီးညွှန်ကြားရေးမှူး ဒေါ်နီနီဝင်းသန်းက တိုင်းရင်းသားရိုးရာအကသင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းကို စက်တင်ဘာလ ၁၂ ရက်မှ ၁၉ ရက်အထိ ချင်းတိုင်းရင်းသားအကနှင့် ရှမ်းတိုင်းရင်းသားအကကို ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ပြီး သင်တန်းသား၊ သင်တန်းသူ ၄၀ ဦးတက်ရောက်ကာ ချင်းတိုင်းရင်းသားအကတွင် ချင်းရိုးရာကောက်သစ်စားပွဲတော်အက၊ ချင်းအမျိုးသားနေ့ဖော်ကျူးတမ်းချင်းအကနှင့် (၂၅)ကြိမ်မြောက် မြန်မာ့ရိုးရာအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲမှာ ပဲခူးတိုင်းဒေသကြီးကိုယ်စားပြု ပါဝင်ယှဉ်ပြိုင်မည့်အကများ၊ ရှမ်းတိုင်းရင်းသားအကတွင် ကပန်ကောင်အက၊ တိုးနရားအက၊ ရှမ်းရိုးရာအခြေခံအကကြိုး ၁၀ ကွက်အပြင် မြန်မာ့ရိုးရာအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီးကိုယ်စားပြု ပါဝင်တင်ဆက်မည့်အကတို့ကိုလည်း အကနည်းပြဆရာများက လေ့ကျင့်သင်ကြားပေးမည်ဖြစ်ကြောင်းသိရသည်။

(၄၀၁)၊ တင်စိုး(ပဲခူး)

# ပွင့်ဖြူမြို့နယ်၌ မိုးတွင်းကာလ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများအတွင်းရှိ နုန်း သဲများ ဆယ်ယူရှင်းလင်း


ပွင့်ဖြူ စက်တင်ဘာ ၁၂

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ မိုးအဆက်မပြတ် ရွာသွန်းလျက်ရှိသဖြင့် ပြည်သူများရေကြီးရေလျှံမှု အန္တရာယ်ကင်းဝေးစေရန် စက်တင်ဘာလ ၁၁ ရက်တွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးလင်းမင်းညွှန့် ဦးဆောင်သော ဝန်ထမ်းများအဖွဲ့က မြို့တွင်းရှိ ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်စေရန် အမှိုက်သရိုက်များနှင့် နုန်း၊ သဲများ ဆယ်ယူရှင်းလင်းခြင်းလုပ်ငန်းဆောင်ရွက်ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးလင်းမင်းညွှန့်၏ကြီးကြပ်မှုဖြင့် ဝန်ထမ်းများ ပူးပေါင်းအဖွဲ့က မိုးတွင်းကာလရေကြီးရေလျှံမှုအန္တရာယ်ကင်းဝေးစေရန်နှင့် ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်စေရန်အတွက် မြို့ပေါ်ရပ်ကွက်များရှိ ရေနုတ်မြောင်းများနှင့် Box Culvert များတစ်လျှောက် ရေစီးရေလာကောင်းမွန်ခြင်းရှိ/မရှိ လိုက်လံကြည့်ရှုစစ်ဆေးပြီး သန့်စင်လမ်းနှင့် သရဖီလမ်းလမ်းဘေး ဝဲ၊ ယာရှိရေနုတ်မြောင်းများတွင် ပိတ်ဆို့နေသောအမှိုက်သရိုက်များနှင့် နုန်း၊ သဲများကို အမှိုက်သိမ်းယာဉ်ဖြင့် စနစ်တကျဆယ်ယူရှင်းလင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)

## မိုးလေဝသ သတင်း




## မိုးဆက်လက်ပိုနေမည်

နေပြည်တော် စက်တင်ဘာ ၁၂

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် မိုးဆက်လက်ပိုနေမည်။

(မိုး/ဇလ)

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအားပြန်လည်ဖိတ်ခေါ်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**သတင်းထုတ်ပြန်ချက်**
**အကြောင်းအမျိုးမျိုးကြောင့်**
**နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့်**
**မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်ခြင်း**

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကိုလွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့ နောက်ပိုင်းမှစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကိုထောက်ခံသူ အစွန်းရောက်များ၊ မတရားအသင်းနှင့်အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ DCS လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုမလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သောကျောင်းသား၊ ကျောင်းသူလူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များတည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့်ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ ထုတ်ပြန်ခဲ့သည့်အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီးရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေဖြစ်ခဲ့မှုတို့နှင့် ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင်အဆောက်အဦများအားဖျက်ဆီးမှု၊ (DCS) လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့်ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှမြန်မာနိုင်ငံရှိ၎င်းတို့ဒေသအသီးသီးသို့ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရ ဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာသံရုံး၊ စစ်သံရုံး၊ ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့်ပြည်သူအချို့အား အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင်အဆောက်အဦများအားဖျက်ဆီးမှု၊ (DCS)လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေနက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့်ထွက်ပြေးတိမ်းရှောင်နေကြသည့်ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

# မြစ်ကိုအလျှားစုန်ကူးခဲ့သည်

ကျွန်းစဉ်မြေစောခက်

**''ကျောက်ဖြူဆိုတာခရိုင်မြို့ကြီး ခရိုင်ဆေးရုံကြီးမို့ ဆရာဝန်တွေ စုံသည်။ အမေ့ရောဂါလောက်တော့ ကောင်းကောင်းပျောက်အောင် ကုသနိုင်လိမ့်မည်။ ကိုယ်လိုက်ပါမသွားလျှင်လည်း ဆေးကုသပေးမည့်ဆရာဝန် ကရှိပြီးသား။ ရွာက ကလေးတွေမှာ ဆရာကြီး လစာသွားထုတ်တုန်း ကိုယ် မရှိလျှင် အတန်းအသီးသီးမှာ နောက်ကျနေသောကျောင်းသင်ခန်းစာ များကို ဝင်သင်ပြမည့်သူ မည်သူမျှရှိမှာမဟုတ်။ ကျောင်းသင်ခန်းစာများ ကို အချိန်နဲ့တစ်ပြေးညီမသင်နိုင်လျှင် ကလေးတွေအဆင့်မမီဘဲ အရည် အချင်းညံ့ရုံမက နဂိုအတိုင်း ဒုံရင်းပဲ ဖြစ်နေကြလိမ့်မည်. . .''**

**ယမန်နေ့မှအဆက်**

**မှတ်တိုင်မဲ့ မြေပုံမှိုမှိုလေး**

အမေ မြေပုံမြို့သို့ ဆေးကုသွားရင်း ကျွန်တော် စာမေးပွဲထပ်ရှုံးသည်ကိုသိရတော့ နေမကောင်းရသည့်အထဲ သားသောကစီးပိုးပြီး အမေ သောက ဝင်ခဲ့ဟန်ရှိသည်။ မြေပုံမြို့ကပြန်ရောက်ပြီး လဝက်လောက်ပဲကြာသည် နေထိုင်မကောင်းဖြစ်လာပြန်သည်။ အမေ့မှာ ကိုယ်တွင်းရောဂါနှင့် စိတ်ခံစားမှုဝေဒနာက ပိုပြီးဖိစီးလာခဲ့ဟန်ရှိသည်။ ဝေဒနာများက စိပ်သထက်စိပ်လာသည်။ သွားတွေနာကျင်ကိုက်ခဲရာမှ သွားဖုံးတစ်လျှောက် ရောင်ရမ်းလာသည်။ ရွာဆေးဆရာကိုပင့်ပြီး ကုသသော်လည်း သက်သာရာမရခဲ့။ အဖေ့မှာ ရွှေတူချိုင် ကုန်းတန်းကလေးမှာ တဲထိုးနေထိုင်သည့်ကာလဖြစ်၍ ဦးကျော်သာလယ်ကလေးတစ်ကွက်ကို ထွန်ယက်လုပ်ကိုင်နေသည်။ နွားတွေကို ညကျလျှင် တဲအောက်တွင် ချည်သည်။ မှက်၊ ခြင်မကိုက်အောင် မီးမွှေးပေးသည်။ နွားထင်းမီး သစ်တုံးသစ်ဆွေးတွေက ညှော်နံ့ရလို့ အမေ့သွားရောဂါ ပြန်ထသည်ဟု ပြောကြသည်။

"လူနာကို မြို့ဆေးရုံပို့မှ အဆင်ပြေမယ်"

ရွာဆေးဆရာ၏ မှတ်ချက်သည် အဖေ့ကိုရော ကျွန်တော့်ကိုပါ ခေါင်းနပန်းကြီးစေခဲ့လေပြီ။

● ● ● ● ● ● ●

"အင်း ... အင်း ... အင်း ... အင်း"

အမေ့ ညည်းသံသည် တဲကလေးအတွင်းက ခပ်ညင်းညင်းထွက်ပေါ်နေသည်။ မိုးဖွဲဖွဲလေးက ဓနိမိုးတဲခေါင်မိုးပေါ်သို့ တဖြောက်ဖြောက် မြည်သံပေးကာ ကြွေဆင်းနေပေရာ အမေ့ညည်းသံနဲ့အပြိုင်လို ဖြစ်နေပေတော့သည်။ ညီမလေးက ဆန်ပြုတ်ကျဲကျဲလေးပြုတ်ပြီး အမေ့ကို ခွံ့ကျွေးသည်။

"အမေ ပါးစပ် ဟ ဟ ဟ ဆန်ပြုတ်ဝင်မှ အမေ အားရှိမှာ"

"ဆန်ပြုတ်သောက်လိုက်ပါအမေ။ အမေ့ကို ကျောက်ဖြူဆေးရုံပို့ဖို့ အကုန်လုံးစီစဉ်ထားပြီးပြီ။ ကျောက်ဖြူမြို့က ခရိုင်မြို့ကြီးဆိုတော့ ဆရာဝန်တွေ စုံတယ်။ မြို့ရောက်ရင် အမေ့ရောဂါ ကောင်းသွားမှာပါ"

ညီမလေးက ဆန်ပြုတ်တိုက်ပြီး ကျွန်တော် အမေ့ကို အားပေးစကားပြောလိုက်သည်။

"ဒီတစ်ခေါက် အမေ့ကို ကျောက်ဖြူမြို့ပို့ရင် သားလိုက်မှ ဖြစ်မှာနော်"

အဖေ့စကားကြောင့် ကျွန်တော် တစ်ချက်တွေသွားသည်။ ခံစားချက်တစ်ခု ရင်ထဲရောက်သွားပြီး လွန်ဆွဲမှုတစ်ခုအသွင် ချက်ချင်းပြောင်းလဲသွားသည်။ မျက်စိအောက်တွင် အလူးအလိမ့်ခံစားနေရသော ရောဂါသည်အမေ။ မြတ်ဆရာ ပညာမျှဝေမှုကိုငံ့လင့်နေကြသည့် ဆရာငတ်နေသော ကျေးလက်က ကျောင်းသားကလေးများ။

ကျောင်းဆရာဖြစ်ချင်တဲ့ဆန္ဒအပြည့်နဲ့ပညာရေး ခရီးလမ်းမှာ လျှောက်လှမ်းခဲ့သော်လည်း ကြိုးစားမှုနှင့်ရလဒ် သဟဇာတမဖြစ်သည့်အခါ မြတ်ဆရာ ပညာရေး ဥယျာဉ်မှူးဟူသည် ဖြစ်မလာခဲ့။ အနုတ်လက္ခဏာပြသကေ်ာတနဲ့ ကျောင်းတော်မြေကို ကျောခိုင်းခဲ့ရသည်။ ဟော မမျှော်လင့် မရည်ရွယ် မတွေးခေါ်မိဘဲ ကျောင်းဆရာဟု ပညတ်ခံခဲ့ရသည့် အဖြစ်ကလေးတစ်ခု နှလုံးသားထဲသို့ အက္ခရာ တင်လာသည့်အတွက် ပျော်မောခဲ့ရသည့်အဖြစ်သနစ် ရယ်လေ။

ကျောက်ဖြူဆိုတာခရိုင်မြို့ကြီး ခရိုင်ဆေးရုံကြီးမို့ ဆရာဝန်တွေစုံသည်။ အမေ့ ရောဂါလောက်တော့ ကောင်းကောင်းပျောက်အောင် ကုသနိုင်လိမ့်မည်။ ကိုယ်လိုက်ပါမသွားလျှင်လည်း ဆေးကုသပေးမည့် ဆရာဝန်ကရှိပြီးသား။ ရွာက ကလေးတွေမှာ ဆရာကြီး လစာသွားထုတ်တုန်း ကိုယ်မရှိလျှင် အတန်းအသီးသီးမှာ နောက်ကျနေသော ကျောင်းသင်ခန်းစာများကို ဝင်သင်ပြမည့်သူ မည်သူမျှရှိမှာမဟုတ်။ ကျောင်းသင်ခန်းစာများကို အချိန်နဲ့တစ်ပြေးညီမသင်နိုင်လျှင် ကလေးတွေအဆင့်မမီဘဲ အရည်အချင်းညံ့ရုံမက နဂိုအတိုင်း ဒုံရင်းပဲ ဖြစ်နေကြလိမ့်မည်။ မိမိကိုအားကိုးစိတ်အပြည့်နဲ့ မျှော်လင့်နေကြသော ကျောင်းသားမိဘ တောင်သူယာလုပ်ခားမခုတ်နှင့် ပင်လယ်ပြင် ရေလုပ်သား ကျောင်းသားမိဘများ။

"သား အဖေပြောတာ ကြားတယ်နော်"

ကျွန်တော် လေပူတစ်ချက် မှုတ်ထုတ်လိုက်သည်။ ကျွန်တော် ဟိုတွေးသည်တွေးနဲ့ စကားတစ်ခွန်း ထွက်သွားခဲ့ပေပြီ။

"သား လိုက်လို့မဖြစ်ဘူးထင်တယ် အဖေ"

"သား ဘာပြောတယ်"

"သား လိုက်လို့မဖြစ်နိုင်ဘူးထင်လို့ပါ အဖေရယ်၊ အဖေနဲ့ ညီမလေးပဲ လိုက်သွားလိုက်ကြပါ"

သားချစ်အဖေဆီက ဘာသံမျှတော့ ထွက်မလာခဲ့။ အဖေ့ဆီက သက်ပြင်းချသံတစ်ချက် ခပ်ကြမ်းကြမ်း ထွက်ပေါ်သွားသည်။

"သားရှင်းပြပါရစေ အဖေ။ မနက်ဖြန် ဆရာကြီး ဦးဘခင် လစာထုတ်သွားတော့မယ်၊ ဆရာကြီး လစာသွားထုတ်ရင် ၁၀ ရက် ၁၅ ရက်လောက် ကြာတတ်ပါတယ်၊ ကျောင်းမှာဆရာဆိုလို့ သားတစ်ယောက်တည်းကျန်မှာမို့လို့ပါ အဖေ၊ သူငယ်တန်းကနေ စတုတ္ထတန်းအထိ အတန်းစုံပြရမှာပါ၊ ဒါကြောင့် သားမလိုက်နိုင်လို့ ပြောတာပါအဖေ။ အမေက ကျောက်ဖြူမြို့ရောက်ရင် ဆရာဝန်ဆီ ဆေးကုသမှု ခံယူလိုက်ရင် ရောဂါပျောက်သွားမှာပါ"

အဖေ အမေ့ကို တစ်ချက်လှမ်းကြည့်ပြီး ရေနွေးကြမ်းတစ်ခွက်ကို ကောက်သောက်ပစ်လိုက်သည်။

● ● ● ● ● ● ●

ရခိုင်ဒေသ မိုးဦးကာလပီပီ မိုးသည် ဒုန်းရိုက်ဖြန်းဖြန်းရွာချ၏။ ပိုက်လှေကို ပေါင်းမိုးဆင်ပြီး အမေ့ကို စင်ကလေးထိုးပြီး တစ်စောင်းလှဲလျက်ပဲ လှေပေါ်တင်လာခဲ့သည်။ ကျွန်တော်နှင့် ညီမလေးက အမေ့အနားမှာ ခြေလက်တွေနှိပ်နယ်ပေးရင်း လိုက်ပါလာခဲ့သည်။ အဖေကပဲ့ကိုင်ပြီး ဆွေမျိုးနှစ်ယောက်က ခတ်တက်ခတ်ပေးကြသည်။

မြစ်ပြင်ကျယ်ကြီး ဖြတ်အကူးမှာ လေရောမိုးရော ကြမ်းလာရာ လှိုင်းများ၏ ကြမ်းတမ်းခက်ထန်မှုကို ကျွန်တော်တို့ မရှုမလှခံနေရပေတော့သည်။ လှိုင်းလုံးကြီးများ လှေကို မြှင့်တင်ယူဆောင်သွားလျှင် လှိုင်းထိပ်ဖျားသို့ရောက်သွားပြီး လှိုင်းလုံးကြီးလှေအောက်မှ ပြေးထွက်သွားပါက လှေမှာ ရေလှိုင်းအောက် ချိုင့်ဝှမ်းကြီးသို့ ကြွေဆင်းသွားရာ ဗိုင်းခနဲအသံကျယ်ကျယ်ကြီး မြည်ထွက်သွားတော့သည်။ လှိုင်းထိပ်ဖျားရောက်သွားချိန်မှာရော လှိုင်းလုံးကြီးများ ရေအောက်ချိုင့်ဝှမ်းသို့ ကြွေဆင်းသွားချိန်မှာရော နှလုံးသည်းပွတ် ကြွေလုမတတ်ခံစားကြရသည်။ ညီမလေးမှာ မျက်စိမျက်နှာ မကောင်းစွာနဲ့ အမေ့ကိုဖက်ထားသည်။

"အမေ"

"အမေ"

ကျွန်တော်ရော ညီမလေးပါ အမေ့ကို ညင်ညင်သာသာလေး ခေါ်ကြည့်ကြသည်။

"ဝေါ့"

ဟော အမေ အန်ပါလေပြီ။ အမေ့မှာ နဂိုကပင် ဝေဒနာကိုခံစားရင်း ခွန်အားဆုတ်ယုတ်နေရသည့်အထဲ လှိုင်းလုံးကြီးများ၏ မညှာမတာနှိပ်စက်ထားမှုကြောင့် အမေ လှိုင်းမူးပြီး အော့အန်ခဲ့ရလေပြီ။ ပေသုန်ကျွန်းမှ တုံးကျီကျွန်း သဘော်ဆိပ်ရှိရာသို့ မြစ်ပြင်ကျယ်ခရီးကြမ်းကို ဖြတ်သန်းပြီး သုံးနာရီနီးနီးခန့် လှော်ခတ်လာရသည်။ ပေသုန်ကျွန်းက မလာမီကပင် အမေ့အတွက် လှေပေါင်းမိုးကို လုံလုံခြုံခြုံ လုပ်ယူလာခဲ့သဖြင့် မိုးကြီးလေထန်လှိုင်းလေကြမ်းသော်လည်း အရမ်းကြီးရွှဲရွှဲစိုစိုဖြစ်မသွားလို့ တော်သေးသည်။ နံနက် ၁၁ နာရီမှာ ကျွန်တော်တို့လှေ တုံးကျီဆိပ်သို့ရောက်ရုံပဲရှိသေးသည် မြေပုံမြို့မှ ထွက်ခွာလာသောသဘော်သည် လူပျိုတောင်ရှည် တောင်တန်းဖျား မြစ်ပြင်စပ်က ထွက်လာလေပြီ။

**ဆက်လက်ဖော်ပြပါမည်။**

# ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ကြိုတင်ကာကွယ်ရေး အသိပညာပေးလုပ်ငန်းများဆောင်ရွက်



စေတုတ္တရာ စက်တင်ဘာ ၁၂

မကွေးတိုင်းဒေသကြီး စေတုတ္တရာမြို့နယ်၌ မိုးရာသီတွင် ဖြစ်ပွားလေ့ရှိသည့် ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ကြိုတင်ကာကွယ်ရေး အသိပညာပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာလ ၁၁ ရက်က ဌာနဆိုင်ရာမှ တာဝန်ရှိသူများပါဝင်သော ပူးပေါင်းအဖွဲ့က ရွှေပွင့်ဖြူယာဉ်လိုင်းဂိတ်ရှိ ခရီးသွားပြည်သူများနှင့် စေတုတ္တရာမြို့ မြို့မစည်ပင်သာယာဈေးသို့သွားရောက်ပြီး ဈေးသူ၊ ဈေးသားများနှင့် ဈေးဝယ်လာသူများကို အသိပညာပေး ဟောပြောကြောင်း သိရသည်။

ထိုသို့ အသိပညာပေးရာတွင် စေတုတ္တရာမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ကုသရေးနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမျိုးကိုကိုဇင်နှင့် ဌာနဆိုင်ရာမှ တာဝန်ရှိသူများပါဝင်သောပူးပေါင်းအဖွဲ့က ရွှေပွင့်ဖြူယာဉ်လိုင်းဂိတ်ရှိ ခရီးသွားပြည်သူများ၊ စေတုတ္တရာမြို့ မြို့မစည်ပင်သာယာဈေးသို့ သွားရောက်၍ ဈေးသူ၊ ဈေးသားများ၊ ဈေးဝယ်လာသူများနှင့်တွေ့ဆုံကာ မိုးရာသီတွင် ဖြစ်ပွားလေ့ရှိသည့် ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါမဖြစ်ပွားစေရေးအတွက် မသန့်ရှင်းသောရေနှင့် မသန့်ရှင်းသော အစားအစာများကို စားသောက်ခြင်းမှ ရှောင်ကြဉ်ရန်၊ ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားလေ့ရှိသည့် အချိန်ကာလနှင့် ရောဂါလက္ခဏာများအကြောင်းကို ဟောပြောသည်။

ထို့နောက် ဌာနဆိုင်ရာမှ တာဝန်ရှိသူများပါဝင်သောပူးပေါင်းအဖွဲ့က ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါလက္ခဏာများနှင့်ပတ်သက်သော အသိပညာပေးလက်ကမ်းစာစောင်များကို ဖြန့်ဝေပေးကြောင်း သိရသည်။

ဝင်းအိမွန်(ပြန်/ဆက်)

# ချောက်မြို့နယ်၌ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ပန်းရန်သင်တန်းဖွင့်



**ချောက် စက်တင်ဘာ ၁၂**

မကွေးတိုင်းဒေသကြီး ချောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု ပန်းရန်သင်တန်းဖွင့်ပွဲအခမ်း အနားကို စက်တင်ဘာလ ၁၁ ရက် နံနက်ပိုင်း တွင် ကျင်းပသည်။

ရှေးဦးစွာ ချောက်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူး ဒေါ်မေ သက်နိုင်က အမှာစကားပြောကြားပြီး ချောက် မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနဦးစီးမှူး ဦးအောင်ကြည်မြင့်က သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်နှင့် အကျိုး ကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် သင်တန်းနည်းပြဆရာက သင်တန်းတွင်သင်ကြားပို့ချမည့် ဘာသာရပ် များနှင့် သင်တန်းတက်ရောက်ရာတွင် လိုက်နာ ရမည့်စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်း ပြောကြားပြီး တာဝန်ရှိသူများက သင်တန်း သားများထံ သင်ထောက်ကူပစ္စည်းများ ပေးအပ် ကြသည်။

အဆိုပါ သင်တန်းသို့ သင်တန်းသား ၂၀ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ စက်တင်ဘာလ ၁၁ ရက်မှ ၂၅ ရက်အထိ ၁၅ ရက်ကြာ စာတွေ့လက်တွေ့ဖြင့် အခမဲ့သင်ကြား ပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။ **နော်လူး**

# မိတ္ထီလာမြို့နယ်၌ သတ်မှတ်လျာထားစိုက်ကေများပြည့်မီရေး တိုင်းဒေသကြီးအစီအစဉ်ဖြင့် ဝါမျိုးစေ့နှင့်နေကြာမျိုးစေ့များ အခမဲ့ပေးအပ်




**မိတ္ထီလာ စက်တင်ဘာ ၁၂**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်၌ သတ်မှတ်လျာထားစိုက်ကေများ ပြည့်မီရေး တိုင်းဒေသကြီးအစီအစဉ်ဖြင့် ဝါမျိုးစေ့နှင့် နေကြာမျိုးစေ့များ အခမဲ့ပေးအပ်ပွဲကို စက်တင်ဘာလ ၁၁ ရက်တွင် ပျော်ကုန်း ကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပသည်။

ဝါမျိုးစေ့နှင့် နေကြာမျိုးစေ့များ အခမဲ့ ပေးအပ်ပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်အောင်လေးနှင့် ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်စန္ဒာလင်းတို့က အမှာစကား များပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးသက်နိုင်အေးက ၂၀၂၄-၂၀၂၅ ခုနှစ် တွင် သတ်မှတ်လျာထားစိုက်ကေများပြည့်မီရေး တိုင်းဒေသကြီးအစီအစဉ်ဖြင့် ဝါမျိုးစေ့နှင့် နေကြာမျိုးစေ့များ ပေးအပ်ရခြင်းအကြောင်း ကို ရှင်းလင်းပြောကြားသည်။

ထို့နောက်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဇော်အောင်လေး၊ ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်စန္ဒာလင်းနှင့် မြို့နယ်စိုက်ပျိုးရေးဦးစီး ဌာန ဦးစီးမှူး ဦးသက်နိုင်အေးတို့က ဝါမျိုးစေ့ နှင့်နေကြာမျိုးစေ့များကို ပျော်ကုန်းကျေးရွာရှိ စိုက်ပျိုးရေးတောင်သူများထံ အသီးသီးပေး အပ်သည်။

၂၀၂၄-၂၀၂၅ ခုနှစ်တွင် သတ်မှတ်လျာထား စိုက်ပျိုးကေများပြည့်မီရေး တိုင်းဒေသကြီး အစီအစဉ်ဖြင့် မိတ္ထီလာမြို့နယ်အတွင်းရှိကျေးရွာ များမှ စိုက်ပျိုးရေးတောင်သူများအား တစ်ကေ လျှင် နှစ်ပိဿာအိတ် တစ်အိတ်နှုန်းဖြင့် ဝါစိုက်ကေ ၃၀၀ အတွက် ရွှေတောင်-၁၀ ဝါမျိုးစေ့ အိတ် ၃၀၀ နှင့် တစ်ကေလျှင် သုံးကီလိုအိတ် တစ်အိတ်နှုန်းဖြင့် နေကြာစိုက်ကေ ၅၀ အတွက် ရေဆင်း -၁ နေကြာမျိုးစေ့ အိတ် ၅၀ တို့ကို အခမဲ့ပေးအပ်ကြောင်း သိရသည်။

(ဇဝ၂)

# ကလေးခရိုင်၌ ကြက်သွန်နီ ၃၄၂၅ ကေစိုက်ပျိုးမည်

**ကလေး စက်တင်ဘာ ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင်၌ လာမည့် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ကြက်သွန်နီ ၃၄၂၅ ကေစိုက်ပျိုးမည်ဖြစ် ကြောင်း ကလေးခရိုင်စိုက်ပျိုးရေးဦးစီးဌာန စာရင်းများအရ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ကလေးခရိုင်၌ ကြက်သွန်နီစိုက်ပျိုးရန်အတွက် မြို့နယ်အလိုက်လျာထားမှုအနေဖြင့် ကလေး မြို့နယ်တွင် ၂၃၁၉ ကေ၊ ကလေးဝမြို့နယ်တွင် ၃၁၃ ကေနှင့်မင်းကင်းမြို့နယ်တွင် ၇၉၃ ကေ စုစုပေါင်း ၃၄၂၅ ကေတို့ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ကလေးခရိုင် ဆောင်းသီးနှံစိုက်ပျိုး ချိန်မှာ ကြက်သွန်နီကေ ၃၀၀၀ ကျော် စိုက်ပျိုး ဖို့အတွက် လျာထားပါတယ်။ လျာထားချက် ကေပြည့်မီစွာစိုက်ပျိုးနိုင်ရေးအတွက် ဆောင် ရွက်သွားမယ်။ ကြက်သွန်နီစိုက်ပျိုးမှုအနေနဲ့ ကတော့ ပုံမှန်အတိုင်းပါပဲ။ ကြက်သွန်နီ ဈေး ကွက်တွေ ဈေးကောင်းရဖို့လည်း ချိတ်ဆက် ဆောင်ရွက်ပေးတာတွေရှိတယ်" ဟု ကလေး ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးဦးအောင် က ပြောသည်။

ကလေးခရိုင်တွင် သက်ဆိုင်ရာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ကြက်သွန်နီ စိုက်တောင်သူများ ဈေးကောင်းရစေရန် ဈေးကွက်ချိတ်ဆက်မှုများ ဆောင်ရွက်ပေးခြင်း၊ ကြက်သွန်နီကို ကြာရှည်စွာအထားခံနိုင်ရန် နည်းပညာပေးခြင်း၊ GAP နည်းစနစ်ဖြင့် စိုက်ပျိုး နိုင်ရန်နှင့် အရည်အသွေးကောင်းမွန်သည့် ကြက်သွန်နီဖြစ်စေရန်အတွက် ကူညီပံ့ပိုးခြင်း များဆောင်ရွက်ပေးမည်ဖြစ်သည်။

စစ်ကိုင်းတိုင်းဒေသကြီးတွင် ကြက်သွန်နီ များ စိုက်ပျိုးကြပြီး ကြက်သွန်နီအများဆုံးစိုက် ပျိုးကြသည့်မြို့နယ်များမှာ မုံရွာ၊ ယင်းမာပင်၊ ချောင်းဦး၊ ရွှေဘိုနှင့် မြင်းမူမြို့နယ်တို့ဖြစ် ကြောင်း သိရသည်။

(၄၀၉)

# ကလေးသူငယ်ချန်မထား လူကုန်ကူးမှုတိုက်ဖျက်သွား

❖ လူအချင်းချင်း၊ လှည့်ပတ်ခြင်းမှ
ကင်းဝေးပါစေ၊ ဆုတောင်းနေလည်း
ငွေကြေးပြည့်ဝ၊ လူ့ဗာလတို့
အတ္တလွှမ်းကဲ၊ ရှိနေဆဲကြောင့်
ဆင်းရဲချို့တဲ့၊ ပညာမဲ့အား
လှည့်စားလိမ်ညာ၊ မုသာဝါနှင့်
ဖြစ်လာဆန်းထူး၊ လူကုန်ကူးမှု
ပြုမူလျက်ပင်၊ မည်းရိပ်ထင်သည်
လျင်မြန်ကာကွယ် ကြရမည်။

❖ လူကုန်ကူးမှု၊ တိုက်ဖျက်ပြုရန်
တွေးရှုလှုပ်ရှား၊ စုပေါင်းအားဖြင့်
လျာထားတိုက်ဖျက်၊ များဆောင်ရွက်က
ပျောက်ပျက်ရမည်၊ မှန်ပေသည်တည့်
မြန်ပြည်သိက္ခာ မြှင့်ရမည်။

❖ လူမှုဆင်းရဲ၊ ဂယက်ဝဲမှ
ရှောင်လွဲမသာ၊ ရှိနေရှာသည်
စာနာစိတ်ထား၊ တွေးခေါ်အားဖြင့်
သနားကြင်နာ၊ ကိုယ်ချင်းစာလျက်
ဘယ်မှာသတင်း၊ ကြားသိခြင်းက
ချက်ချင်းဆောင်လျက် ထမ်းရွက်စို့။

❖ လူနှင့်လူချင်း၊ စာနာကင်းကာ
ပြည်တွင်းပြည်ပ၊ ပို့ဆောင်ကြသည့်
ဗာလတစ်သိုက်၊ ထိုအမှိုက်ကို
ထိုက်သင့်ပြစ်ဒဏ်၊ ချမှတ်မှန်လည်း
ခံရသူမှာ၊ လွန်နစ်နာ၏
စိတ်မှာသောက၊ ဖြေမရပြီ
ဘဝနောင်ရေး၊ ရည်မြော်တွေးလျက်
**"ကလေးသူငယ် ချန်မထား**
**လူကုန်ကူးမှု တိုက်ဖျက်သွား"**
အမျိုးသားရေး တာဝန်များ။ ။

**အာကာမောင်မောင်**

## သဇင် (FM)အသံလွှင့်အစီအစဉ်

၁၃-၉-၂၀၂၄(သောကြာနေ့)

| | | | | | |
|---|---|---|---|---|---|
| ၁။ | ၀၈:၀၀ | For Youth | ၄။ | ၁၇:၀၀ | ထူးခြားထင်ရှားကမ္ဘာတစ်လွှား |
| ၂။ | ၁၀:၀၀ | သတင်း/သီချင်း | ၅။ | ၁၉:၀၀ | စစ်သည်ကဏ္ဍ |
| ၃။ | ၁၃:၀၀ | တိုင်းရင်းသားစကားပြောကြရအောင် | ၆။ | ၂၁:၂၀ | စာလာတယ်ဗျို့ |

# “နေပြည်တော်ကောင်စီနယ်မြေမှာရှိတဲ့ အဓိကရေလှောင်တမံကြီးတွေထဲက ပေါင်းလောင်း၊ ငလိုက်စတဲ့ တမံနှစ်ခုပဲ ရေကျော်တာရှိပါတယ်။ ကျန်တဲ့တမံတွေအနေနဲ့ ကန်ရေပြည့်အမှတ်ကိုတောင် မရောက်သေးတာ တွေ့ရပါတယ်။”

ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန
ညွှန်ကြားရေးမှူး ဦးကောင်းမြတ်သိန်း

လတ်တလောဖြစ်ပေါ်နေသည့် လေပွေလှိုင်းများ ဖြတ်သန်းရာဒေသများနှင့် မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် မိုးသည်းထန်စွာရွာသွန်းမှုများပြားခြင်း၊ ဆည်တာတမံများတွင် ရေဝင်ရောက်မှုများလာခြင်းတို့ကြောင့် သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်လာနိုင်ခြင်းအပေါ် သက်ဆိုင်ရာဌာနဆိုင်ရာများက အနီးကပ်စောင့်ကြည့်စီမံမှုများဆောင်ရွက်လျက်ရှိသည်။ ထို့အတူ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့် ဆည်တာတမံများအတွင်း ရေဝင်ရောက်မှု၊ ကြံ့ခိုင်မှုနှင့်အနီးကပ်စောင့်ကြည့်စီမံမှုများဆောင်ရွက်နေသည့် အခြေအနေနှင့်စပ်လျဉ်း၍ အဆိုပါဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးကောင်းမြတ်သိန်းနှင့် တွေ့ဆုံမေးမြန်းခဲ့သည်များကို ဖော်ပြအပ်ပါသည်–

**မေး။ လက်ရှိမှာ နေပြည်တော်ကောင်စီနယ်မြေအပါအဝင် နိုင်ငံအတွင်းက အချို့ မြို့၊ ရွာတွေမှာ ရေကြီးရေလျှံမှုတွေဖြစ်ပေါ်နေပါတယ်။ ရေကြီးရေလျှံမှုတွေနဲ့ဆက်စပ်ပြီး ဆည်တာတမံတွေရဲ့ အခြေအနေကိုပါ ပြည်သူတွေက စိုးရိမ်နေကြတာရှိပါတယ်။ ဒါကြောင့် လက်ရှိ ရေကြီးရေလျှံမှု ဖြစ်ပေါ်ရာ ဒေသတွေကဆည်တာတမံတွေရဲ့ အခြေအနေတွေကို ပြည်သူတွေ သိရှိအောင် ပြောပြပေးပါ။**

**ဖြေ။** ပြည်ထောင်စုနယ်မြေ နေပြည်တော်အပါအဝင် မန္တလေးတိုင်းဒေသကြီး၊ အခြားတိုင်းဒေသကြီးနဲ့ပြည်နယ်တွေမှာ ရေကြီးရေလျှံမှုတွေ ဖြစ်ပေါ်နေပါတယ်။ ဖြစ်ရတဲ့ အဓိကအကြောင်းရင်းကတော့ ဒီလ စက်တင်ဘာလ ၇ ရက်မှာ ဗီယက်နမ်ကမ်းခြေကို ဖြတ်ကျော်ဝင်ရောက်ခဲ့တဲ့ ရာဂိမုန်တိုင်းအရှိန်ကြောင့် ဖြစ်ပေါ်လာတဲ့ လေပွေလှိုင်းတွေရဲ့ အကျိုးသက်ရောက်မှုနဲ့ မိုးရေချိန် လက်မများစွာ ရွာသွန်းခဲ့လို့ ဖြစ်ပါတယ်။

နေပြည်တော်ကောင်စီနယ်မြေမှာရှိတဲ့ အဓိကရေလှောင်တမံကြီးတွေထဲက ပေါင်းလောင်း၊ ငလိုက်စတဲ့တမံနှစ်ခုပဲ ရေကျော်တာရှိပါတယ်။ ကျန်တဲ့တမံတွေအနေနဲ့ ကန်ရေပြည့် အမှတ်ကိုတောင် မရောက်သေးတာတွေ့ရပါတယ်။ နေပြည်တော်ဧရိယာအတွင်းက ချောင်းတွေကို ရှမ်းကုန်းပြင်မြင့်က စပြီးစီးဆင်းတဲ့ ချောင်းတွေနဲ့ အလယ်ရိုးမကို အခြေခံတဲ့ချောင်းတွေဆိုပြီး ခွဲခြားနိုင်ပါတယ်။ အခုလက်ရှိ မိုးရွာသွန်းခဲ့တာက ရှမ်းကုန်းပြင်မြင့်ကို အခြေခံပြီး စံချိန်တင်မိုးရေချိန်တွေ ရွာသွန်းခဲ့တာကြောင့် အဲဒီက စီးဆင်းလာတဲ့ရေတွေဟာ နဝင်းချောင်း၊ မုန်ချောင်း၊ ကင်းသာချောင်းကစုစည်းပြီး ဆင်သေချောင်းက တစ်ဆင့် နောက်ဆုံး ပေါင်းလောင်းချောင်းထဲကို အရှိန်အဟုန်နဲ့ စီးဆင်းလာခဲ့လို့ ချောင်းရေတွေ ရုတ်တရက် မြင့်တက်ပြီး ရေကြီးရေလျှံတာတွေဖြစ်တာဖြစ်ပါတယ်။ အဓိကကတော့ နဝင်းချောင်းနဲ့ ဆင်သေချောင်းက စီးလာတဲ့ရေတွေကြောင့်ပဲ ဖြစ်ပါတယ်။ ဆင်သေချောင်း ရေကြီးလို့ တပ်ကုန်းနဲ့ နေပြည်တော်ထဲက အချို့ ရပ်ကွက်တွေထဲကို ရေဝင်ရောက်မှုတွေ ဖြစ်ပေါ်ခဲ့တာဖြစ်ပါတယ်။

ဒါပေမဲ့ ဆင်သေချောင်းပေါ်မှာ တည်ဆောက်ထားတဲ့ ဆင်သေဆည်ကတော့ ရေပြည့်ဖို့ ၁၂ ပေတောင်လိုနေပါသေးတယ်။ အလားတူ ရေဆင်း၊ ချောင်းမငယ်၊ မဒန်းစတဲ့ တမံတွေဟာလည်း ရေပြည့်ဖို့လိုနေပါသေးတယ်။

ပေါင်းလောင်းရေလှောင်တမံအနေနဲ့ လက်ရှိမှာ ရေပိုလွှဲက ၁၁ ဒသမ ၅ ပေလောက် ရေကျော် စီးဆင်းနေပြီး ပေါင်းလောင်းချောင်းထဲကို ဝင်ရောက်နေပါတယ်။ ဒ့ါအပြင် ဆင်သေချောင်းရေဟာလည်း ပေါင်းလောင်းချောင်းထဲကို စီးဝင်နေတာဖြစ်ပါတယ်။ ဒါကြောင့် အဲဒီရေတွေပေါင်းပြီး ပေါင်းလောင်းချောင်းရေမြင့်တက်လာကာ ပေါင်းလောင်းရေလွှဲဆည်မှာ ၁၁ ပေ လောက်ရေကျော် စီးဆင်းနေတာဖြစ်ပါတယ်။ အဲဒီရေတွေဟာ ဆက်လက်စီးဆင်းပြီး တောင်ငူမြို့ကို မကြာခင်ရောက်ရှိသွားမှာဖြစ်ပါတယ်။ ဒါကြောင့် စစ်တောင်းမြစ်ရေဟာ မြင့်တက်လာနိုင်တဲ့အတွက် ဒေသခံပြည်သူတွေကို ကြိုတင်အသိပေးကြေညာထားပြီး ရေဘေးကာကွယ်ရေးလုပ်ငန်းတွေကို အချိန်နဲ့တစ်ပြေးညီ ဆောင်ရွက်လျက်ရှိပါတယ်။

အလားတူပါပဲ နေပြည်တော်နဲ့ ကပ်လျက်ရှိတဲ့ မန္တလေးတိုင်းဒေသကြီးထဲက ရမည်းသင်း၊ ပျော်ဘွယ် စတဲ့ဒေသတွေမှာလည်း အရှေ့ဘက်မှာရှိတဲ့ ရှမ်းကုန်းပြင်မြင့်ဧရိယာမှာ စံချိန်တင်မိုးရေချိန်တွေရွာခဲ့လို့ ရေတွေအလုံးအရင်းနဲ့စီးဆင်းလာပြီး ဒေသမှာရှိတဲ့ ဆည်ငယ်၊ ကန်ငယ်တွေထဲကိုစီးဝင်ပြီး တာပေါ်ပေါ်ရေကျော်တာတွေ၊ ရေတိုက်စားတာတွေဖြစ်ခဲ့ပါတယ်။ အဲဒီရေတွေဟာနေပြည်တော်ထဲကိုစီးတဲ့ နဝင်းချောင်းထဲကို ရောက်တာရှိသလို မိတ္ထီလာလွင်ပြင်ထဲက စမုံမြစ်ထဲကို စီးဆင်းသွားတာရှိပါတယ်။ ဒီဒေသတွေမှာ တစ်နှစ်ပျမ်းမျှရွာတဲ့ မိုးရေချိန်က လက်မ ၃၀ ပတ်ဝန်းကျင်ပဲရှိပါတယ်။ အခုလိုမျိုး တစ်ရက်ထဲမှာ ၁၀ လက်မကျော် ၁ ပေနီးပါးလောက် ရွာတဲ့အခါမှာ ပုံမှန်စီးဆင်းနေတဲ့ ချောင်းတွေဟာ ရုတ်တရက် ဝင်လာတဲ့ ရေတွေကိုကောင်းကောင်း မသယ်နိုင်တော့ဘဲ ရေကြီးရေလျှံတာတွေ၊ အနိမ့်ပိုင်းနေရာတွေကိုဝင်တာတွေ ဖြစ်ပေါ်လာပါတယ်။ ထိခိုက်ပျက်စီးမှု



တွေကို ဖြစ်ပေါ်စေပါတယ်။ ဒါကြောင့် အဲဒီဒေသတွေမှာ မကြုံစဖူး ရုတ်တရက် ရေကြီးတာတွေ ဖြစ်ခဲ့တာဖြစ်ပါတယ်။

အဲဒီလိုပဲ ရှမ်းကုန်းပြင်မြင့်က စီးဆင်းလာတဲ့ ဇော်ဂျီမြစ်ရေဟာ အချိန်တိုအတွင်း မြင့်တက်လာတဲ့အတွက် ကျောက်ဆည်မြို့အပါအဝင် မြစ်ဘေးဝန်းကျင်မှာရှိတဲ့ ဒေသတွေ ရေကြီးရေလျှံမှုဒဏ်ကို ခံစားခဲ့ရပါတယ်။

**မေး။ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနအနေနဲ့ လက်ရှိ ဆည်တွေနဲ့ ပတ်သက်ပြီး ဆောင်ရွက်နေတာတွေကိုလည်း သိပါရစေ။**

**ဖြေ။** ကျွန်တော်တို့ဌာနအနေနဲ့ မိုးလေဝသ သတင်းတွေအရ ရာဂိမုန်တိုင်း အရှိန်ကြောင့် မိုးများမယ်၊ ရေဝင်ရောက်မှုများမယ်လို့ ခန့်မှန်းရရှိတဲ့အတွက် ဌာနဝန်ထမ်းတွေကို ကြိုတင်အသိပေးတာတွေ၊ စဉ်ဆက်မပြတ်စောင့်ကြည့်သတင်းပေးပို့ဖို့၊ ဆက်စပ်ဌာနတွေနဲ့ပူးပေါင်းပြီး သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး လုပ်ငန်းတွေကိုလုပ်ဖို့ ညွှန်ကြားတာတွေ ဆောင်ရွက်သလို ရေဝင်ရောက်မှုတွေကို စောင့်ကြည့်စီမံတာတွေကို ဆောင်ရွက်ခဲ့ပါတယ်။ ရေလှောင်တမံတွေမှာလည်း ဝန်ထမ်းတွေကို နေ့ညတာဝန်ချထားတာတွေဆောင်ရွက်သလို အရေးပေါ်အခြေအနေ စီမံခန့်ခွဲမှုစီမံချက်ပါ လုပ်ငန်းစဉ်များအတိုင်း ဆောင်ရွက်တာတွေလုပ်ခဲ့ပါတယ်။

ကျောက်ဆည်၊ မြစ်သားစတဲ့ဒေသတွေမှာလည်း ဇော်ဂျီမြစ်ရေ မြင့်တက်လာနိုင်တဲ့ အခြေအနေတွေရှိလို့ သက်ဆိုင်ရာ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီတွေနဲ့ပူးပေါင်းပြီး ဒေသခံတွေကို ကြိုတင်အသိပေးကြေညာတာတွေဆောင်ရွက်ခဲ့ပါတယ်။

**မေး။ လက်ရှိမှာ ဆည်တာတမံတွေမှာ ရေသိုလှောင်မှတ်ကျော်လွန်ပြီး သတိပြုရမယ့်အခြေအနေရှိရင်လည်း သိပါရစေ။ ပြီးတော့ တချို့ဆည်တာတမံတွေမှာ ရေပိုလွှဲကရေကျတာကို ဆည်ကျိုးတာနဲ့ မှားယွင်းပြီး စိုးရိမ်နေတာလည်း ရှိပါတယ်။ ဒီအပေါ်မှာလည်း ပြည်သူတွေ သိရှိအောင် ပြောပြပေးပါ။**

**ဖြေ။** လက်ရှိမှာ ရေပိုလွှဲက ရေကျော်စီးဆင်းနေတဲ့ ရေလှောင်တမံ ၆၃ ခု ရှိပါတယ်။ ဒီနေရာမှာ ရှင်းပြချင်တာက ရေလှောင်တမံတွေမှာ ကန်ရေပြည့်အမှတ်ဆိုတာရှိပါတယ်။ အဲဒီကန်ရေပြည့်အမှတ်ကိုကျော်ပြီး ရေစီးဝင်လာတဲ့အခါ ရေပိုလွှဲကနေစီးထွက်ပြီး မူလချောင်းထဲကို ပြန်ရောက်သွားတာဖြစ်ပါတယ်။ အဲဒီလို ရေပိုလွှဲက ရေကျော်စီးဆင်းပြီး မူလချောင်းထဲကို ပြန်စီးဝင်နေတဲ့ ရေလှောင်တမံ ၆၃ ခု ရှိတယ်လို့ ဆိုလိုတာဖြစ်ပါတယ်။

အဲဒီလို ရေကျော်စီးဆင်းတဲ့အခါ ကျွန်တော်တို့ရဲ့ အရေးပေါ်အခြေအနေ စီမံခန့်ခွဲမှုစီမံချက်အရ ရေပိုလွှဲက ရေကျော်တာနဲ့ အရေးပေါ်အခြေအနေ အဆင့် (၁) အဖြစ်သတ်မှတ်ပြီး အစိမ်းရောင်အလံကို ရေလှောင်တမံနဲ့ တမံအောက်က ဆက်စပ်တည်ရှိတဲ့ ကျေးရွာတွေမှာ စိုက်ထူပြီး ဒေသခံပြည်သူများ သိရှိနိုင်အောင် အသိပေးပါတယ်၊ ဒီအခြေအနေမှာ ဒေသခံတွေအနေနဲ့ စိုးရိမ်ဖို့မရှိပါဘူး။ ရေပိုလွှဲက ရေကျော်ပြီဆိုတာကို သိရှိနိုင်အောင် ဆောင်ရွက်တာဖြစ်ပါတယ်။ အဲဒီလို အခြေအနေကနေ ရေမှတ်ထပ်တက်လာပြီး ရေလှောင်တမံရဲ့ ရေကြီးမှတ်ကို ရောက်တဲ့အခါ အရေးပေါ်အခြေအနေ အဆင့် (၂) အဖြစ်သတ်မှတ်ပြီး အဝါရောင်အလံကို လွှင့်ထူပါတယ်။ ရေကြီးမှတ်ဆိုတာက ရေပိုလွှဲကို တည်ဆောက်စဉ်က အများဆုံးလာနိုင်မယ်လို့ တွက်ချက်ထားတဲ့ဒီဇိုင်းအရ ရောက်နိုင်တဲ့ ရေအမှတ်ကို ဆိုလိုတာပါ။ ဒီအခြေအနေမှာတော့ ဒေသခံပြည်သူတွေအနေနဲ့ သတိနဲ့စောင့်ကြည့်ဖို့လိုတဲ့ အခြေအနေဖြစ်ပါတယ်။

အဲဒီကနေတစ်ဆင့်တက်ပြီး တမံထိပ်ပြင်ကို ရေကျော်နိုင်တဲ့အခြေအနေ ဖြစ်လာတဲ့အခါ တမံကျိုးပေါက်နိုင်တဲ့ အခြေအနေရှိလို့ အရေးပေါ်ရွှေ့ပြောင်းတာတွေ လုပ်ဆောင်နိုင်အောင် အနီရောင်အလံကို အရေးပေါ်အခြေအနေအဆင့် (၃)အဖြစ် စိုက်ထူအသိပေးပါတယ်။ သက်ဆိုင်ရာ အုပ်ချုပ်ရေးမှူးတွေကနေ တစ်ဆင့် အသိပေးပါတယ်။

ဒါကြောင့် ရေကျော်စီးဆင်းနေတဲ့ တမံတွေမှာ အရေးပေါ်အခြေအနေ အဆင့် (၁)အနေနဲ့ အစိမ်းရောင်အလံများ လွှင့်ထူထားပါကြောင်း အသိပေးလိုပါတယ်။ အဝါရောင်အလံ စိုက်ထူထားတဲ့ တမံမရှိသေးပါကြောင်းကိုလည်း အသိပေးလိုပါတယ်။

**မေး။ ပြည်သူတွေသိရှိအောင် ဖြည့်စွက်ပြောကြားချင်တာရှိရင်လည်း ပြောပြပေးပါ။**

**ဖြေ။** လက်ရှိအခြေအနေမှာ ဇော်ဂျီမြစ်ရဲ့အဖျားပိုင်းမှာ မိုးနည်းလာပြီး မြို့ကြီးရေလွှဲဆည်မှာလည်း ရေလျော့ကျလာတာကို တွေ့ရပါတယ်။ ဒါပေမဲ့ စမုံမြစ်နဲ့ ပန်းလောင်မြစ်ရေတွေက ဇော်ဂျီမြစ်ထဲကို စီးဆင်းနေပြီး ကျောက်ဆည်မြို့ အောက်ပိုင်းမှာ ရေတောင့်နေတဲ့အတွက် မြို့ပတ်ဝန်းကျင်မှာတော့ ရေမလျော့သေးပါဘူး။ မြစ်အထက်ပိုင်းမှာရှိတဲ့ ရေလှောင်တမံတွေကလည်း ရေကျော်စီးဆင်းမှုလျော့ကျလာတဲ့အတွက် တစ်စုံတစ်ရာစိုးရိမ်ဖို့မရှိကြောင်း ပြောလိုပါတယ်။

ပေါင်းလောင်းမြစ်အနေနဲ့ကတော့ ဆင်သေချောင်းရေနဲ့ ပေါင်းလောင်းချောင်းရေတွေ ပေါင်းပြီးစီးဆင်းနေလို့ ပေါင်းလောင်းရေလွှဲဆည်မှာ စံချိန်တင်ရေအမှတ်ကိုရောက်ခဲ့ပြီး လက်ရှိမှာတော့ ရေပြန်ကျနေပါတယ်။ ဒါပေမဲ့ ဒီရေတွေဟာ အောက်ဘက်ကို ဆက်စီးသွားပြီး တောင်ငူမြို့ကို ရောက်ရှိမှာဖြစ်ပါတယ်။ တောင်ငူမြို့မှာလည်း စစ်တောင်းမြစ်ရေဟာ မြင့်တက်နေတဲ့အတွက် လတ်တလောအနေနဲ့ ရေလျော့ကျဖို့ မရှိသေးကြောင်းနဲ့ ဒေသခံများအနေနဲ့ သက်ဆိုင်ရာအဖွဲ့အစည်းတွေရဲ့ ထုတ်ပြန်ချက်တွေကို စောင့်ကြည့်ပြီးလိုက်နာဆောင်ရွက်ကြဖို့ အသိပေးပြောကြားလိုပါတယ်။

မင်းဟန်

# BRICS Media Summit တက်ရောက်ရန် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့်အဖွဲ့ ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ထွက်ခွာ



ရန်ကုန် စက်တင်ဘာ ၁၂

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့၌ကျင်းပမည့် BRICS Media Summit သို့ တက်ရောက်ရန် ယနေ့ ညနေပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားကြသည်။

ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့်အဖွဲ့အား မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Iskander Azizov နှင့် တာဝန်ရှိသူများ၊ ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

အဆိုပါ BRICS အဖွဲ့အစည်း အမည်ကို ဘရာဇီး၊ ရုရှား၊ အိန္ဒိယ၊ တရုတ်နှင့် တောင်အာဖရိကနိုင်ငံများ၏ ထိပ်စီးစာလုံးများဖြင့်ပေါင်းစပ်၍ ၂၀၀၉ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့သည့် အစိုးရအဖွဲ့အချင်းချင်း ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ အဖွဲ့အစည်းဖြစ်သည်။

၂၀၂၄ ခုနှစ်တွင် အီရန်၊ အီဂျစ်၊ အီသီယိုးပီးယားနှင့် အာရပ်စော်ဘွားများ ပြည်ထောင်စုနိုင်ငံတို့ ထပ်မံပါဝင်ခဲ့သဖြင့် အဖွဲ့ဝင်ကိုးနိုင်ငံရှိလာသည့်အပြင် ဆော်ဒီအာရေဗျနိုင်ငံမှာ ဖွဲ့စည်းမှုတွင်ပါဝင်ခြင်း မရှိသေးသော်လည်း ပူးပေါင်းလှုပ်ရှားလျက်ရှိသည်။

BRICS ထိပ်သီးအစည်းအဝေးများကို အဖွဲ့ဝင်နိုင်ငံများက နှစ်စဉ်အိမ်ရှင်အလှည့်ကျစနစ်ဖြင့် ကျင်းပလျက်ရှိရာ ယခုနှစ် အောက်တိုဘာလတွင် ရုရှားနိုင်ငံ ကဇန်ဒေသ၌ (၁၆)ကြိမ်မြောက် BRICS ထိပ်သီးညီလာခံကို လက်ရှိအဖွဲ့အစည်းဥက္ကဋ္ဌ ရုရှားသမ္မတ ဗလာဒီမာပူတင်ဦးဆောင်၍ ကျင်းပမည်ဖြစ်ကြောင်းသိရသည်။

BRICS အဖွဲ့အနေဖြင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခွင့်အလမ်းများ အသားပေးလုပ်ဆောင်ရန်ရည်ရွယ်၍ မူလကဖွဲ့စည်းခဲ့ခြင်းဖြစ်သော်လည်း နှစ်စဉ်ကျင်းပခဲ့သည့် ညီလာခံများ၌ နိုင်ငံစုံမူဝါဒများ ညှိနှိုင်းဆွေးနွေးဆောင်ရွက်ခြင်းဖြင့် ပထဝီဝင်နိုင်ငံရေးအုပ်စုအဖြစ် ပြောင်းလဲလာပြီး ငြိမ်းချမ်းရေး၊ လုံခြုံရေး၊ ဖွံ့ဖြိုးတိုးတက်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်လုပ်ဆောင်ရန် ဦးတည်ဆောင်ရွက်လျက်ရှိသည်။

ထို့အတူ BRICS မီဒီယာထိပ်သီးအစည်းအဝေးများကို BRICS နိုင်ငံများအကြား သတင်းအချက်အလက် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နည်းပညာကဏ္ဍမြှင့်တင်နိုင်ရေး ကဏ္ဍစုံမှ ကျွမ်းကျင်သူများဖြင့် နှစ်စဉ်ဆွေးနွေးနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိရာ ယခုနှစ်အစည်းအဝေးကို ရုရှားနိုင်ငံ မော်စကိုမြို့ရှိ World Trade Center တွင် ၂၀၂၄ ခုနှစ် စက်တင်ဘာလ ၁၃ ရက်မှ ၁၇ ရက်အထိ ရုရှားသတင်းအေဂျင်စီ (TASS) မှ တာဝန်ခံကျင်းပမည်ဖြစ်သည်။

ယင်းအစည်းအဝေးသို့ BRICS အဖွဲ့ဝင်နိုင်ငံများမှ ထိပ်တန်းမီဒီယာအဖွဲ့အစည်းများမှ အကြီးအကဲများအပြင် BRICS နှင့် ပူးပေါင်းဆောင်ရွက်မှုတိုးချဲ့ရန်စိတ်ဝင်စားသည့်နိုင်ငံများမှ မီဒီယာများ တက်ရောက်ကြမည်ဖြစ်ကြောင်း သိရသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အတူ ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်၊ ဦးသက်ဆွေနှင့် ညွှန်ကြားရေးမှူး ဦးဟန်ဝင်းအောင်တို့ လိုက်ပါသွားကြကြောင်း သိရသည်။

(သတင်းစဉ်)

# ရေခဲမုန့်အမျိုးမျိုးထုတ်လုပ်မှုနည်းပညာသင်တန်းနှင့် သီးနှံအခြေခံတန်ဖိုးမြှင့် စားသောက်ကုန်ထုတ်လုပ်မှုနည်းပညာသင်တန်းဖွင့်ပွဲကျင်းပ



နေပြည်တော် စက်တင်ဘာ ၁၂

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးရေးစီမံကိန်းလုပ်ငန်းဖြင့် ဆောင်ရွက်မည့် ရေခဲမုန့်အမျိုးမျိုး ထုတ်လုပ်မှုနည်းပညာသင်တန်းနှင့် သီးနှံအခြေခံတန်ဖိုးမြှင့် စားသောက်ကုန်ထုတ်လုပ်မှုနည်းပညာ သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ပုဗ္ဗသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ သက်ဆိုင်ရာတာဝန်ရှိသူများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသားများ တက်ရောက်ကြသည်။

ဦးစွာပြည်ထောင်စုဝန်ကြီးက အသေးစားကုန်ထုတ်လုပ်ငန်းများဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးရေးစီမံကိန်းများကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း ပြည်ထောင်စုနယ်မြေအပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ်များရှိ ကျေးရွာ ၁၅၁ ရွာတွင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြောင်း၊ ယခု ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း ကျေးရွာပေါင်း ၂၂၁ ရွာတွင် ယခင်နှစ်ကထက် တိုးချဲ့အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားပြီး တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

အဆိုပါ ရေခဲမုန့်အမျိုးမျိုးထုတ်လုပ်မှုနည်းပညာသင်တန်းနှင့် သီးနှံအခြေခံတန်ဖိုးမြှင့် စားသောက်ကုန်ထုတ်လုပ်မှုနည်းပညာသင်တန်းကို သင်တန်းသား ၃၀ တက်ရောက်ပြီး သက်ဆိုင်ရာကျေးရွာများတွင် ကိုယ်ပိုင်လုပ်ငန်းထူထောင်နိုင်သည်အထိ စာတွေ့၊ လက်တွေ့သင်ကြားပေးသွားမည်ဖြစ်ကာ အမှန်တကယ်လုပ်ငန်းထူထောင်မည့်ထူးချွန်သင်တန်းသားငါးဦးကို သတ်မှတ်ချက်များနှင့်အညီရွေးချယ်ပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းသုံးပစ္စည်းများ သုံးစွဲခွင့်ပေးသွားမည်ဖြစ်ကြောင်းသိရသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားမြို့နယ် သမဝါယမအသင်းစုပိုင် ဘက်စုံသုံးခြံ၌ ဘက်စုံခြံအတွင်း မိုးစပါးစိုက်ပျိုးထားရှိမှုနှင့် အသားတိုးကြက်မွေးမြူထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက တိရစ္ဆာန်ရောဂါများ မကျရောက်စေရေး၊ ကြီးထွားမှုနှုန်းများကောင်းမွန်စေရေးနှင့် မိုးစပါးစိုက်ပျိုးရေးလုပ်ငန်းများ အထွက်နှုန်းကောင်းမွန်စေရေး သတ်မှတ်ထားသည့် လုပ်ငန်းစဉ်များအတိုင်း ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(၅၀၀)

# ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ လူမှုဝန်ထမ်းနှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာလုပ်ငန်းဆပ်ကော်မတီအစည်းအဝေးကျင်းပ



နေပြည်တော် စက်တင်ဘာ ၁၂

ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ လူမှုဝန်ထမ်းနှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာလုပ်ငန်းဆပ်ကော်မတီ၏ (၂/၂၀၂၄) အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရုံးအမှတ် (၃၆-ခ) အစည်းအဝေးခန်းမ(၁)၌ ကျင်းပရာ ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ လူမှုဝန်ထမ်းနှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာလုပ်ငန်းဆပ်ကော်မတီဥက္ကဋ္ဌ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုး၊ ဌာနဆိုင်ရာအကြီးအကဲများ၊ လုပ်ငန်းဆပ်ကော်မတီအဖွဲ့ဝင်များ တက်ရောက်ကြပြီး ပြည်နယ်နှင့်တိုင်းဒေသကြီး လုပ်ငန်းဆပ်ကော်မတီ အတွင်းရေးမှူးများက Online ဖြင့် တက်ရောက်ကြသည်။

ထို့နောက် လုပ်ငန်းဆပ်ကော်မတီဝင်များက သက်ဆိုင်ရာကဏ္ဍများအလိုက် ရှင်းလင်းဆွေးနွေးကြပြီး ဒုတိယဝန်ကြီးက လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးသည် တာဝန်ရှိသူများနှင့်အတူ နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ်သို့ သွားရောက်၍ စစ်တောင်းမြစ်ရေမြင့်တက်မှုကြောင့် ကွမ်းခြံစိုက်ပျိုးရေးနှင့် အထွေထွေစီးပွားရေးသမဝါယမအသင်း၏ မိုးစပါးစိုက်ဧက ၁၁၉ ဧက ရေကြီးနစ်မြုပ်နေမှုနှင့် အလယ်ကျွန်း၊ ပေါက်မြိုင်၊ အောင်သုခ၊ ရှမ်းရွာ၊ ဗိုလ်ကတော်၊ ဇီးဖြူတန်းကျေးရွာ ခြောက်ရွာမှ အသင်းသားတောင်သူများ၏ မိုးစပါးစိုက်ဧက စုစုပေါင်း ၈၄၅ ဧက ရေကြီးနစ်မြုပ်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး အသင်းသားတောင်သူများနှင့်တွေ့ဆုံကာ ရေကျချိန်အပေါ်မူတည်၍ လိုအပ်သည့် အကူအညီများ ပေးနိုင်ရေး ညှိနှိုင်းဆွေးနွေး မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် နေပြည်တော်ကောင်စီ၏ ကြီးကြပ်လမ်းညွှန်မှုဖြင့် ကွမ်းခြံရွာ၊ လက်ပံကုန်းရွာတို့မှ ရေဘေးဒုက္ခသည်များအား ကူညီကယ်ဆယ်ရေးဆောင်ရွက်ပေးနေမှုကို ကြည့်ရှုအားပေး၍ ရေဘေးဒုက္ခသည်များ ယာယီထားရှိမည့် သရက်တောဘုန်းကြီးကျောင်းတိုက်နှင့် ဂိုင်းတောင်ဘုန်းကြီးကျောင်းများ၌ လိုအပ်သည်များကို ကူညီပေးနိုင်ရေး တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(၅၀၀)

# အမှတ်(၈) အထည်စက်ရုံခွဲ (ရမည်းသင်း) နှင့် အမှတ်(၈) အထည်စက်ရုံ (ပျော်ဘွယ်)တို့သို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း ကွင်းဆင်းကြည့်ရှုစစ်ဆေး



နေပြည်တော် စက်တင်ဘာ ၁၂

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် ယနေ့မွန်းလွဲပိုင်းတွင်မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့ရှိအမှတ်(၈) အထည်စက်ရုံခွဲ (ရမည်းသင်း) သို့ ရောက်ရှိပြီး မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် စက်ရုံအတွင်းသို့ ရေဝင်ရောက်ခဲ့မှု အခြေအနေ၊ ကုန်ချော၊ ကုန်ကြမ်းပစ္စည်းများ ပျက်စီးမှုမရှိစေရေးဆောင်ရွက်ထားရှိမှု၊ ရေဝင်ရောက်မှုကြောင့် စက်ပစ္စည်းများ ပျက်စီးမှုမရှိစေရေး ဆောင်ရွက်ထားရှိမှု၊ ကျန်းမာရေးဝန်ကြီးဌာနမှ မှာယူထားသည့် မွေ့ရာ၊ အိပ်ရာခင်း၊ ခေါင်းအုံးများ ချုပ်လုပ်နေမှု၊ ဝန်ကြီးဌာနများ၏ တူညီဝတ်စုံများ ချုပ်လုပ်နိုင်ရေးအတွက် ပိတ်များ ရက်လုပ်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ကြည့်ရှုစဉ်ပြည်ထောင်စုဝန်ကြီးက သဘာဝဘေးအန္တရာယ် ဖြစ်ပွားနေစဉ် ကာလအတွင်း အရေးပေါ်ဆောင်ရွက်ရမည့် ကိစ္စရပ်များနှင့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပွားပြီးနောက်ပြန်လည်ပြုပြင်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် ကြိုတင်စုဖွဲ့စီမံဆောင်ရွက်ထားရမည်ဖြစ်ကြောင်း မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ပျော်ဘွယ်မြို့ရှိ အမှတ်(၈)အထည်စက်ရုံ (ပျော်ဘွယ်)သို့ရောက်ရှိပြီး စက်ရုံ၌ တပ်ဆင်ထားရှိသည့် စက်ပစ္စည်းများအခြေအနေ၊ ကုန်ကြမ်း၊ ကုန်ချောသိုလှောင်ထားရှိမှု အခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး စက်ရုံမှထုတ်လုပ်သော ချည်များ၏ အရည်အသွေးတိုးတက်ကောင်းမွန်စေရေးအတွက်ပြုပြင်လဲလှယ်တပ်ဆင်ရမည့် စက်ပစ္စည်းအစိတ်အပိုင်းများစာရင်းပြုစုထားရန်၊ ယခုရက်ပိုင်းတွင် မိုးအဆက်မပြတ်ရွာသွန်းနေသည့်အတွက် စက်ရုံရှိ စက်ပစ္စည်းများ၊ ကုန်ကြမ်း၊ ကုန်ချောများ ပျက်စီးဆုံးရှုံးမှုမရှိစေရေး ကြိုတင်ကာကွယ်ရေးလုပ်ငန်းစဉ်များကို ပြည့်ပြည့်ဝဝဆောင်ရွက်ထားရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၀)

# ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း ရေဘေးရှောင်စခန်းများ၌ ကျန်းမာရေးစောင့်ရှောက်ပေးနေမှု ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း ကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၁၂

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းသည် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမြတ်ဝဏ္ဏစိုး၊ တာဝန်ရှိသူများနှင့်အတူ ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ ရေဘေးရှောင်စခန်းများတွင် ကျန်းမာရေးစောင့်ရှောက်မှုများ ပေးအပ်နေမှု ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပျဉ်းမနားမြို့နယ် မင်္ဂလာဇမ္ဗူဟာခန်းမ ရေဘေးရှောင်စခန်း၊ သပြေတောင်ရေဘေးရှောင်စခန်းနှင့် ပုဗ္ဗသီရိမြို့နယ် မရှိခဏဘုရားတို့တွင် ကျန်းမာရေးဝန်ထမ်းများက ရေဘေးရှောင်ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်ပေးနေမှုကို လှည့်လည်ကြည့်ရှုအားပေးပြီး ပြည်ထောင်စုဝန်ကြီးက ရေဘေးရှောင်စခန်းများတွင် ဆေးဝါးနှင့်ဆေးပစ္စည်းများ လုံလောက်စွာထောက်ပံ့ပေးနိုင်ရေး၊ ၂၄ နာရီအချိန်ပြည့် ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရေး၊ အစာမစားမီနှင့် အိမ်သာမှအထွက်တွင် စနစ်တကျလက်ဆေးနိုင်ရေး၊ သန့်စင်သည့်ရေကို သောက်သုံးနိုင်ရေး၊ ရေသန့်စင်လုပ်ငန်းများ ဆောင်ရွက်နိုင်ရေး၊ အစားအစာများကို သန့်ရှင်းစွာနှင့်ပူပူနွေးနွေး စားသုံးနိုင်ရေး၊ အမှိုက်များကို အဖုံးပါသည့် အမှိုက်ပုံးများတွင် စနစ်တကျစွန့်ပစ်နိုင်ရေး၊ ကူးစက်ရောဂါများကာကွယ်ရေးအတွက် ကျန်းမာရေးအသိပညာပေးရေးနှင့် ဆေးရုံသို့လွှဲပြောင်းကုသရန်လိုအပ်သည့် လူနာများကို အချိန်နှင့်တစ်ပြေးညီ လွှဲပြောင်းကုသနိုင်ရေးတို့ကိုမှာကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။



ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း မိုးသည်းထန်စွာရွာသွန်းမှုဖြစ်စဉ်များကြောင့် ရေကြီးရေလျှံမှုဖြစ်ပွားခဲ့ရာ နေပြည်တော် ပြည်သူ့ကျန်းမာရေး၊ ကုသရေးဦးစီးဌာနအနေဖြင့် တပ်ကုန်းမြို့နယ်၊ ပျဉ်းမနားမြို့နယ်၊ လယ်ဝေးမြို့နယ်၊ ပုဗ္ဗသီရိမြို့နယ်၊ ဇေယျာသီရိမြို့နယ်နှင့် ဇမ္ဗူသီရိမြို့နယ်တို့ရှိရေဘေးရှောင်စခန်း ၃၅ ခုတွင် ဆရာဝန် ၂၁ ဦး၊ အခြေခံကျန်းမာရေးဝန်ထမ်း ၁၂၇ ဦးတို့ဖြင့် ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်လျက်ရှိပြီး ရေပြန်လည်ကျဆင်းပြီးနောက်တွင် ဖြစ်ပွားတတ်သည့် ဝမ်းပျက်ဝမ်းလျှောရောဂါနှင့် သွေးလွန်တုပ်ကွေးရောဂါကဲ့သို့ ကူးစက်ရောဂါများ ဖြစ်ပွားမှုမရှိစေရန် ရေတွင်းရေကန်များကို ရေဆိုးထုတ်ခြင်း၊ ကလိုရင်းဆေးခတ်ခြင်းနှင့်ခြင်ကျားလောက်လမ်းများနှိမ်နင်းရန်အတွက် အဘိတ်ဆေးခတ်ခြင်းလုပ်ငန်းများကို ဒေသအလိုက်အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ နှီးနွယ်ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

# MFF Women Futsal Invitation Cup 2024 ပြိုင်ပွဲ အုပ်စုပွဲစဉ်များ ဆက်လက်ကျင်းပ



ရန်ကုန် စက်တင်ဘာ ၁၂

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဖူဆယ်နှင့် သဲသောင်ပြင်ကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် MFF Women Futsal Invitation Cup 2024 ပြိုင်ပွဲအုပ်စုပွဲစဉ်များကို ယနေ့တွင်ရန်ကုန်မြို့ရှိMFF Futsal Stadium တွင် ဆက်လက်ကျင်းပခဲ့ကြကြောင်း သိရသည်။

MFF Women Futsal Invitation Cup 2024ပြိုင်ပွဲအုပ်စုပွဲစဉ်များအဖြစ်ယနေ့နံနက် ၁၁နာရီတွင် Generations FC အသင်းနှင့် Pacific Sunfar အသင်းတို့ကစားခဲ့ရာ တစ်ဂိုးစီသရေရလဒ်ထွက်ပေါ်ခဲ့ပြီး မွန်းလွဲ ၁၂နာရီခွဲတွင် Divine FC အသင်းနှင့် YRG FC အသင်းတို့ ကစားခဲ့ရာ Divine FC အသင်းက ၃ ဂိုး ၂ ဂိုးဖြင့်အနိုင်ရရှိခဲ့သည်။

MFF Women Futsal Invitation Cup 2024 ပြိုင်ပွဲ အုပ်စုပွဲစဉ်များအဖြစ် စက်တင်ဘာလ ၁၃ ရက်(**ယနေ့**) နံနက် ၁၁ နာရီတွင် Pacific Sunfar အသင်းနှင့် Divine FC အသင်း၊ မွန်းလွဲ ၁၂နာရီခွဲတွင် Phoenix FC အသင်းနှင့်Generations FC အသင်းတို့ ဆက်လက်ကစားသွားမည်ဖြစ်သည်။

MFF Women Futsal Invitation Cup 2024 ပြိုင်ပွဲ ယနေ့ပွဲစဉ်များအပြီးတွင် Divine FC အသင်းက နှစ်ပွဲကစားပြီးနှစ်ပွဲလုံးအနိုင်ရရှိခဲ့ကာ အမှတ်ပေးဇယားထိပ်ဆုံးမှ ဦးဆောင်လျက်ရှိနေကြောင်း သိရသည်။ **စည်သူအောင်**

၁၂-၉-၂၀၂၄

## ထူးခြားသည့်နေ့အပူချိန်များ

| | | | | |
|---|---|---|---|---|
| မြစ်ကြီးနား | ၃၅ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယက် |
| မချမ်းဘော | ၃၅ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| ပူတာအို | ၃၄ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| ဟုမ္မလင်း | ၃၃ | ဒသမ | ၇ | ဒီဂရီဆဲလ်စီးယက် |
| ရန်ကုန် | ၃၂ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယက် |
| (မရမ်းကုန်းမြို့နယ်) | | | | |
| မြောင်းမြ | ၃၂ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယက် |
| ကလေးဝ | ၃၂ | ဒသမ | ၃ | ဒီဂရီဆဲလ်စီးယက် |
| လပွတ္တာ | ၃၂ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| ကိုကိုးကျွန်း | ၃၁ | ဒသမ | ၇ | ဒီဂရီဆဲလ်စီးယက် |
| ပဲခူး | ၃၁ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယက် |
| မှော်ဘီ | ၃၁ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယက် |
| ပုသိမ် | ၃၁ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယက် |
| မုဒုံ | ၃၁ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယက် |

# ကလေးသူငယ်ချန်မထား လူကုန်ကူးမှုတိုက်ဖျက်သွား




လူ့လောကကြီးတွင် လူသားတစ်ဦးအဖြစ်မွေးဖွားလာပြီးသည့်အချိန်မှစ၍ လူသားတိုင်းတွင်လူသားတစ်ဦး၏ အခွင့်အရေးအပြည့်အဝရှိပေသည်။ လူသားတစ်ဦး၏အခွင့်အရေးကို အတင်းအဓမ္မဖျက်ဆီးခြင်းသည် လူ့အခွင့်အရေးချိုးဖောက်ခြင်းပင်ဖြစ်သည်။ ထိုကဲ့သို့လူ့အခွင့်အရေးချိုးဖောက်ခြင်းများထဲတွင် လူကုန်ကူးမှုနည်းလမ်းမှာ အဆိုးရွားဆုံးသောလုပ်ရပ်ပင်ဖြစ်ပေသည်။ လူသားချင်းစာနာထောက်ထားမှုမရှိဘဲကိုယ်ချင်းစာတရားကင်းမဲ့စွာပြုမူခြင်းဖြစ်သည်။ မြတ်စွာဘုရားရှင်ဟောကြားတော်မူသောတရားတော်၌ပင် ရောင်းဝယ်ဖောက်ကားခြင်းမပြုအပ်သောအရာများတွင်လူကုန်ကူးမှုဟူသော ဇာတ်တူသားချင်းရောင်းဝယ်ခြင်းကိုမပြုအပ်ကြောင်း မိန့်ကြားတော်မူခဲ့ပေသည်။ ဇာတ်တူသားချင်းရောင်းဝယ်ဖောက်ကားသောလူကုန်ကူးမှုသည်မိမိအတွက်လည်း ဒုစရိုက်အကုသိုလ်ကိုဖြစ်စေသကဲ့သို့ သူတစ်ပါးကိုလည်းဒုက္ခဆင်းရဲဖြစ်စေသည်ကိုသတိပြုသင့်ကြပေသည်။

**လူကုန်ကူးမှုဆိုသည်မှာ**

လူကုန်ကူးမှုဆိုသည်မှာ ပုဂ္ဂိုလ်တစ်ဦးသည်အခြားပုဂ္ဂိုလ်တစ်ဦးဦးကို ထိုသူ၏သဘောတူညီချက်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ခေါင်းပုံဖြတ်မှုပြုရန်အလို့ငှာခြိမ်းခြောက်ခြင်း၊ အင်အားသုံးခြင်း သို့မဟုတ် အခြားနည်းဖြင့်အနိုင်အထက်ပြုမူခြင်း၊ သွေးဆောင်ဖြားယောင်းခြင်း၊ လိမ်လည်ခြင်း၊ လှည့်ဖြားခြင်း၊ လုပ်ပိုင်ခွင့် သို့မဟုတ် အခွင့်အာဏာကိုအလွဲသုံးစားပြုခြင်း၊ ဘဝခက်ခဲနေသောအခြေအနေကို အခွင့်ကောင်းယူ၍အလွဲသုံးစားပြုခြင်း၊ ထိုသူအပေါ်ချုပ်ကိုင်သူ သို့မဟုတ် တစ်နည်းနည်းလွှမ်းမိုးနိုင်သူ၏သဘောတူညီချက်ရရှိရန် ငွေကြေးပစ္စည်း သို့မဟုတ် အခြားအကျိုးအမြတ်တစ်စုံတစ်ရာပေးခြင်း သို့မဟုတ် လက်ခံရယူခြင်းနည်းလမ်းများဖြင့် သယ်ယူပို့ဆောင်ခြင်း၊ ဝယ်ယူခြင်း၊ ငှားရမ်းခြင်း၊ လွှဲပြောင်းပေးအပ်ခြင်းတို့ပြုလုပ်ခြင်းကိုဆိုလိုသည်။

**လူကုန်ကူးမှုပုံစံအမျိုးမျိုး**

မြန်မာနိုင်ငံ၏လူကုန်ကူးမှုပုံစံများတွင် အဓမ္မအလုပ်ခိုင်းစေမှု၊ အဓမ္မထိမ်းမြားမှု၊ လိင်ပိုင်းဆိုင်ရာခေါင်းပုံဖြတ်မှု၊ အဓမ္မမွေးစားခြင်းနှင့် ကြွေးမြီဖြင့်နှောင်ဖွဲ့ခိုင်းစေခြင်းတို့အပြင် ကလေးသူငယ်များအားအဓမ္မတောင်းရမ်းခိုင်းခြင်း၊ အငှားကိုယ်ဝန်ဆောင်ခိုင်းခြင်း၊ ကျွန်ပြုခြင်း စသည့်လူကုန်ကူးမှုပုံစံအသစ်များကိုတွေ့ရှိလာရသည်။ တချို့သောလူကုန်ကူးမှုများသည်နှစ်ဦးနှစ်ဖက်သဘောတူ၍သော်လည်းကောင်း၊ အုပ်ထိန်းသူများ၏သဘောတူမှုကြောင့်သော်လည်းကောင်း လူကုန်ကူးမှုကိုအထမြောက်အောင်မြင်သွားသည့်ပုံစံမျိုးကိုလည်း တွေ့ရှိရပေသည်။

လူကုန်ကူးမှုပြဿနာသည် ၂၀ ရာစုနှောင်းပိုင်းတွင် ခေတ်သစ်ကျေးကျွန်စနစ်အသွင်ဖြင့်ပြန်လည်ပေါ်ပေါက်လာသည့် ပြဿနာတစ်ခုဖြစ်သည်။ တစ်နည်းအားဖြင့် လူသားအချင်းချင်းစာနာမှုကင်းမဲ့စွာဖြင့် ခေါင်းပုံဖြတ်အမြတ်ထုတ်သော လူ့အခွင့်အရေးချိုးဖောက်မှုတစ်ခုလည်းဖြစ်သည်။

**လူကုန်ကူးမှုတိုက်ဖျက်ရေးဆောင်ရွက်ချက်များ**

လူကုန်ကူးမှုများသည် ပုံသဏ္ဍာန်နည်းလမ်းမျိုးစုံဖြင့် ကမ္ဘာ့နိုင်ငံအသီးသီးတွင်ဖြစ်ပွားလျက်ရှိပြီး လူကုန်ကူးမှု၏ဒဏ်ကို တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် ခံနေရကြောင်းတွေ့ရှိရသည်။ ယနေ့နိုင်ငံအသီးသီး၌ လူကုန်ကူးခံရမှုများမြင့်တက်လာခဲ့ပြီး ဖွံ့ဖြိုးမှုအားနည်းသောလူအုပ်စုများအကြား၌ ပိုမို၍အန္တရာယ်ကြီးမားလာခဲ့သည်။ ၅၀ ရာခိုင်နှုန်းသောလူကုန်ကူးခံရသူများမှာ အမျိုးသမီးများနှင့်ကလေးငယ်များဖြစ်ကြသည်။

**▲ လူကုန်ကူးမှုများသည် ပုံသဏ္ဍာန်နည်းလမ်းမျိုးစုံဖြင့် ကမ္ဘာ့နိုင်ငံအသီးသီးတွင်ဖြစ်ပွားလျက်ရှိပြီး လူကုန်ကူးမှု၏ဒဏ်ကို တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် ခံနေရကြောင်းတွေ့ရှိရ၊ ယနေ့နိုင်ငံအသီးသီး၌ လူကုန်ကူးခံရမှုများမြင့်တက်လာခဲ့ပြီး ဖွံ့ဖြိုးမှုအားနည်းသောလူအုပ်စုများအကြား၌ ပိုမို၍အန္တရာယ်ကြီးမားလာခဲ့၊ ၅၀ ရာခိုင်နှုန်းသောလူကုန်ကူးခံရသူများမှာ အမျိုးသမီးများနှင့်ကလေးငယ်များဖြစ်. . .**

ပြည်တွင်းလူကုန်ကူးမှုသည် ၁၉ ဒသမ ၆၈ ရာခိုင်နှုန်းသာရှိပြီး ၈၀ ဒသမ ၃၂ ရာခိုင်နှုန်းသည် ပြည်ပသို့လူကုန်ကူးမှုများဖြစ်ကြောင်း တွေ့ရှိရပါသည်။ လူကုန်ကူးခံရသူ ၅၀ ရာခိုင်နှုန်းမှာ အမျိုးသမီးနှင့်ကလေးသူငယ်များဖြစ်ကြသည်။ မိမိတို့နိုင်ငံမှ အသက်ငယ်ရွယ်သည့် မိန်းကလေးများနှင့်အဓမ္မထိမ်းမြားလက်ထပ်ရန်အတွက် ပွဲစားများမှ စည်းရုံးခေါ်ဆောင်ခြင်း၊ အငှားကိုယ်ဝန်ဆောင်စေခြင်း၊ လိင်ပိုင်းဆိုင်ရာခေါင်းပုံဖြတ်ခြင်း၊ ငါးဖမ်းစက်လှေများနှင့်ကျားဖောင်လုပ်ငန်းများတွင် အဓမ္မလုပ်အားခေါင်းပုံဖြတ်ခိုင်းစေခြင်း၊ ဘဝရပ်တည်ရန်ခက်ခဲသူများအပေါ် ကြွေးမြီဖြင့်နှောင်ဖွဲ့ခိုင်းစေခြင်း၊ Social Media ကို အသုံးပြု၍ စည်းရုံးခေါ်ဆောင်ရောင်းစားခြင်းစသည့် လူကုန်ကူးမှုပုံစံများဖြစ်ပွားနေကြောင်း တွေ့ရှိရပါသည်။ အဓမ္မစေခိုင်းမှု မှုခင်းများသည် ၆၁ ဒသမ ၁၁ ရာခိုင်နှုန်းဖြင့် အများဆုံးဖြစ်ပြီး အဓမ္မပြည့်တန်ဆာအဖြစ် စေခိုင်းမှု ၂၂ ဒသမ ၂၂ ရာခိုင်နှုန်းရှိကာ အဓမ္မလက်ထပ်မှု ၁၁ ဒသမ ၁၁ ရာခိုင်နှုန်းနှင့်အဓမ္မမွေးစားမှု ၅ ဒသမ ၅၆ ရာခိုင်နှုန်းရှိကြောင်း တွေ့ရှိရပါသည်။

**မြန်မာနိုင်ငံ၏ လူကုန်ကူးမှုတိုက်ဖျက်ရေးဆောင်ရွက်ချက်**

မြန်မာနိုင်ငံသည် လူကုန်ကူးမှုပုံစံအမျိုးမျိုးကိုပြစ်မှုအဖြစ်ပြဋ္ဌာန်း၍ ၁၉၉၇ ခုနှစ်ကတည်းကပင် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် တားဆီးကာကွယ်ခဲ့သည်။ လူကုန်ကူးမှု မှုခင်းများတားဆီးကာကွယ်ရေးလုပ်ငန်းများကို နိုင်ငံတော်အစိုးရမှဦးဆောင်၍ သက်ဆိုင်ရာဝန်ကြီးဌာနများ၏ပူးပေါင်းပါဝင်မှုတို့ဖြင့် ကြိုတင်ကာကွယ်ရေး၊ လူကုန်ကူးခံရသူများအား ကာကွယ်စောင့်ရှောက်ရေးနှင့်လူကုန်ကူးမှုမှုခင်းများအား တရားစွဲဆိုရေးလုပ်ငန်းများကို ငါးနှစ်စီမံကိန်းများရေးဆွဲ၍ နှစ်အလိုက်စီမံချက်များချမှတ်ကာ ဟန်ချက်ညီဆောင်ရွက်လျက်ရှိသည်။

လူကုန်ကူးမှုတားဆီးကာကွယ်ရေးကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ပြည်သူတစ်ရပ်လုံးက ပူးပေါင်းပါဝင်ဆောင်ရွက်လာစေရန် စက်တင်ဘာလ ၁၃ ရက်နေ့ကို မြန်မာနိုင်ငံ၏ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့အဖြစ် ၂၀၁၃ ခုနှစ်မှစတင်၍ နေပြည်တော်နှင့်တိုင်းဒေသကြီး/ပြည်နယ်အသီးသီး၌ နှစ်စဉ်ကျင်းပခဲ့သည်။ ၂၀၂၀ ပြည့်နှစ်တွင် ကိုရိုနာဗိုင်းရပ် ကူးစက်ရောဂါပျံ့နှံ့လာမှုများကြောင့် အထိမ်းအမှတ်အခမ်းအနားများကို ကျင်းပနိုင်ခဲ့ခြင်းမရှိသော်လည်း လူကုန်ကူးမှုအန္တရာယ် အသိပညာပေးခြင်းလုပ်ငန်းများနှင့် လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် Online Campaign များကို ကျင်းပနိုင်ခဲ့သည်။

မြန်မာနိုင်ငံသည်လူကုန်ကူးမှုမှုခင်းများတိုက်ဖျက်ရေးအပါအဝင် နိုင်ငံဖြတ်ကျော်မှုခင်းများတိုက်ဖျက်ရေးဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းကို အဖွဲ့ဝင်နိုင်ငံအဖြစ် ၂၀၀၄ ခုနှစ် မတ်လ ၃၀ ရက်တွင် လက်မှတ်ရေးထိုးခဲ့ပြီး ၂၀၀၅ ခုနှစ်တွင်ပြဋ္ဌာန်းခဲ့သည့် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေကို ခေတ်စနစ်နှင့်အညီဖြစ်စေရန် ပြင်ဆင်၍ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေအဖြစ် ၂၀၂၂ ခုနှစ် ဇွန်လ ၁၆ ရက်နေ့တွင် အတည်ပြုပြဋ္ဌာန်းခဲ့သည်။

မြန်မာနိုင်ငံတွင် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့ကဦးဆောင်၍ သက်ဆိုင်ရာဝန်ကြီးဌာနများ၏ပူးပေါင်းပါဝင်မှုတို့ဖြင့် လူကုန်ကူးမှုကြိုတင်ကာကွယ်ရေး၊ လူကုန်ကူးခံရသူများအားကာကွယ်စောင့်ရှောက်ရေးနှင့် လူကုန်ကူးမှု မှုခင်းများအား တရားစွဲဆိုရေးလုပ်ငန်းများကို (၅) နှစ်စီမံကိန်းများဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ယခုအခါ မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ စတုတ္ထ(၅) နှစ်စီမံကိန်း (၂၀၂၂-၂၀၂၆) ကို ဟန်ချက်ညီညီ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးအပိုင်းတွင် မြန်မာနိုင်ငံအနေဖြင့် နိုင်ငံဖြတ်ကျော်အုပ်စုဖွဲ့မှုခင်းများဆိုင်ရာ စာမျက်နှာကုလသမဂ္ဂကွန်ဗင်းရှင်းအပါအဝင် နောက်ဆက်တွဲစာချုပ်များဖြစ်သည့် အမျိုးသမီးများနှင့် ကလေးသူငယ်များအား အထူးပြုသည့် လူကုန်ကူးမှုတားဆီးနှိမ်နင်းခြင်းနှင့် ပြစ်ဒဏ်ပေးခြင်းဆိုင်ရာ နောက်ဆက်တွဲစာချုပ်နှင့် ကုန်းလမ်း၊ ရေလမ်း၊ လေကြောင်းအသုံးပြုပြီး ရွှေ့ပြောင်းနေထိုင်သူများအားမှောင်ခိုပို့ဆောင်ခြင်းကျူးလွန်သည့် နိုင်ငံဖြတ်ကျော်အုပ်စုဖွဲ့မှုခင်းအားတိုက်ဖျက်ရေး နောက်ဆက်တွဲစာချုပ်များတွင် အဖွဲ့ဝင်နိုင်ငံအဖြစ်လက်မှတ်ရေးထိုးဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် မဲခေါင်ဒေသတွင်းခြောက်နိုင်ငံ လူကုန်ကူးမှုပူးပေါင်းတိုက်ဖျက်ရေးစီမံကိန်း၊ လူကုန်ကူးမှုတိုက်ဖျက်ခြင်းဆိုင်ရာ အာဆီယံကွန်ဗင်းရှင်း၊ မြန်မာ-တရုတ်/မြန်မာ-ထိုင်း/မြန်မာ-လာအို/မြန်မာ-အိန္ဒိယ နှစ်နိုင်ငံလူကုန်ကူးမှု ပူးပေါင်းတိုက်ဖျက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာများကို လက်မှတ်ရေးထိုး၍ လူကုန်ကူးမှုတားဆီးကာကွယ်ရေးအတွက် ပူးပေါင်းဆောင်ရွက်မှုယန္တရားများကို တိုးမြှင့်ဆောင်ရွက်လျက်ရှိသည်။

IT နည်းလမ်းဖွံ့ဖြိုးတိုးတက်လာမှုအပေါ် လူကုန်ကူးမှုကျူးလွန်သူများက အမြတ်ထုတ်အသုံးချနေမှုများကလည်း တားဆီးနှိမ်နင်းရေးကဏ္ဍများအတွက် စိန်ခေါ်မှုများစွာဖြစ်ပေါ်လျက်ရှိသည်။ အရွယ်ရောက်သူများသာမက ကလေးသူငယ်များကိုပါ လူကုန်ကူးမှုပြုလာကြသည်။ အနာဂတ်မျိုးဆက်များပျက်သုဉ်းမှုကိုပါ ဦးတည်လာကြသည်။

ထို့ကြောင့် လူကုန်ကူးမှုကာကွယ်တိုက်ဖျက်ရေးတွင် ပြည်သူများအနေဖြင့် ကျရာအခန်းကဏ္ဍမှပါဝင်လျက် မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးရည်ရွယ်ချက်(၄) ရပ်ဖြစ်သော လူကုန်ကူးမှုတိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်အဖြစ် သတ်မှတ်၍ နိုင်ငံသားအားလုံး ပူးပေါင်းဆောင်ရွက်ရန်၊ လူကုန်ကူးမှုဆိုင်ရာ အသိပညာများ ပြည်သူလူထုအတွင်း စိမ့်ဝင်ပျံ့နှံ့စေရန်၊ လူကုန်ကူးခံရသူများအား စာနာနားလည်ခြင်းဖြင့် ကာကွယ်စောင့်ရှောက်နိုင်ရန်နှင့် လူကုန်ကူးမှုတိုက်ဖျက်ရေးလုပ်ငန်းစဉ်များအားလုံးတွင် ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန်တို့ကို အောင်မြင်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြပါရန် တိုက်တွန်းရေးသားလိုက်ရပေသည်။ ။

**မေတ္တာမိုးနှင်း(ပဲခူး)**

# မြစ်ကြီးနားမြို့ပေါ်ရှိ သံဃာတော်များအား ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်

နေပြည်တော် စက်တင်ဘာ ၁၂

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့ပေါ်ရှိ သံဃာတော်များအား ယနေ့နံနက်ပိုင်းတွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါမြို့ရှိမဟာဗောဓိကျောင်းတိုက်ဝင်းအတွင်း၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ၃၅ ပါးအား ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အရိုးအကြောရောဂါ၊ အာရုံကြောအားနည်းရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့်ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးခြင်း၊ ECG စက်ဖြင့် နှလုံးစမ်းသပ်စစ်ဆေးပေးခြင်း၊ ဆေးရုံတက်ရောက်ကုသရန်လိုအပ်သည့် သံဃာတော်များအား နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို မြစ်ကြီးနားတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး မဟာဗောဓိကျောင်းတိုက် ဆရာတော် အမှူးပြုသော သံဃာတော်များအား လှူဖွယ်ပစ္စည်းများနှင့် နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)



သံဃာတော်များအား မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ နယ်လှည့်ဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးစဉ်။

# ဧရာဝတီတိုင်းဒေသကြီး၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်းဆိုင်ရာ တွေ့ဆုံပွဲကျင်းပ



နေပြည်တော် စက်တင်ဘာ ၁၂

၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်းဆိုင်ရာတွေ့ဆုံပွဲကို ယနေ့မွန်းလွဲ ၁ နာရီတွင် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ဗဟိုသန်းခေါင်စာရင်းကော်မရှင်ဥက္ကဋ္ဌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်၊ ဧရာဝတီတိုင်းဒေသကြီး သန်းခေါင်စာရင်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးတင်မောင်ဝင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တိုင်းဒေသကြီးသန်းခေါင်စာရင်းကြီးကြပ်မှုကော်မတီအဖွဲ့ဝင်များ၊ တိုင်း၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စု သန်းခေါင်စာရင်းကော်မတီဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ဧရာဝတီတိုင်းဒေသကြီးအနေဖြင့် ကောက်ကွက်ပေါင်း ၁၄၀၀၀ ကျော်ဖြင့် ဖွဲ့စည်း၍ စာရင်းစစ်၊ စာရင်းကောက် ၅၄၀၀ ကျော်ဖြင့် ကောက်ယူရန်လျာထားကြောင်း၊ ပြည်လုံးကျွတ် သန်းခေါင်စာရင်းကို အိမ်ထောင်စုမေးခွန်းပုံစံအတွက် မေးခွန်း ၆၈ ခု၊ အဖွဲ့အစည်းမေးခွန်းပုံစံအတွက် မေးခွန်း ၁၈ ခုဖြင့် တစ်အိမ်တက်ဆင်း ကောက်ယူမည်ဖြစ်ရာ ပြည်သူများအနေဖြင့် မေးခွန်းများကို မှန်မှန်ကန်ကန် ဖြေကြားခြင်းဖြင့် ပူးပေါင်းကူညီဆောင်ရွက်နိုင်ရေးအတွက် ကြိုတင်အသိပေးရှင်းလင်းချပြထားရန် လိုအပ်ကြောင်း၊ သန်းခေါင်စာရင်းကောက်ယူခြင်းနှင့်စပ်လျဉ်း၍ ၂၀၁၃ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းဥပဒေကို သိရှိနားလည်ထားကြရန်လည်း လိုအပ်ကြောင်း၊

အထွေထွေရွေးကောက်ပွဲအတွက် မဲစာရင်းပြုစုရာတွင်လည်း မြေပြင်ကွင်းဆင်း ကောက်ယူရရှိသည့် စာရင်းအချက်အလက်များနှင့်တိုက်ဆိုင်၍ နှိုင်းယှဉ်သုံးသပ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ သန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်းသည် ပြည်သူအားလုံး ပူးပေါင်းပါဝင်မှုသာ အောင်မြင်နိုင်မည့် အမျိုးသားရေးလုပ်ငန်းစဉ်တစ်ရပ်ဖြစ်သည်နှင့်အညီ အားလုံးက တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းက ဧရာဝတီတိုင်းဒေသကြီးအတွင်း ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း အောင်မြင်စွာ ကောက်ယူရေးအတွက် ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများဆောင်ရွက်နေမှုနှင့် ကွင်းဆင်းကောက်ယူဆောင်ရွက်မည့်လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်သူ့အင်အားဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာခိုင်ခိုင်စိုးက ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းနှင့် ၂၀၁၉ ခုနှစ် ကြားဖြတ်သန်းခေါင်စာရင်းတို့မှရရှိသည့် သန်းခေါင်စာရင်းအချက်အလက်များအပေါ် အခြေခံ၍ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ထိရောက်စွာ အသုံးပြုဆောင်ရွက်နိုင်ရေးအခြေအနေများကို ရှင်းလင်းဆွေးနွေးတင်ပြပြီး သန်းခေါင်စာရင်းကောက်ယူခြင်းနှင့်ပတ်သက်၍ ရုပ်မြင်သံကြား Channel များတွင် ထုတ်လွှင့်ပြသလျက်ရှိသည့် ပြည်သူလူထုအသိပညာပေး TV Spot များကိုပြသသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက သန်းခေါင်စာရင်းကောက်ယူခြင်းဆိုင်ရာ အထောက်အကူပြုပစ္စည်းများကို လွှဲပြောင်းပေးအပ်ရာ ဧရာဝတီတိုင်းဒေသကြီး သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌဦးကျော်ဆိုး ကလက်ခံရယူပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့သည် ပြည်လုံးကျွတ်သန်းခေါင်စာရင်း ကောက်ယူရာတွင် အသုံးပြုမည့်ပစ္စည်းများ ခင်းကျင်းပြသထားမှုကို ကြည့်ရှုအားပေးကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့သည် ပုသိမ်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ရတနာတန်ဆောင်ခန်းမ၌ ဖွင့်လှစ်လျက်ရှိသည့် ပုသိမ်ခရိုင်သန်းခေါင်စာရင်းဆိုင်ရာ ခရိုင်အဆင့်နည်းပြသင်တန်းသို့ သွားရောက်၍ သန်းခေါင်စာရင်းကောက်ယူခြင်းဆိုင်ရာမေးခွန်းများနှင့်ပတ်သက်သည့် သင်ခန်းစာများကို ဆွေးနွေးပို့ချနေမှုကို လှည့်လည်ကြည့်ရှုအားပေးကြပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(၅၀၀)

# ပြည်ထောင်စုနယ်မြေ နေပြည်တော် ရေဘေးရှောင်ပြည်သူများအား ပြည်ထောင်စုဝန်ကြီးဒေါက်တာစိုးဝင်း သွားရောက်တွေ့ဆုံပြီး အစားအသောက်နှင့် ကယ်ဆယ်ရေးပစ္စည်းများထောက်ပံ့ပေးအပ်

နေပြည်တော် စက်တင်ဘာ ၁၂

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းသည် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် တပ်ကုန်းမြို့နယ်၊ ပုဗ္ဗသီရိမြို့နယ်၊ ဇေယျာသီရိမြို့နယ်နှင့် ပျဉ်းမနားမြို့နယ်တို့မှ ရာဂိမုန်တိုင်းအရှိန်ဖြင့် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေနစ်မြုပ်နေသည့်ကျေးရွာများမှ ပြည်သူများအား ဘေးလွတ်ရာသို့ ပြောင်းရွှေ့ပေးနေမှုကို သွားရောက်ကြည့်ရှု၍ လိုအပ်သည့်လူနှင့် ပစ္စည်းများရရှိနိုင်ရေး ပေါင်းစပ်ညှိနှိုင်းပေးပြီး ဘေးလွတ်ရာသို့ ရောက်ရှိလာသည့် ပြည်သူများအား နိုင်ငံတော်မှ ဆောင်ရွက်ပေးနေမှုအခြေအနေများကို ရှင်းလင်းပြောကြားကာ နှစ်သိမ့်အားပေးစကားပြောကြားသည်။

ကနဦးသတင်းရရှိမှုများအရ နေပြည်တော်ရှိ ရပ်ကွက်၊ ကျေးရွာများမှ အိမ်ထောင်စု ၁၅၀၀၀ ကျော်၊ လူဦးရေ ၆၇၀၀၀ ကျော် ရေဘေးသင့်နေကြောင်း သိရသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့သည် ဥပ္ပါတသန္တိစေတီတော်မြတ်အရှေ့ဘက်ရှိ ဓမ္မာရုံတွင် ယာယီရေဘေးရှောင်လျက်ရှိသည့် ပြည်သူများနှင့် သွားရောက်တွေ့ဆုံ၍စားနပ်ရိက္ခာများနှင့် လိုအပ်ချက်များကို ထောက်ပံ့ပေးအပ်ကာ အားပေးစကားပြောကြားသည်။



မွန်းလွဲပိုင်းတွင် ၂၀၂၄ ခုနှစ် အောက်တိုဘာလ ၁၃ ရက်၌ ကျရောက်မည့် အပြည်ပြည်ဆိုင်ရာသဘာဝဘေးအန္တရာယ်ထိခိုက်ဆုံးရှုံးနိုင်ခြေ လျှော့ချရေးနေ့ အထိမ်းအမှတ် အကြိုလှုပ်ရှားမှုအဖြစ် နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်း၌ကျင်းပသည့် ဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးအစီအစဉ်သို့ တက်ရောက်ကြည့်ရှုအားပေးသည်။

အသိပညာပေးအစီအစဉ်တွင် မြန်မာနိုင်ငံအတွင်းဖြစ်ပွားလေ့ရှိသည့် သဘာဝဘေးအန္တရာယ်များ၊ ဘေးအန္တရာယ်တစ်ခုချင်းအလိုက်ဆောင်ရန်၊ ရှောင်ရန်အချက်များ၊ ထင်ရှားသည့် သဘာဝဘေးကြီးများနှင့် အသိပညာပေး Light Box များနှင့် ဘေးဒဏ်ခံနားခိုရာအဆောက်အဦများ၏ပုံစံငယ်များကို ခင်းကျင်းပြသခြင်း၊ သဘာဝဘေးအသိပညာများ တိုးပွားစေရေးဉာဏ်စမ်းပဟေဠိမေးခွန်းများ ဖြေဆိုခြင်း၊ Risk Land Game ကစားခြင်း၊ အရေးပေါ်အိတ်ပြင်ဆင်ခြင်းကို လက်တွေ့ကစားခြင်းနှင့် Online Game ဖြင့် ကစားခြင်းတို့ပါဝင်ကြောင်း သိရသည်။

(၅၀၀)

▸▸ **စာမျက်နှာ ၁၇ မှအဆက်**

လမ်းများပိတ်ဆို့နေသည့် သစ်ပင်/သစ်ကိုင်းများအား ခုတ်ထွင်ရှင်းလင်းပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးသည်။

ထိုသို့ကူညီကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ပေးနေမှုများကို ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ်၊ သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတိုင်းမှူးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး ရေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ပစ္စည်းများနှင့် စားသောက်ဖွယ်ရာများပေးအပ်ကာ ရင်းရင်းနှီးနှီးအားပေးစကားများပြောကြားကာ လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယခုကဲ့သို့ မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့်သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်လာနိုင်သဖြင့် ကုန်းမြင့်ဒေသအနီးတွင်နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီးရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေးနှင့်လေကြောင်းပျံသန်းရေးအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက အသိပေးနှိုးဆော်ထားကြောင်း သိရှိရသည်။

(၁၀၀)



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများကို လှည့်လည်ကြည့်ရှုစဉ်။



အောင်ပန်းမြို့ ညောင်ပင်ထောင်ရပ်ကွက်၌ ရေကြီးရေလျှံမှုဖြစ်ပွားသည့်နေရာများတွင် တပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့်ဒေသခံပြည်သူများက ကူညီကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ပေးစဉ်။



ကျောက်ဆည်မြို့၌ ရေကြီးရေလျှံမှုဖြစ်ပွားသည့်နေရာများတွင် နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့်ဒေသခံပြည်သူများက ကူညီကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ပေးစဉ်။

ဓာတ်ပုံ-သက်မောင်(ခရိုင်ပြန်/ဆက်)



ပဲခူးမြို့၌ ရေကြီးရေလျှံမှုဖြစ်ပွားသည့်နေရာများတွင် ဌာနဆိုင်ရာဝန်ထမ်းများနှင့်ပရဟိတအသင်းအဖွဲ့များက ကူညီကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ပေးစဉ်။

ဓာတ်ပုံ-တင်စိုး(ပဲခူး)



နေပြည်တော်ကောင်စီနယ်မြေ မင်္ဂလာဗျူဟာရေဘေးရှောင်စခန်း၌ ရေဘေးသင့်ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးစဉ်။



နယ်မြေခံတပ်မတော်သားများနှင့် ဌာနဆိုင်ရာဝန်ထမ်းများက မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုဖြစ်ပွားလျက်ရှိသည့် ရပ်စောက်မြို့ ဇော်ဂျီရပ်ကွက်နှင့်ဥတ္တံတားရပ်ကွက်မှ ဒေသခံပြည်သူများအား ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။



နယ်မြေခံတပ်မတော်သားများနှင့် ဌာနဆိုင်ရာဝန်ထမ်းများက မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုဖြစ်ပွားလျက်ရှိသည့် ကလောမြို့၊ အမှတ်(၂/၃/၄)ရပ်ကွက်၌ ဒေသခံပြည်သူများအား ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။



မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ အေဒီ(၁၃)ရာစုလက်ရာ ဘုရားအမှတ်(၁၀၄၂) ဆင်ကဘုရားပြိုကျပျက်စီးနေမှုကိုတွေ့ရစဉ်။ ဓာတ်ပုံ- ရဲဝင်းနိုင်(ညောင်ဦး)



မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူး(စကု)မြို့နယ် ရွှေစက်တော်မန်းချောင်းအတွင်း၌ မန်းချောင်းရေများ တိုးမြင့်ဝင်ရောက်စီးဆင်းနေမှုကိုတွေ့ရစဉ်။ ဓာတ်ပုံ- မောင်မောင်(မင်းဘူး)



နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ရေဘေးသင့်ပြည်သူများအား တာဝန်ရှိသူများက စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။



ကူညီကယ်ဆယ်ရေးအဖွဲ့များက နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ရေကြီးရေလျှံမှုဖြစ်ပွားလျက်ရှိသည့် နေရာများတွင် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။



နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် ပရဟိတအသင်းအဖွဲ့များက နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ရေကြီးရေလျှံမှုဖြစ်ပွားလျက်ရှိသည့် နေရာများတွင် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။



နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ရေဘေးသင့်ပြည်သူများအား နယ်မြေခံတပ်မတော်သားများနှင့် တာဝန်ရှိသူများက စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်စဉ်။

▶▶ ရှေ့ဖုံးမှအဆက်

ရေဝင်ရောက်မှုများ ဖြစ်ပေါ်လျက်ရှိသည်။

ထိုသို့မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းမှုကြောင့် နေပြည်တော်ကောင်စီနယ်မြေအတွင်း ဖြတ်သန်းစီးဆင်းလျက်ရှိသည့် ငလိုက်ချောင်း၊ ဆင်သေချောင်းနှင့် ပေါင်းလောင်းမြစ်တို့တွင် မြစ်ရေများ မြင့်တက်ကာ ၎င်းမြစ်ချောင်းများအနီးရှိ ရပ်ကွက်/ကျေးရွာများအတွင်းသို့ ရေဝင်ရောက်မှုများဖြစ်ပေါ်ခြင်း၊ အချို့နေရာများရှိ ကားလမ်း၊ ရထားလမ်းများရေကျော်ခြင်း၊ တံတားအချို့ ပျက်စီးမှုများကြောင့် လမ်းပန်းဆက်သွယ်မှု ပိတ်ဆို့ခြင်းများ၊ လျှပ်စစ်မီးတိုင်များနှင့် အဆောက်အဦများ ထိခိုက်ပျက်စီးခြင်း၊ လူနေအိမ်များ ပျက်စီးခြင်းစသည်တို့ဖြစ်ပွားခဲ့သည့်အပြင် ရေကြီးရေလျှံမှုဖြစ်ပွားသော မြို့/ရွာများတွင် လျှပ်စစ်မီးများပြတ်တောက်ပြီး အခြေခံပညာစာသင်ကျောင်းများကိုလည်း ခေတ္တပိတ်ထားရကြောင်း သိရှိရသည်။

ထိုသို့ နေပြည်တော်ကောင်စီနယ်မြေအတွင်း ရေကြီးရေလျှံမှုဖြစ်ပေါ်ခဲ့သည့် ရပ်ကွက်/ကျေးရွာများမှကူညီရွှေ့ပြောင်းရန်လိုအပ်နေသူများကို အချိန်နှင့်တစ်ပြေးညီ ကူညီကယ်ဆယ် ရွှေ့ပြောင်းပေးလျက်ရှိရာ ယနေ့တွင်လည်း နေပြည်တော်ကောင်စီနယ်မြေ ဘောဂသီရိကားဝင်းအနီး၊ ပင်လောင်းလမ်းဆုံ၊ ပျဉ်းမနားရွှေချီရပ်ကွက်၊ အေးမြင့်သာယာကျေးရွာ၊ ဘဲကုန်းကျေးရွာ၊ ကျောက်ချက်ကျေးရွာ၊ အိုင်ဇောက်ကျေးရွာတို့နှင့် အခြားရေကြီးရေလျှံဖြစ်ပေါ်နေသည့် နေရာများတွင် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ လူမှုဝန်ထမ်းကယ်ဆယ်ရေးအဖွဲ့များက ကူညီကယ်ဆယ် ရွှေ့ပြောင်းပေးခြင်းလုပ်ငန်းများကို အင်တိုက်အားတိုက် ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုဝင်များ၊ နေပြည်တော်ကောင်စီနှင့် စေတနာရှင်ပြည်သူများကလည်း ရေဘေးသင့်ပြည်သူများ စားသောက်ရေးအခက်အခဲမရှိစေရေးအတွက် ထမင်းဘူးများ၊ ရေသန့်များနှင့် အခြားစားသောက်ဖွယ်ရာပစ္စည်းများကို လိုက်လံဝေငှပေးလျက်ရှိသည်။

အလားတူ ဇေယျာသီရိမြို့နယ်၊ သပြေပင်ကျေးရွာ၊ ရှားစေးဖိုကျေးရွာ၊ ကြို့ပင်ကျေးရွာ၊ ကြံဖိုစုကျေးရွာတို့မှ ရေဘေးသင့်ပြည်သူများကိုလည်း ရေဘေးလွတ်ရာ လောကချမ်းသာဘုရားဝင်းသို့လည်းကောင်း၊ နယ်မြေခံတပ်မတော်တပ်ရင်းတပ်ဖွဲ့များတွင် ဖွင့်လှစ်ထားရှိသည့် ယာယီရေဘေးကယ်ဆယ်ရေးစခန်းများသို့လည်းကောင်း၊ တပ်မတော်သားများက ကူညီရွှေ့ပြောင်းပေးခဲ့ပြီး အုပ်ချုပ်မှုကိစ္စများနှင့် စားရေးအဆင်ပြေစေရေးတို့အတွက် စီစဉ်ပေးထားကြောင်း သိရှိရသည်။



ညောင်ဦးမြို့နယ်အတွင်းရှိ စေတီပုထိုးများ၌ ရေကြီးရေလျှံဖြစ်ပွားနေမှုကိုတွေ့ရစဉ်။ ဓာတ်ပုံ-ဒီပါလင်း



တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကြည်သိုက်နှင့် တာဝန်ရှိသူများက ရေဘေးသင့်ပြည်သူများအတွက် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်စဉ်။





နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် ပရဟိတအသင်းအဖွဲ့များက နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ရေကြီးရေလျှံမှုဖြစ်ပွားလျက်ရှိသည့် နေရာများတွင် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။



အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ပျော်ဘွယ်မြို့နယ်တွင် ရေတိုက်စားမှုကြောင့် လမ်းများပျက်စီးနေမှုကို ပြင်ဆင်ဆောင်ရွက်ပေးစဉ်။



နယ်မြေခံတပ်မတော်သားများနှင့် ပရဟိတအသင်းအဖွဲ့များက ရေဘေးသင့်ပြည်သူများအား ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

နေပြည်တော်ကောင်စီနယ်မြေအတွင်း လတ်တလောတွင် ရေဘေးသင့်သည့် ရပ်ကွက်၊ ကျေးရွာအုပ်စု ၄၃ စုမှ ရေဘေးသင့်ပြည်သူများကို သက်ဆိုင်ရာမြို့နယ်အလိုက်ဖွင့်လှစ်ထားသည့် ယာယီရေဘေးရှောင်စခန်း ၃၅ ခု၌ ကူညီကယ်ဆယ်ရေးနေရာချထားပြီး လိုအပ်သည့်ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် မင်းဘူး(စကု)မြို့နယ်၌ စက်တင်ဘာလ ၉ ရက်မှ စတင်ကာ မိုးများအဆက်မပြတ်ရွာသွန်းမှုကြောင့် ရွှေစက်တော်မန်းချောင်းအတွင်း၌ မန်းချောင်းရေများ တဖြည်းဖြည်းတိုးမြင့်ဝင်ရောက်စီးဆင်းလျက်ရှိရာ ယခုအခါတွင် အောက်စက်တော်ရာ နဂါးအိုင်ဘက်ခြမ်းမှစ၍ ရင်ပြင်တော်အထက်သို့ မန်းချောင်းရေများ စတင်ဝင်ရောက်စီးဆင်းနေပြီဖြစ်ကြောင်း၊ ၎င်းအပြင် မန်းရွှေစက်တော်ဘုရားကြီးအထက်ပိုင်းရှိ ငဖဲမြို့နယ် မန်းချောင်းရေလှောင်တမံ၌ ယနေ့ညနေ ၆ နာရီအချိန်တိုင်းထွာချက်အရ ပင်မရေပိုလွှဲမှ ၃ ဒသမ ၄ ပေခန့် ရေကျော်စီးဆင်းပြီး အဆိုပါမန်းချောင်းရေများက ရွှေစက်တော်မန်းချောင်းမှတစ်ဆင့် မင်းဘူး(စကု)မြို့နယ်အတွင်းသို့ ပိုမိုဖြတ်သန်းစီးဆင်းဝင်ရောက်လျက်ရှိကြောင်း၊ မိုးများအဆက်မပြတ်ရွာသွန်းမှုနှင့်အတူ တောင်ကျချောင်းရေများ ထပ်မံစီးဆင်း ဝင်ရောက်လာနိုင်သည့်အတွက်မန်းချောင်းအောက်ပိုင်းတစ်လျှောက်တွင် နေထိုင်လျက်ရှိသော ဒေသခံပြည်သူများအနေဖြင့် အထူးသတိပြုနေထိုင်ရန် လိုအပ်မည်ဖြစ်ကြောင်း၊ မိုးရွာသွန်းမှုများကြောင့် မြို့နယ်အတွင်းရှိ မြို့ပေါ်ရပ်ကွက်အချို့တွင် သစ်ပင်လဲကျမှုဖြစ်ပွားခြင်း၊ ဆက်သွယ်ရေးတိုင်နှင့် လျှပ်စစ်မီးတိုင်လဲကျမှုများဖြစ်ပွားခဲ့ပြီး လူနှင့်တိရစ္ဆာန်ထိခိုက်သေဆုံးမှုမရှိကြောင်း သိရသည်။

၎င်းအပြင် ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရွှေညောင်မြို့၊ ဗထူးတပ်မြို့၊ ရပ်စောက်မြို့၊ ကျိုင်းခမ်းမြို့၊ အောင်ပန်းမြို့၊ ကလောမြို့နှင့် နမ့်စန်မြို့၊ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နှင့် တောင်ငူမြို့အပါအဝင် အခြားမြို့နယ်များရှိ ရေဘေးသင့်ပြည်သူများအား သက်ဆိုင်ရာနယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပရဟိတလူမှုရေးအသင်းများက ရေဘေးလွတ်ကင်းရာနေရာများသို့ ကူညီရွှေ့ပြောင်းပေးပြီး စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများပေးအပ်ခဲ့ကြသည်။

ထို့ပြင် မိုးသည်းထန်စွာရွာသွန်းပြီး ရေတိုက်စားမှုများကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် မန္တလေးတိုင်းဒေသကြီး၊ ပျော်ဘွယ်မြို့၏တောင်ဘက် ကျောင်းကုန်းကျေးရွာအနီး ရန်ကုန်-မန္တလေး ရထားလမ်း မိုင်တိုင် ၂၈၅/၆-၉ ကြားရှိ အမှတ်(၁) သံလမ်း သံကူကွန်ကရစ်တံတား၊ ပျော်ဘွယ်မြို့၏မြောက်ဘက် ညောင်နွယ်ကျေးရွာရှိ ရန်ကုန်-မန္တလေးကားလမ်း(ဟောင်း) မိုင်တိုင် ၂၉၀(၁/၂) ကြားရှိ တံတားအမှတ် ၁/၂၉၁ သံကူကွန်ကရစ်တံတား၊ သာစည်မြို့၏ မြောက်ဘက်ရှိ စမုံရေထိန်းတမံ၊ သာစည်မြို့နယ်၊ ယင်းမာပင်ကျေးရွာအုပ်စု၊ ကျောက်ဆောင်ကြီးကွေ့ ကျေးရွာအနီး မိတ္ထီလာ-တောင်ကြီးသွား ကားလမ်း၊ မိုင်တိုင် (၄၀/၁) မှ (၄၀/၂) ကြားနေရာနှင့် ကြပ်စခန်းကျေးရွာအနီးတို့၌ လည်းကောင်း၊ ရမည်းသင်းမြို့နယ်ရှိ သမိုင်းဝင် ရွှေမြင်တင်စေတီတော်နှင့် ညောင်ဦးမြို့နယ် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ ပြိုကျပျက်စီးခဲ့သည့်နေရာများအားလည်းကောင်း ယနေ့နံနက်ပိုင်းတွင် နယ်မြေခံတပ်မတော်သားများက ဌာနဆိုင်ရာဝန်ထမ်းများ၊ ပရဟိတ လူမှုရေးအသင်းအဖွဲ့များနှင့်အတူ ရေဘေးသင့်ပြည်သူများအား ရေဘေးလွတ်ရာသို့ ကူညီရွှေ့ပြောင်းပေးခြင်း၊ လမ်း/တံတားများအား ပြန်လည်ပြုပြင်ခြင်း၊ ပြိုကျပျက်စီးခဲ့သည့် အုတ်တံတိုင်းများနှင့် အဆောက်အဦများအား ဖယ်ရှားရှင်းလင်းပေးခြင်းနှင့်

စာမျက်နှာ ၁၅ သို့ ▸▸

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# Mawlamyinegyun Township sends 85,000 bags of Ziya rice to Yangon market



MAWLAMYINEGYUN September 12

A total of 85,000 bags of Ziya rice were sent by Mawlamyinegyun Township of Ayeyawady Region to Yangon market , said Daw Win Maw, the owner of rice and paddy depot in Mawlamyinegyun Township.

Daw Win Maw explained: "Local merchants dispatched bags of Ziya rice to Yangon market. Local merchants prioritize sending of their agricultural produce to Yangon. Ziya is involved in the strip rice variety. It faces high demand from Yangon market. Merchants connect with local businesspersons from Mawlamyinegyun Township to purchase Ziya rice. Such kind of rice is in high demand due to merchants from Yangon market."

As Yangon market rises demand to trading of Ziya rice, local farmers, merchants and those in the production chain of rice are convenient in their livelihoods.

**SK**

## Farmers plant more than 600 acres of chilli in Yinmabin District



YINMABIN September 12

Statistics of Yinmabin District Agriculture Department stated that a total of 644 acres of monsoon chilli has been planted as monsoon crop in Yinmabin District of Sagaing Region.

In 2024-2025 monsoon season, Yinmabin District earmarked 1,095 acres of chilli but local farmers have so far planted 644 acres of monsoon chilli against the target cultivation.

Daw Myat Moe Win, Head of Yinmabin District Agriculture Department stated: "Local farmers have planted 644 acres of monsoon chilli against the target of more than 1,000 acres in Yinmabin District. Their chilli plantations are thriving at present. Our department urged farmers to grow chilli on a commercial scale."

This year, Yinmabin Township grew 46 acres of chilli, Kani Township 156 acres, Salingyi Township 420 acres and Pale Township 22 acres, totalling 644 acres.

In 2024-2025 monsoon, Yinmabin Township earmarked 385 acres of chilli, Kani Township 690 acres and Pale Township 20 acres, totalling 1,095 acres.

Staff members of relevant agriculture departments help local farmers fetch good prices of chilli in the market, use agricultural techniques, prevent pests, improve fertile soil and make natural fertilizers.

Local farmers have to spend Ks-1.5 million per acre for cultivation of chilli on own land but Ks-2.5 million for rented lands. Chilli must be harvested once every 15 days for six months. It yields some 100 viss per acre but its yield increases to 400-500 viss per acre weekly.

**SMK**

## Farmers emphasize cultivation of pigeon pea in YeU Township this monsoon

YEU September 12

YeU District Agriculture Department stated that a total of 6,211 acres of pigeon pea has been planted in YeU Township of Sagaing Region this monsoon.

In 2024-2025 monsoon, Yeu Township earmarked 6,224 acres of pigeon pea but local farmers grew 6,211 acres of pigeon pea against the target of cultivation.

U Zaw Myint Tun, Head of YeU District Agriculture Department stated: "Local authorities earmarked 6,224 acres of pigeon pea this monsoon but local farmers grew 6,211 acres of the bean. Township authorities assist in cultivation of pigeon pea to have higher per-acre yield. Local farmers grow pigeon pea separately as well as in mixed-crop pattern."

This year, YeU Township encourage local farmers to select quality strains of crops, use correct agricultural technique, prevent pests and boost per-acre yield of crops.

Moreover, township agricultural staff share knowledge with local farmers how to make pesticides and natural fertilizers in order to cut cost of farming works.

**SK**

## Kalay Township finishes cultivation of more than 90,000 acres of monsoon paddy

KALAY September 12

Statistics of Kalay Township Agriculture Department stated that a total of 91,012 acres of monsoon paddy has so far been planted in Kalay Township of Sagaing Region.

In 2024-2025 monsoon, farmers in the township could grow 91,012 acres of monsoon paddy against the target of 127,157 acres of monsoon this year.

U Naing Tun Win, Head of Kalay Township Agriculture Department explained: "Local authorities set a plan to grow more than 100,000 acres of monsoon paddy in Kalay Township but local farmers planted more than 90,000 acres. They are striving for meeting the target acreage. We are giving necessary agricultural technologies and quality strains of crops, encouraging local farmers to grow paddy in time."

This year, officials from relevant township agricultural departments cooperate with local farmers in growing monsoon paddy to overcome any challenges.

In Kalay Township, officials assist in growing monsoon paddy with agricultural techniques, prevention of pests, minimizing loss and waste of crops, and keeping paddy under shelter in time.

This year, officials encourage local farmers for thriving of monsoon paddy plantations in the farmlands in Kalay Township, selection of quality strains of crops, prevention of pests, weeding and removal of different species and systematic broadcasting of fertilizers at the farmlands.

**SMK**

# State Administration Council
# Press Release
# Re-invitation to Myanmar citizens who reside in various regions for many reasons

1. Some student youths, State service personnel and citizens evaded to areas of EAOs and foreign countries with worries because of incitements and intimidation of NLD members, extremist followers, unlawful associations and terrorist groups such as CRPH and NUG, incitement of CDM, and the persons and organizations at home and abroad not wishing to restore the peace and stability of the State since after 1 February 2021 when the Tatmadaw assumed the State responsibility.

2. They are further worried about the dictatorship statement and speeches of unlawful association and terrorist group CRPH and NUG, and some relevant persons. As they face no security guarantee and difficulties in socio-economic life in their areas, they wish to return to their native lands.

**3. The State Administration Council will specially ease the restrictions for service personnel, intellectuals and intelligentsia, and the persons from various arenas and citizens who evaded from the country with worries, except the persons who committed murders, robbery, setting fire, mine explosions and intentional attacks on security troops, those who crowded to attack public service personnel and some people, those who destroyed government owned buildings and private owned buildings and those who deeply participated in the CDM activities with providing monetary assistance and other ways.**

4. As those who evaded from their native areas are also citizens, the State Administration Council will arrange their returns from the evaded areas to various parts of Myanmar.

5. As such, the information was released that if those who evaded to various areas, except the persons who committed any kinds of crime, wish to return to their native lands in Myanmar of their own accord due to various worries, the citizens abroad are to contact nearby ward, village, township and district administration bodies and relevant embassies, military attaché offices and consulates in accord with the easing restrictions under the law.

**Information Team**
**State Administration Council**

# More than 6,865 acres of maize allocated to plant Yenangyaung Township

YENANGYAUNG September 12

A total of 6,865 acres of maize were targeted to grow in Yenangyaung Township of Magway Region in this year's rain crops planting season, and as of 10 August, 4,583 acres of corns have been grown, according to the statistics released by the Township Agriculture Department.

Maize is not only being grown in rainy season as rain crop but also throughout all seasons with underground water in the Township.

In this year's rain crops growing season, over 4,583 acres of maize were planted, and as of now, 2,776 acres have been harvested with a yield of 15,473 corns per acre, and a total of 4,295,395 corns were produced from 2,776 acres of maize in the Township, according to the statistics of the Township Department of Agriculture.

**SK**

# Sagaing District cultivates 488 acres of rain-fed bananas

SAGAING September 12

A total of 488 acres of bananas have been planted during this year's rain crops planting season, in Sagaing District, Sagaing Region, according to statistics from the Department of Agriculture for Sagaing District.

During the 2024-2025 rain crops planting season, 488 acres have been earmarked for planting in Sagaing District, and since May of this year, they have planted 100 percent of the acres.

"Lately, bananas have also been planted in fields. Pest infestations are generally less," said Daw Thida Lwin, head of the Department of Agriculture for Sagaing District.

This year, the completion of bananas planted by townships in Sagaing District is as per following: 263 acres in Sagaing Township, 197 acres in Myinmu Township, and 28 acres in Myaung Township, totalling 488 acres.

It is reported that the banana growers planted up to 1,000 banana plants per acre of land and spent up to Ks-20 million per acre. The growers earned around Ks-50 million per acre.

**SMK**

# More than 70,000 acres of pulses and beans planted in Wetlet Township

WETLET September 12

A total of 73,399 acres of pulses and beans have been planted in Wetlet Township of Sagaing Region, according to the township agriculture department.

In 2024-2025 monsoon season, the township authorities earmarked 73,873 acres of pulses and beans but local farmers planted 73,399 acres of pulses and beans against the target cultivation.

Daw Kyin San, Head of Wetlet Township Agriculture Department commented: "Local authorities earmarked cultivation of 73,873 acres of pulses and beans this monsoon in Wetlet Township but local farmers have so far planted 73,399 acres. They are trying hard to meet the target cultivation. Our department urged local farmers to expand sown acreage of pulses and beans and shared techniques with local farmers to choose quality strains of crops."

This year, local farmers have planted 38,524 acres of green gram, 6,021 acres of small red bean, 5,998 acres of rice bean, 22,365 acres of pigeon pea and 491 acres of lablab bean, totalling 73,399 acres.

In 2024-2025 monsoon cultivation season, Wetlet Township planned to grow 38,641 acres of green gram, 5,854 acres of small red bean, 5,997 acres of rice bean, 21,256 acres of pigeon pea and 2,125 acres of lablab bean, totalling 73,873 acres.

This year, agriculturists help local farmers choose quality strains of crops, use agricultural inputs and apply post-harvest technology.

**SK**

# Soyuz delivers new crew to space station

MOSCOW September 12

Russia's Soyuz MS-26 spacecraft has successfully delivered a crew of two Roscosmos cosmonauts and one NASA astronaut to the International Space Station (ISS), Russia's national spaceflight corporation has announced.

A Russian Soyuz-2.1a rocket blasted off from the Baikonur Cosmodrome in Kazakhstan at 7:23pm Moscow time. Just over three hours later, it docked with the ISS.

"Today at 22:32 Moscow time, the Soyuz MS-26 manned spacecraft docked with the Rassvet module in automatic mode,"Roscosmos wrote on its Telegram channel on Wednesday.

The Soyuz MS-26 mission commander, Aleksey Ovchinin, as well as flight engineers Ivan Vagner and Don Pettit of NASA, were greeted by the ISS crew upon disembarking.


Soyuz delivers new crew to space station.

The trio is part of the station's Expedition 72 crew. They joined the Expedition 71 crew currently aboard the ISS – Roscosmos' Oleg Kononenko, Nikolay Chub, and Aleksandr Grebenkin, as well as NASA's Matthew Dominick, Michael Barratt, Jeanette Epps, Tracy Caldwell-Dyson, Suni Williams, and Butch Wilmore.

Williams and Wilmore were originally expected back on Earth in June, but their Boeing Starliner spacecraft encountered technical issues, leaving them stranded in space indefinitely. The Starliner returned uncrewed, landing in New Mexico last week, according to NASA.

The Soyuz MS-26 is the tenth Russian launch vehicle sent into space this year. The 72nd expedition is expected to receive two cargo spacecraft – Progress MS-29 and Progress MS-30 – during its planned 202 days in orbit, according to Roscosmos. **RT**

# 1 killed, 40 detained by Israeli army in West Bank

RAMALLAH September 12

The Israeli army killed a Palestinian and detained 40 others in the West Bank, said Palestinian sources on Thursday.

A 46-year-old Palestinian man identified as Sufyan Abdul Jawad died after being shot in the heart by an Israeli sniper in Far'a refugee camp south of northern West Bank's city of Tubas, Palestinian medical sources told Xinhua.

Israeli forces stormed the camp as its military operation in Tubas continued for the second day in a row, local sources and eyewitnesses said.

The Israeli army has not commented on the incident.

Meanwhile, the Ministry of Detainees and Ex-Detainees Affairs and the Palestinian Prisoners Club said in a joint statement that the Israeli army arrested at least 40 Palestinians across the West Bank from Wednesday to Thursday morning.

The majority of the arrests were made in Tubas and southern West Bank's city of Hebron, said the statement.

The West Bank has witnessed an escalation in tension since the outbreak of the conflict between Israel and Hamas in the Gaza Strip on October 7, 2023.

According to the Palestinian health ministry, Israel's large-scale raid across northern West Bank starting from Aug. 28 has killed over 40 Palestinians and injured more than 140. **Xinhua**

# New air-cargo route links China's Xinjiang, Poland's Katowice

URUMQI September 12

A new air freight route officially opened on Thursday, linking Urumqi, capital city of northwest China's Xinjiang Uygur Autonomous Region, and Katowice in Poland.

A freighter, loaded with 38 tonnes of clothing and other commodities, left Urumqi Diwopu International Airport for Katowice early Thursday, according to the customs of the airport.

The opening of the route will enhance the connection between Xinjiang and key airports in Europe and improve the efficiency of cargo transportation, the customs said.

Four to six flights per week will operate on the route starting in early October.

The airport has launched over 10 international cargo routes to countries including Kazakhstan, Georgia and Hungary.

The import commodities include textiles and cherries, while the main export items include fresh-cut flowers and footwear. **Xinhua**

# California declares state of emergency amid massive wildfires

LOS ANGELES September 12

California Governor Gavin Newsom declared a state of emergency on Wednesday as three massive wildfires continue to rage across four counties in Southern California.

Newsom traveled to Highland on Wednesday and proclaimed a state of emergency in Los Angeles and San Bernardino counties in response to the Bridge Fire, and in Orange and Riverside counties in response to the Airport Fire, a news release said.

The governor's office said it had secured federal assistance to support the response to the fast-moving Bridge, Airport and Line fires.

The fires, which broke out last week, escalated over the weekend due to soaring temperatures and critically dry vegetation amid a record-setting heat wave across Southern California.

On Saturday, Newsom declared a state of emergency for the Line Fire in San Bernardino County.

On Monday, he activated the California National Guard to assist nearly 2,000 firefighters in battling the wildfire.

As of Wednesday evening, the Line Fire had scorched over 36,481 acres (147.6 square km) and was at 18 percent contained, forcing mandatory evacuation orders for thousands of people, the California Department of Forestry and Fire Protection (Cal Fire) said.

The Bridge Fire increased over ten times in size in 24 hours, exploding from 4,000 acres (16.2 square km) on Tuesday to over 50,000 acres (202.3 square km) with zero containment. The fire broke out on Sunday in the Angeles National Forest in Los Angeles County, nearly 100 km west of the Line Fire.


California declares state of emergency amid massive wildfires.

In an update Wednesday afternoon, officials said about 40 homes and cabins were destroyed by the blaze. There have been no reports of significant injuries or deaths.

Fire officials said that there are currently more than 1,000 structures threatened by the fire. **Xinhua**

# Mysterious fever outbreak in India's Gujarat kills 16

NEW DELHI September 12

A mysterious fever outbreak in the western Indian state of Gujarat has killed 16 people, officials said Thursday.

The outbreak has been reported in several villages of Kachchh district, about 380 km west of Gandhinagar, the capital city of Gujarat.

Doctors have yet to diagnose the disease accurately. Health officials said cases of mysterious fever began to pour in immediately after the region was hit by flooding following heavy rainfall.

Locals told the media the patients who died from the mysterious disease had symptoms like fever, cold, cough, pneumonia and breathing issues.

Health officials said since the beginning of this month over 60 cases of mysterious fever have been detected.

Amit Arora, district collector of Kachchh, was quoted in local media saying the deaths appear to have been caused by pneumonia.

Officials have sent 11 samples of the deceased to Pune's National Institute of Virology to determine the cause.This season the Kutch district received the highest rainfall in Gujarat, recording about 890 mm of rain, or 184 percent of the average until September 10. **Xinhua**

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Scientists teach a MUSHROOM to crawl by fitting it with adorable robotic legs

- **Scientists used signals from mycelium to control a starfish-shaped robot**
- **This technology could allow biological hybrid robots to gain more autonomy**



Natural electrical signals in the mushroom that are triggered by light are able to power the hybrid device's insect-style legs.

From breaking down toxins to changing the inner workings of the human mind, mushrooms are capable of some seriously impressive features.

But now, researchers have taken a fungi's amazing abilities to a new level as they teach a mushroom to crawl in a robot body.

Scientists from Cornwell University in New York have created a new type of 'biohybrid robot' which puts the humble mushroom in the driver's seat.

Natural electrical signals in the mushroom that are triggered by light are able to control the hybrid device's insect-style legs.

The researchers say that robots of the future could make use of these fungal brains to respond to navigate more unpredictable environments.

Co-author Professor Rob Shepherd, head of Cornell's Organic Robotics Lab, says: 'This paper is the first of many that will use the fungal kingdom to provide environmental sensing and command signals to robots to improve their levels of autonomy.'

Although mushrooms might be what comes to mind when we think about fungus, these are really just the tip of the iceberg.

A mushroom is just the fruiting body of a much larger underground network of hair-like structures called mycelia which make up most of the mass of a fungus and can be some of the largest organisms on the planet.

But thanks to their incredible properties, these vast networks of fibres are also a perfect base for biological robots.

Fungus naturally creates electronic signals which travel through ionic channels very similar to those found in the brain's neurons.

They are also capable of responding to chemical and biological signals and even reacting to stimuli in the environment.

The researchers made use of these natural characteristics to make the mycelium function like a simple brain for the robot.

Petri dishes of mycelium are placed in an interface which blocks out any outside interference and carefully records the natural electrical activity.

This raw signal is processed to pick out the mycelia's rhythmic spikes which are then converted into a signal which is used to control the robot's motors.

Since fungus is photosensitive, when strong light hits the mycelium this triggers a change in the electrical activity which sends commands to the robot.

That allows the natural activity of the mushroom to pilot the robot and respond to the world around it, even if the fungus isn't strictly aware of what it is doing.

Using this system, the researchers created two robots – a soft, starfish-like robot that walks on five legs and a larger robot that uses wheels.

When hit by an ultraviolet light the fungi changed its walking pattern accordingly, showing how hybrid robots are able to respond to stimuli.

Professor Shephard says: 'By growing mycelium into the electronics of a robot, we were able to allow the biohybrid machine to sense and respond to the environment.'

Since mycelium is capable of responding to so many different types of stimulus, the potential uses for this technology are vast, according to the team.

'In this case we used light as the input, but in the future it will be chemical,' says Professor Shephard.

'The potential for future robots could be to sense soil chemistry in row crops and decide when to add more fertilizer, for example, perhaps mitigating downstream effects of agriculture like harmful algal blooms.'

Fungal biohybrids also have the potential to open up more challenging environments to robots.

Lead author Dr Anand Mishra says: 'Living systems respond to touch, they respond to light, they respond to heat, they respond to even some unknowns, like signals.

'We can leverage these living systems, and any unknown input comes in, the robot will respond to that.'

In the past, scientists have used living cells like neurons to create biological computers capable of conducting simple tasks like playing the video game Pong.

Unlike a petri dish full of living cells, mycelium is extremely tough and can thrive in even the harshest conditions.

The researchers say that this could make biological robots a practical option for a far wider range of environments and situations.


However, Dr Mishra also believes that the implications of this study go beyond robotics.

Rather, he says that these sorts of robotic systems can help us understand non-human life on a deeper level.

By giving a fungus a body, we can physically see how it responds to stimulus or stress in a way that otherwise wouldn't be possible.

Dr Mishra says: 'This kind of project is not just about controlling a robot, it is also about creating a true connection with the living system.'

**Mail Online**




A specialised housing containing a mycelium sample is built into a soft robot to act as the walking device's brain.

INNOVATION

## ဆိုလာရေသန့်စက်က ပင်လယ်ရေကိုပင် သောက်ရေအဖြစ်သန့်စင်ပေးနိုင်

ဝါတာလူးတက္ကသိုလ်မှ သုတေသီများက ထိရောက်သောစွမ်းအင်သုံးစွဲမှုနှင့်အတူ ရေသန့်စက်တစ်မျိုးကို တီထွင်ဖန်တီးလိုက်နိုင်ပြီဖြစ်သည်။ ထိုရေသန့်စက်သည် နေရောင်ခြည်စွမ်းအင်ကို အသုံးပြုကာ ပင်လယ်ရေကို သောက်ရေအဖြစ် တစ်ရက်လျှင်လီတာ ၂၀ နှုန်းဖြင့်ပြောင်းလဲသန့်စင်ပေးနိုင်စွမ်းရှိသည်။

ထိုတီထွင်ဖန်တီးမှုသည် ကမ်းရိုးတန်းဒေသများ၊ ကျွန်းစုနိုင်ငံများကဲ့သို့ ရေချိုရှားပါးသည့်ဒေသများအတွက် အဓိကထားကာ သောက်သုံးရေရှားပါးမှုပြဿနာကိုဖြေရှင်းပေးနိုင်စေမည်ဖြစ်သည်။ ယခုနည်းပညာအသစ်သည် သဘာဝတွင်ဖြစ်ပေါ်နေသော ရေသံသရာကို ပုံစံတူတုပထားခြင်းဖြစ်သည်။

ဝါတာလူးတက္ကသိုလ်မှ သုတေသီများ၏ ရေငန်မှရေသန့်ထုတ်ယူမှုလုပ်ငန်းစဉ်တွင်မူ ရေငန်ကိုရေငွေ့ပြန်စေပြီး ငွေ့ရည်ဖွဲ့သည့်နည်းလမ်းဖြင့် ရေချိုကိုထုတ်ယူခြင်းဖြစ်သည်။ ထိုစနစ်အတွက်အဓိကကျသည်မှာ နေရောင်ခြည်စွမ်းအင်ဖြစ်ပြီး ရရှိသောနေရောင်ခြည်၏ ၉၃ ရာခိုင်နှုန်းအထိကို အသုံးပြုနိုင်သောစွမ်းအင်အဖြစ်သို့ပြောင်းလဲပေးနိုင်စွမ်းရှိသည်။ Ref: IE

K.H



## စွမ်းအင်ထုတ်စက်တစ်မျိုးက ပင်လယ်ရေသုံးပြီး လျှပ်စစ်များကိုအဆက်မပြတ်ထုတ်ပေးနိုင်

တောင်ကိုရီးယားသုတေသနပညာရှင်များက စွမ်းအင်ထုတ်စက်တစ်မျိုးကို ဖန်တီးလိုက်ပြီး ထိုစက်က ပင်လယ်ရေကိုသုံးကာ လျှပ်စစ်ဓာတ်အားများကို စဉ်ဆက်မပြတ်ထုတ်ပေးနိုင်ကြောင်း တွေ့ရသည်။

သုတေသီများသည် ပင်လယ်ရေထဲတွင်ပါဝင်သော ဆိုဒီယမ်အိုင်းယွန်းများ သဘာဝအလျောက်လှုပ်ရှားမှုအပေါ်မူတည်ကာ လျှပ်စစ်ဓာတ်အားကို ထုတ်လုပ်ပေးနိုင်သည့်စက်ကိုတီထွင်လိုက်ခြင်းဖြစ်သည်။

အဆိုပါစက်တွင် အလွှာအထပ်ထပ်ရှိသည့် ကာဗွန်နာနိုချောင်းများနှင့် ဂရပ်ဖင်းအောက်ဆိုက်ဖလင်ပြားများပါဝင်ပြီး ၎င်းတို့က လျှပ်ခေါင်းများအဖြစ်တာဝန်ထမ်းဆောင်သည်။ ထို့နောက်တွင် ပင်လယ်ရေက လျှပ်လိုက်ရည်အဖြစ်တာဝန်ယူခြင်းအားဖြင့် လျှပ်စစ်ဓာတ်အားကိုထုတ်လုပ်ပေးခြင်းဖြစ်သည်။

ထိုစွမ်းအင်ထုတ်စက်၏ အားသာချက်တစ်ခုက ပြင်ပမှနေ၍အားသွင်းပေးရန်လိုအပ်ခြင်းမရှိဘဲ လျှပ်စစ်ဓာတ်အားကို စဉ်ဆက်မပြတ် ထုတ်လွှတ်ပေးနိုင်ခြင်းဖြစ်သည်။ အဆိုပါစွမ်းအင်ထုတ်စက်ကို အာရုံခံကိရိယာများ၊ ဂဏန်းတွက်စက်များကဲ့သို့ လျှပ်စစ်ပစ္စည်းများတွင်အသုံးပြုနိုင်မည့်အပြင် လျှပ်စစ်ဓာတ်အားပမာဏများများလိုအပ်ပါက စွမ်းအင်ထုတ်စက်အရွယ်အစားကိုကြီးလိုက်ရုံပင်ဖြစ်သည်။

Ref: IE

K.H



MILITARY

## ဘီအေအီးက စွမ်းဆောင်ရည်မြင့် မောင်းသူမဲ့သံချပ်ကာယာဉ်ကိုပြသ



ဩစတြေးလျနိုင်ငံ၏ ကာကွယ်ရေးပစ္စည်းထုတ်လုပ်မှုကုမ္ပဏီတစ်ခုဖြစ်သော ဘီအေအီးကုမ္ပဏီက စွမ်းဆောင်ရည်မြင့် မောင်းသူမဲ့သံချပ်ကာယာဉ်ကို ထုတ်ဖော်ပြသလိုက်ပြီဖြစ်သည်။

ထိုသံချပ်ကာယာဉ်သည် ငွေကုန်အကျိုးရှိစေသည့် ဘီးရှစ်လုံးတပ်မောင်းသူမဲ့သံချပ်ကာယာဉ်ဖြစ်ပြီး အနာဂတ်တိုက်ပွဲများတွင် အခန်းကဏ္ဍတစ်ရပ်အဖြစ်ပါဝင်သွားနိုင်မည်ဖြစ်သည်။

၎င်း၏စွမ်းဆောင်ရည်များအနက်တစ်ခုက လမ်းကြမ်းဖြစ်စေ၊ လမ်းချောဖြစ်စေ မည်သည့်နေရာတွင်မဆို အတားအဆီးများကို အလိုအလျောက်ကျော်လွှားနိုင်ခြင်းဖြစ်သည်။ ထို့ပြင် လမ်းကြောင်းကိုကြိုတင်သတ်မှတ်နိုင်ကာ နည်းဗျူဟာမြောက် ဆုံးဖြတ်ချက်များကိုလည်း ကိုယ်တိုင်ချမှတ်နိုင်စွမ်းရှိသည်။

အလားတူ အဓိကလက်နက်အနေဖြင့် အပေါ်စားအလိုအလျောက်ဆုံလည်ပေါ်တွင် ၂၅ မီလီမီတာ စက်အမြောက်ကိုတပ်ဆင်ပေးထားသည်။ ထိုလက်နက်ကိုတပ်ဆင်ပေးထားမှုကြောင့် မီတာ ၂၅၀၀ အကွာအဝေးရှိပစ်မှတ်ကိုပင် ထိမှန်အောင်ပစ်ခတ်နိုင်စွမ်းရှိသည်။

ထိုသံချပ်ကာယာဉ်ကိုသုံးခြင်းအားဖြင့် သေရေးရှင်ရေးတမျှအရေးကြီးသော စစ်မြေပြင်တွင် စစ်သည်များကိုသက်သာရာရစေမည်ဖြစ်သည်။ Ref: IE

K.H

## အမေရိကန်၏အသံနှုန်းလွန်ဒုံးကျည်အအေးခံရန် ချွေးထုတ်နည်းလမ်းသုံးမည်



အမေရိကန်လေတပ်ကအသုံးပြုမည့် အသံနှုန်းလွန်ဒုံးကျည်သည် လေထုနှင့်ပွတ်တိုက်မှုကြောင့်ဖြစ်ပေါ်လာသော အပူကိုအအေးခံရန် လူများကဲ့သို့ ချွေးထုတ်သည့်နည်းလမ်းကို အသုံးပြုသွားမည်ဖြစ်သည်။

အသံနှုန်းလွန်ဒုံးကျည်များသည် အသံထက်ငါးဆကျော်မြန်သည့်နှုန်းဖြင့် ပျံသန်းရသောကြောင့် ၎င်း၏အပူချိန်မှာ ၃၀၀၀ ဒီဂရီစင်တီဂရိတ်အထိရောက်ရှိနိုင်သည်။ ခံစားရသည့်အပူချိန်မြင့်တက်လာသည်နှင့်အမျှ ဒုံးကျည်၏အမြန်နှုန်းသည်လည်း ကျဆင်းလာရသည်။


ယခုမူ ချွေးထုတ်သည့်နည်းလမ်းကို အသုံးပြုခြင်းအားဖြင့် ဒုံးကျည်၏အပူချိန်ကိုလျှော့ချနိုင်ပြီး အမြန်နှုန်းကိုလည်းပိုမိုတိုးမြင့်စေမည်ဖြစ်သည်။ ထိုနည်းလမ်းအတွက်ပညာရှင်များက ဖိသိပ်ထားသည့်အရည်တစ်မျိုးကို ဒုံးကျည်ထိပ်ပိုင်းတွင်ထည့်ထားပြီး ၎င်းကိုရေငွေ့ပြန်စေခြင်းဖြင့် အအေးပေးခြင်းဖြစ်သည်။ Ref: IE

K.H

## အန်ဒူရေက စွမ်းအားမြင့်ဒုံးကျည်အမျိုးအစားများကို ထုတ်ဖော်ပြသ

အမေရိကန်ကာကွယ်ရေးနည်းပညာကုမ္ပဏီတစ်ခုဖြစ်သော အန်ဒူရေက စွမ်းအားမြင့် Barracuda-M ဒုံးကျည်အုပ်စုကို ထုတ်ဖော်ပြသလိုက်သည်။ ထိုဒုံးကျည်များသည် အနိမ့်ပျံဒုံးကျည်များဖြစ်ပြီး အမျိုးအစားသုံးမျိုးဖြင့်လာကာ ပမာဏအမြောက်အမြားထုတ်လုပ်နိုင်မည်ဖြစ်သည်။

ဒုံးကျည်အုပ်စုတွင်ပါသော အမျိုးအစားသုံးမျိုးမှာ Barracuda-100၊ Barracuda-250 နှင့် Barracuda-500 တို့ဖြစ်ကာ ၎င်းတို့၏အဓိကခြားနားချက်မှာ အရွယ်အစား၊ ရောက်ရှိနိုင်သည့်အကွာအဝေးနှင့် သယ်ဆောင်နိုင်သည့် ဒုံးကျည်ထိပ်ဖူးအလေးချိန်တို့ပင်ဖြစ်သည်။




ထိုဒုံးကျည်များကို ဈေးနှုန်းသက်သက်သာသာဖြင့်ဝယ်ယူနိုင်မည်ဖြစ်သကဲ့သို့ လိုအပ်ချိန်တွင်လည်း ပမာဏအမြောက်အမြား ထုတ်လုပ်နိုင်သောကြောင့် အမေရိကန်ပြည်ထောင်စုအတွက် အကျိုးရှိစေမည်ဖြစ်သည်ဟု ကုမ္ပဏီကထုတ်ပြန်ထားသည်။ Ref: IE

K.H

# SpaceX က ကမ္ဘာ့ပထမဆုံး ပုဂ္ဂလိကအာကာသလမ်းလျှောက်မှုကို အောင်မြင်စွာပြုလုပ်နိုင်

**ဟောသွန်း၊ အာကာသ**

SpaceX ကုမ္ပဏီက ကမ္ဘာ့ပထမဆုံးအဖြစ် ပုဂ္ဂလိကအာကာသလမ်းလျှောက်မှုကိုအောင်မြင်စွာဆောင်ရွက်နိုင်ခြင်းဖြင့် သမိုင်းမှတ်တိုင်အသစ်တစ်ခုကို စိုက်ထူလိုက်နိုင်ပြီဖြစ်သည်။

Polaris Dawn အာကာသခရီးသွားအစီအစဉ်တွင်ပါဝင်သွားသူများသည် စက်တင်ဘာလ ၁၂ ရက်တွင် ကမ္ဘာမြေပြင်၏အထက် မိုင်ပေါင်း ၄၅၈ မိုင်၌ အာကာသလမ်းလျှောက်ခြင်းကို လုပ်ဆောင်ခြင်းဖြစ်သည်။

အာကာသယာဉ်အပြင်ဘက်ထွက်၍ လမ်းလျှောက်ခြင်းအစီအစဉ်ကို ဦးစွာပြုလုပ်သူမှာ ထိုအစီအစဉ်၏ဦးဆောင်သူဖြစ်သည့် ဂျဲရတ်အိုင်းဆက်မန်းဖြစ်သည်။ ၎င်းသည် မိနစ်အနည်းငယ်ကြာသည်အထိ အာကာသအတွင်းလွင့်မျောနေရသည့် ခံစားမှုကိုခံစားပြီးနောက် အာကာသယာဉ်ထဲသို့ပြန်ဝင်သွားသည်။

အိုင်းဆက်မန်း၏နောက်တွင် ထိုအစီအစဉ်၌လိုက်ပါလာသူ ကျွမ်းကျင်ပညာရှင်ဆာရာဂီလီက အာကာသယာဉ်မှ အပြင်သို့ထွက်၍ လှုပ်ရှားနိုင်မှုကို စမ်းသပ်ခြင်း၊ အာကာသဝတ်စုံအသစ်များ၏ စွမ်းဆောင်ရည်များကို သရုပ်ပြသခြင်းတို့ လုပ်ဆောင်သည်။

အာကာသလမ်းလျှောက်ခြင်းအတွက် ကြာမြင့်ချိန်စုစုပေါင်း မိနစ် ၂၀ ခန့်ရှိသော်လည်း လမ်းလျှောက်နိုင်ရေးလုပ်ဆောင်ရသည့်လုပ်ငန်းစဉ်တစ်ခုလုံးက နှစ်နာရီမျှကြာမြင့်သည်။

ထိုခရီးစဉ်သည် ငါးရက်ကြာမြင့်မည်ဖြစ်ပြီး စက်တင်ဘာလ ၁၀ ရက်တွင် ကနေဒီအာကာသယာဉ်လွှတ်တင်ရေးစခန်းမှနေ၍Faclcon-9 ဒုံးပျံဖြင့် စတင်ထွက်ခွာလာခြင်းဖြစ်ကာ ထိုခရီးစဉ်တစ်ခုလုံးကို အိုင်းဆက်မန်းက ငွေကြေးစိုက်ထုတ်ပေးထားခြင်းဖြစ်သည်။

**Ref: IE**




# နိုင်ငံပေါင်း ၃၄ နိုင်ငံက BRICS အဖွဲ့သို့ဝင်ရန် စိတ်ဝင်စားနေ

**မော်စကို၊ အဖွဲ့အစည်း**

ကမ္ဘာ့နိုင်ငံပေါင်း ၃၄ နိုင်ငံက BRICS အဖွဲ့သို့ တစုတစည်းတည်း သို့မဟုတ် အခြားသောပုံစံဖြင့်ဝင်ရန် စိတ်ဝင်စားမှုများရှိနေသည်ဟု ရုရှားသမ္မတဗလာဒီမာပူတင်က စက်တင်ဘာလ ၁၂ ရက်တွင် ပြောသည်။

ရုရှားနိုင်ငံက BRICS အဖွဲ့၏အလှည့်ကျဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်စဉ် တာဝန်ဝတ္တရားများအနက် ၇၀ ရာခိုင်နှုန်းကျော်ကို ဖြည့်ဆည်းပေးထားနိုင်ပြီဖြစ်ကြောင်း ပူတင်က လုံခြုံရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ထိုအဖွဲ့ဝင်နိုင်ငံများမှကိုယ်စားလှယ်များနှင့်တွေ့ဆုံစဉ် ပြောခြင်းဖြစ်သည်။

ထို့ပြင် BRICS အဖွဲ့သည် ဆိုက်ဘာရာဇဝတ်မှုအပါအဝင် လုံခြုံရေးဆိုင်ရာစိန်ခေါ်မှုများကိုတုံ့ပြန်ရေးနှင့် အကြမ်းဖက်မှုကိုတိုက်ဖျက်ရေးတို့တွင် အတွေ့အကြုံကောင်းများရရှိထားပြီဖြစ်ကြောင်း ၎င်းက ဆက်ပြောသည်။

BRICS အဖွဲ့၏ ထိပ်သီးညီလာခံကို အောက်တိုဘာလ ၂၂ ရက်မှ ၂၄ ရက်အထိ ရုရှားနိုင်ငံ၌ ကျင်းပသွားမည်ဖြစ်ပြီး ထိုညီလာခံပြီးပါက ရုရှား၏အလှည့်ကျဥက္ကဋ္ဌတာဝန်ပြီးဆုံးမည်ဖြစ်သည်။ ထိုထိပ်သီးညီလာခံသို့ တရုတ်သမ္မတ ရှီကျင့်ဖျင်လည်း တက်ရောက်မည်ဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနကထုတ်ပြန်ထားသည်။

**Ref: Sputnik**



# ပိုင်နက်ကျူးကျော်လာသူများကို ချေမှုန်းသွားမည်ဟု တရုတ်သတိပေး

**ပေကျင်း၊ စစ်ရေး**

တောင်တရုတ်ပင်လယ်အပါအဝင် နိုင်ငံ၏အချုပ်အခြာအာဏာပိုင်နက်နယ်မြေကျူးကျော်လာသူများကို ချေမှုန်းသွားမည်ဖြစ်ကြောင်း တရုတ်စစ်ဘက်အရာရှိကြီးတစ်ဦးက စက်တင်ဘာလ ၁၂ ရက်တွင် ပြောသည်။

ထို့ပြင် တောင်တရုတ်ပင်လယ်ကို ငြိမ်းချမ်းမှုရှိသောပင်လယ်အဖြစ်ဆက်လက်မြင်တွေ့လိုကြောင်း တရုတ်တပ်မတော်မှ ဒုတိယဗိုလ်ချုပ်ကြီးဟောလိုင်းက သတင်းထောက်များကိုပြောသည်။

အမေရိကန်က သူ့ကိုယ်စားအသေခံပေးမည့်နိုင်ငံများကို ရှေ့တန်းသို့တွန်းပို့လာလျှင်ဖြစ်စေ၊ အမေရိကန်ကိုယ်တိုင်ရှေ့တန်းသို့ရောက်လာလျှင်ဖြစ်စေ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်ကသည်းခံခွင့်လွှတ်သွားမည်မဟုတ်ကြောင်း၊ ပိုင်နက်နယ်မြေအပေါ် ကျူးကျော်မှုမှန်သမျှကို ခိုင်မာသောဆုံးဖြတ်ချက်နှင့်အတူ ပြတ်ပြတ်သားသားနှင့် ထိရောက်မှုရှိစွာ ချေမှုန်းသွားမည်ဖြစ်ကြောင်း ဟောလိုင်းက ပြောထားသည်ဟုသိရသည်။

**Ref: RTA**

## သတင်းတိုကဏ္ဍ

### ရေကြီးမှုကြောင့် ထိုင်းမြောက်ပိုင်း၌ လူပေါင်းများစွာပိတ်မိနေ

ထိုင်းနိုင်ငံမြောက်ပိုင်း၌ဖြစ်ပေါ်လျက်ရှိသည့် ရေကြီးမှုများကြောင့် လူထောင်ပေါင်းများစွာမှာ ပိတ်မိနေဆဲဖြစ်ကြောင်း သိရသည်။

ထို့ကြောင့် ထိုင်းအစိုးရက လှေများနှင့် ရဟတ်ယာဉ်များအသုံးပြုကာ ရေကြီးမှုအတွင်းပိတ်မိနေသူများထံအရောက်သွားနိုင်ရေးကြိုးပမ်းနေကြောင်း တာဝန်ရှိသူများက စက်တင်ဘာလ ၁၂ ရက်တွင်ပြောသည်။

ထိုင်းနိုင်ငံတစ်ဝန်း၌ ဩဂုတ်လလယ်မှစ၍ မိုးသည်းထန်စွာရွာသွန်းမှုနှင့်အတူ နောက်ဆက်တွဲဖြစ်ပွားသော မြေပြိုမှုများကြောင့် အနည်းဆုံး လူ ၃၃ ဦးသေဆုံးထားသည်။

လက်ရှိတွင် နိုင်ငံမြောက်ပိုင်းရှိ ချင်းရိုင်ပြည်နယ်၌ အချို့ဒေသများတွင်ရေကြီးမှုလျော့ကျသွားသော်လည်း ကမ်းနားဒေသများတွင် ရေလွှမ်းမိုးနေဆဲဖြစ်သည်။

**Ref: RTA**

### ရာဂိမုန်တိုင်းကြောင့် ဗီယက်နမ်၌ သေဆုံးသူ ၂၂၆ ဦးအထိမြင့်တက်လာ

ဗီယက်နမ်နိုင်ငံ၌ အင်အားပြင်းတိုင်ဖွန်းမုန်တိုင်းတစ်ခုဖြစ်သော ရာဂိဝင်ရောက်တိုက်ခတ်မှုကြောင့် စက်တင်ဘာလ ၁၂ ရက်အထိ နိုင်ငံတစ်ဝန်း၌ သေဆုံးသူ ၂၂၆ ဦးအထိရှိလာပြီဖြစ်ကြောင်း စိုက်ပျိုးရေးနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနကထုတ်ပြန်ထားသည်။

ယမန်နေ့က မြစ်ရေကြီးမှုဖြစ်ပေါ်သည့် မြစ်နီမြစ်မှာ ယခုအခါရေပြန်ကျနေပြီဖြစ်သော်လည်း စိုးရိမ်ရေမှတ်အောက်အထိ မရောက်သေးကြောင်း မိုးလေဝသဌာနက ထုတ်ပြန်ထားသည်။ ထို့အတူ မြေပြိုနိုင်မှုသတိပေးချက်များကို နိုင်ငံမြောက်ပိုင်း၌ ဆက်လက်ထုတ်ပြန်ထားသည်။

ထို့ပြင် ဒေသတစ်ဝန်း၌ တာဝန်ရှိသူများက ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကိုဆက်လက်လုပ်ဆောင်နေကြောင်းနှင့် ဗီယက်နမ်နိုင်ငံသို့ နိုင်ငံတကာမှအကူအညီများလည်းရောက်လာကြောင်း သိရသည်။

**Ref: Xinhua**

### ကယ်လီဖိုးနီးယားတောမီးလောင်မှု အရေးပေါ်အခြေအနေကြေညာ

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ်တောင်ပိုင်းရှိ စီရင်စုလေးခုတွင် တောမီးအကြီးအကျယ်လောင်ကျွမ်းမှုဖြစ်ပွားနေခြင်းကြောင့် ပြည်နယ်အုပ်ချုပ်ရေးမှူးက စက်တင်ဘာလ ၁၁ ရက်တွင် တောမီးလောင်မှုကို အရေးပေါ်အခြေအနေအဖြစ်ကြေညာလိုက်ကြောင်းသိရသည်။

ထိုကဲ့သို့ အရေးပေါ်အခြေအနေကြေညာလိုက်သည့်အတွက် တောမီးလောင်မှုကိုထိန်းချုပ်နိုင်ရေး ဗဟိုအစိုးရ၏ကူညီထောက်ပံ့မှုများရရှိမည်ဖြစ်ကြောင်း ပြည်နယ်အုပ်ချုပ်ရေးမှူး ဂါဗင်နယူးဆမ်က ပြောသည်။

အဆိုပါတောမီးများသည် ပြီးခဲ့သည့်သီတင်းပတ်တွင်လောင်ကျွမ်းခြင်းဖြစ်ပြီး အပူချိန်မြင့်တက်မှုနှင့် ခြောက်သွေ့မှုတို့ကြောင့် မီးလောင်မှုအခြေအနေမှာ ပိုမိုဆိုးဝါးလာခြင်းဖြစ်သည်။

တောမီးသုံးခုလောင်ကျွမ်းမှုကြောင့် ဧရိယာစုစုပေါင်း ၁၁၀၀၀၀ ကျော်မီးဘေးသင့်ပြီး နေအိမ်အလုံး ၄၀ ကျော်ပျက်စီးထားသည့်အတွက် ရဟတ်ယာဉ်နှင့် လေယာဉ်အစင်း ၆၀ အပါအဝင်ဖြင့် မီးငြိမ်းသတ်လျက်ရှိသည်။

**Ref: Xinhua**

### တောင်ကိုရီးယားက နျူကလီးယားဓာတ်ပေါင်းဖိုများထပ်ဆောက်မည်

တောင်ကိုရီးယားအစိုးရက နျူကလီးယားဓာတ်ပေါင်းဖိုနှစ်လုံး ထပ်မံတည်ဆောက်ရေးအတွက် အတည်ပြုပေးလိုက်ပြီဖြစ်ကြောင်းသိရသည်။ ထိုဓာတ်ပေါင်းဖိုများကို နိုင်ငံအရှေ့တောင်ပိုင်းကမ်းရိုးတန်းတွင်တည်ဆောက်မည်ဖြစ်သည်။

အစိုးရ၏ နျူကလီးယားဘေးကင်းလုံခြုံရေးကော်မရှင်က ဓာတ်ပေါင်းဖိုများတည်ဆောက်မည့်ဒီဇိုင်းနှင့် မြေနေရာတို့ကိုကြည့်ရှုသုံးသပ်ပြီးနောက် မတော်တဆမှုဖြစ်နိုင်သော မည်သည့်အခြေအနေမျှမရှိသည့်အတွက် ခွင့်ပြုပေးလိုက်ခြင်းဖြစ်သည်ဟု ထုတ်ပြန်ထားသည်။

ဓာတ်ပေါင်းဖိုတစ်လုံးစီသည် လျှပ်စစ်ဓာတ်အား ၁ ဒသမ ၄ ဂစ်ဂါဝပ်ထုတ်လုပ်နိုင်မည်ဖြစ်ပြီး ၎င်းတို့ကို ၂၀၃၃ ခုနှစ်တွင် တည်ဆောက်သွားမည်ဖြစ်သည်။

ယခင်အစိုးရလက်ထက်တွင် တောင်ကိုရီးယားနိုင်ငံ၌ နျူကလီးယားအသုံးပြုမှုကို လျှော့ချရန်နှင့် ၂၀၈၄ ခုနှစ်တွင် နျူကလီးယားကင်းစင်ရန် ရည်ရွယ်ထားခဲ့ကြောင်း သိရသည်။

**Ref: RTA**

### အစ္စရေးက ပါလက်စတိုင်းပြည်သူ ၄၀ ဦးကိုဖမ်းဆီးထား

အစ္စရေးက အနောက်ဘက်ကမ်းခြေဒေသရှိ ပါလက်စတိုင်းပြည်သူ ၄၀ ဦးကို ဖမ်းဆီးထားကြောင်း ပါလက်စတိုင်းသတင်းအရင်းအမြစ်များက စက်တင်ဘာလ ၁၂ ရက်တွင်ပြောသည်။

ထို့ပြင် အစ္စရေးလက်ဖြောင့်သေနတ်သမားတစ်ဦး၏ပစ်ခတ်မှုကြောင့် ဒုက္ခသည်စခန်း၌ရှိနေသော အသက် ၄၆ နှစ်ရှိ ပါလက်စတိုင်းပြည်သူတစ်ဦးအသက်ဆုံးရှုံးရသည်ဟု သတင်းအရင်းအမြစ်များကပြောသည်။

အစ္စရေးတပ်ဖွဲ့များသည် အနောက်ဘက်ကမ်းခြေရှိ တူဘတ်မြို့၏ဒုက္ခသည်စခန်းကို ဝင်ရောက်စီးနင်းတိုက်ခိုက်မှုများလုပ်ဆောင်ရာ ယခုအခါ နှစ်ရက်မြောက်ရှိလာပြီဖြစ်ကြောင်း ဒေသတွင်းသတင်းအရင်းအမြစ်များကပြောသည်။

အစ္စရေးစစ်ဘက်ကမူ ပါလက်စတိုင်းတို့၏ပြောဆိုချက်နှင့်ပတ်သက်၍ မည်သို့မျှတုံ့ပြန်ပြောထားခြင်းမရှိကြောင်း သိရသည်။

**Ref: Xinhua**

# ရန်ကုန်တက္ကသိုလ်၊ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်၊ ဒဂုံတက္ကသိုလ်၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်(ရွာသာကြီး)နှင့် မြန်မာစာအဖွဲ့ရုံးသို့ ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့် ကြည့်ရှုစစ်ဆေး



ရန်ကုန် စက်တင်ဘာ ၁၂

ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တက္ကသိုလ်သို့ ရောက်ရှိပြီး ရန်ကုန်မြို့ရှိ တက္ကသိုလ်များမှ အင်္ဂလိပ်စာပါရဂူ ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခများနှင့် တွေ့ဆုံ၍ အလယ်တန်းအဆင့်နှင့် အထက်တန်းအဆင့် အင်္ဂလိပ်စာ သဒ္ဒါ (Grammar) စာအုပ်များ ပြုစုရေးနှင့် မီဒီယာများမှ ထုတ်လွှင့်သင်ကြားရေးကိစ္စရပ်များကို ဆွေးနွေးသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် မြန်မာနိုင်ငံတိုင်းရင်းသားဘာသာစကား ဦးစီးဌာန မြန်မာစာအဖွဲ့ရုံး၌ မြန်မာစာ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းမှ ဘာသာဗေဒပညာရှင် မြန်မာစာပါမောက္ခများ၊ အထောက်အကူပြုအဖွဲ့ဝင်များနှင့် တွေ့ဆုံပြီး မြန်မာစာ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းအောင်မြင်ရေးအတွက် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့ပြင် ဒုတိယဝန်ကြီးသည် ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်သို့ သွားရောက်ပြီး တက္ကသိုလ်ဝင်းနှင့် ပရောဂျက်စာတမ်းများစာရင်း၊ ကျောင်းခေါ်ချိန် စာရင်းတို့ကို ကြည့်ရှုစစ်ဆေးကာ တက္ကသိုလ် သန့်ရှင်းသာယာလှပရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲအောင် ထိန်းသိမ်းဆောင်ရွက်ရန်၊ နိုင်ငံအကျိုးပြု MSME အကျိုးပြု သုတေသနများ ရွေးချယ်ဖော်ထုတ်ရန် မှာကြားသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (မြောက်ပိုင်း)ရှိ ဒဂုံတက္ကသိုလ်သို့ ရောက်ရှိပြီး တက္ကသိုလ်ဘောလုံးကွင်းများ၊ စားသောက်ဆိုင်များ၊ စာသင်ဆောင်များ၊ တက္ကသိုလ်ဝင်းအတွင်း စိမ်းလန်းစိုပြည်ရေးနှင့် ဥပဓိရုပ်ကောင်းမွန်ရေး ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးကာ ဆရာ၊ ဆရာမများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (တောင်ပိုင်း)ရှိ ရန်ကုန်စီးပွားရေးတက္ကသိုလ် (ရွာသာကြီး) သို့ သွားရောက်ပြီး ပါမောက္ခချုပ်၊ တာဝန်ရှိသူများနှင့်တွေ့ဆုံကာ အေးချမ်းစွာ ပညာသင်ကြားရေးအတွက် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ယူအေအီးနိုင်ငံတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသူတစ်ဦးအား အမိနိုင်ငံသို့ ပြန်လည်ပို့ဆောင်

**ရန်ကုန် စက်တင်ဘာ ၁၂**

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ပတွင် ရောက်ရှိနေသည့် အမိနိုင်ငံသားများ အခက်အခဲကြုံတွေ့ရပါက နိုင်ငံသားများအပေါ် အလေးအနက်တန်ဖိုးထားသည့်အနေဖြင့် မည်သို့သောအခြေအနေနှင့် တွေ့ကြုံရသည်ဖြစ်စေ မြန်မာကောင်စစ်ဝန်ချုပ်ရုံးနှင့် မြန်မာသံရုံးတို့သည် သက်ဆိုင်ရာ သံရုံးများနှင့်ချိတ်ဆက်၍ အမိနိုင်ငံသားများ မြန်မာနိုင်ငံသို့ အမြန်ဆုံးအေးချမ်းလုံခြုံစွာ ပြန်လည်ရောက်ရှိနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယူအေအီးနိုင်ငံ ဒူဘိုင်းမြို့တွင် အလုပ်လုပ်ကိုင်စဉ် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသူ မသွယ်သွယ်ဝင်းအား အမိ




နိုင်ငံသို့ အမြန်ဆုံးပြန်လည်ပို့ဆောင်နိုင်ရန် မြန်မာကောင်စစ်ဝန်ချုပ်ရုံးအနေဖြင့် ယူအေအီးနိုင်ငံရှိ လူဝင်မှုကြီးကြပ်ရေးဌာန၊ လူ့စွမ်းအားအရင်းအမြစ်နှင့် နိုင်ငံသားအကျိုးစီးပွားမြှင့်တင်ရေးဝန်ကြီးဌာနအပါအဝင် သက်ဆိုင်ရာများနှင့် ညှိနှိုင်းဆောင်ရွက်ခဲ့ရာ ပြန်လည်ထွက်ခွာခွင့်လက်မှတ် (Exit Permit) ရရှိခဲ့ပြီး စက်တင်ဘာလ ၁၁ ရက်တွင် ဒူဘိုင်း-ရန်ကုန်ခရီးဖြင့် ထွက်ခွာခဲ့ရာ ည ၁၀ နာရီ မိနစ် ၄၀ တွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိခဲ့သည်။

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ပ၌ အလုပ်လုပ်ကိုင်စဉ် အခက်အခဲကြုံတွေ့ရသည့် မြန်မာနိုင်ငံသားများကို မြန်မာကောင်စစ်ဝန်ချုပ်ရုံးနှင့် မြန်မာသံရုံးတို့မှ ညှိနှိုင်းကူညီဆောင်ရွက်မှုဖြင့် အမိနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ပေးလျက်ရှိရာ ယခုကဲ့သို့ အမိနိုင်ငံသားများ အတိဒုက္ခကြုံတွေ့နေရစဉ် ကူညီကယ်တင်ပေးမှုအား အလုပ်သမားနှင့် မိဘဆွေမျိုးများက နိုင်ငံတော်အစိုးရ၊ မြန်မာကောင်စစ်ဝန်ချုပ်ရုံးနှင့်မြန်မာသံရုံးတို့အား လှိုက်လှဲစွာအထူးကျေးဇူးတင်လျက်ရှိကြောင်း သိရသည်။ **ဓာတ်ပုံ - ကနူးညိမ်းသူ(သတင်းစဉ်)**

## စက်တင်ဘာလ၏ မိုးရေချိန်စံချိန်သစ်များ

| စဉ် | စခန်းအမည် | စံချိန်သစ်တင်သည့်ရက်စွဲ | မိုးရေချိန်စံချိန်သစ် | | ယခင်စံချိန်ကျိုးခဲ့သည့်ရက်စွဲ | မိုးရေချိန်စံချိန်ဟောင်း | | စခန်းဖွင့်သည့်နှစ်မှစ၍ လွန်ခဲ့သောနှစ်ပေါင်း |
|---|---|---|---|---|---|---|---|---|
| | | | မီလီမီတာ | လက်မ | | မီလီမီတာ | လက်မ | |
| ၁။ | ပခုက္ကူ | ၁၂-၉-၂၀၂၄ | ၂၃၇ | ၉.၃၃ | ၅-၉-၂၀၁၂ | ၁၃၆ | ၅.၃၅ | ၅၈ |
| ၂။ | ညောင်ဦး | ၁၂-၉-၂၀၂၄ | ၂၁၆ | ၈.၅၁ | ၉-၉-၁၉၈၉ | ၁၄၂ | ၅.၅၉ | ၆၀ |
| ၃။ | ဘားအံ (စိုက်ပျိုးရေးမိုးလေဝသ) | ၁၂-၉-၂၀၂၄ | ၂၃၀ | ၉.၀၅ | ၁၁-၉-၂၀၂၄ | ၁၈၇ | ၇.၃၆ | ၄၁ |
| ၄။ | မိတ္ထီလာ | ၁၂-၉-၂၀၂၄ | ၁၄၃ | ၅.၆၃ | ၃၀-၉-၂၀၀၆ | ၁၁၄ | ၄.၄၉ | ၆၈ |
| ၅။ | ညောင်ဦး (လေကြောင်းမိုးလေဝသ) | ၁၂-၉-၂၀၂၄ | ၁၂၆ | ၄.၉၆ | ၁၉-၉-၂၀၀၀ | ၈၆ | ၃.၃၉ | ၃၅ |
| ၆။ | ချောက် | ၁၂-၉-၂၀၂၄ | ၁၂၀ | ၄.၇၂ | ၅-၉-၂၀၁၂ | ၉၉ | ၃.၉၀ | ၅၇ |

၂၀၂၄ ခုနှစ် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့
UN Tourism
"ခရီးသွားနှင့်ငြိမ်းချမ်းရေး လက်တွဲတူယှဉ်ဖော်ဆောင်ပေး"
WORLD TOURISM DAY 2024
TOURISM AND PEACE
၂၇ - ၉ -၂၀၂၄
MICC-2 ၊ နေပြည်တော်

# မြန်မာ့လယ်ယာထွက်ကုန်များ၏ ထောက်ပံ့ပို့ဆောင်မှုကွင်းဆက် စီမံခန့်ခွဲမှုစနစ်သင်တန်း ဆွေးနွေးပွဲကျင်းပ




နေပြည်တော် စက်တင်ဘာ ၁၂

မြန်မာ့လယ်ယာထွက်ကုန်များ၏ ထောက်ပံ့ပို့ဆောင်မှုကွင်းဆက် စီမံခန့်ခွဲမှုစနစ်သင်တန်း ဆွေးနွေးပွဲ "Training Workshop on Agriculture Supply Chain Management System in Myanmar" ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင်နေပြည်တော် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းမင်း၊ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဌာနတာဝန်ရှိသူများ၊ သင်တန်းပို့ချမည့် ဆရာ၊ ဆရာမများ၊ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်က စိုက်ပျိုးရေးနည်းပညာသစ်များ တိုးမြှင့်ဆောင်ရွက်ခြင်း၊ စိုက်ပျိုးရေးထွက်ကုန်များ ထုတ်လုပ်မှုနှင့် ထောက်ပံ့ပို့ဆောင်မှု ကွင်းဆက်တစ်လျှောက် စီမံခန့်ခွဲမှုနည်းလမ်းများကို စနစ်တကျ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြင့် မြန်မာနိုင်ငံ၏ လယ်ယာစိုက်ပျိုးရေးအခြေခံ ပို့ကုန်ကဏ္ဍတိုးမြှင့်နိုင်ရေးနှင့် နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေးကို တစ်ဖက်တစ်လမ်းက အထောက်အကူပြုနိုင်မည် ဖြစ်ကြောင်း၊ စိုက်ပျိုးရေးထွက်ကုန်များကို ကုန်သွယ်ရာတွင် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့က ပြဋ္ဌာန်းထားသော ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေး သဘောတူညီချက်ကို အကောင်အထည်ဖော်ဆောင်ခြင်းဖြင့် ကုန်သွယ်မှုကျသင့်ငွေကို ပျမ်းမျှ ၁၄ ဒသမ ၃ ရာခိုင်နှုန်းအထိ လျှော့ချပေးနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် စီမံကိန်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်ဒေါက်တာသန္တာကြည်၊ စားသုံးသူရေးရာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဆန်းမြင့်နှင့် ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးညီညီအောင်တို့က လယ်ယာကဏ္ဍဆိုင်ရာ ထောက်ပံ့ပို့ဆောင်ရေး ကွင်းဆက်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စပ်လျဉ်း၍ ဆက်စပ်ဌာနအဖွဲ့အစည်းများ သိရှိရမည့် အခြေခံစည်းမျဉ်းများနှင့် နိုင်ငံတကာမှကျင့်သုံးသည့် အလေ့အထများနှင့် ထောက်ပံ့မှုကွင်းဆက်တစ်လျှောက် စီမံခန့်ခွဲသည့် မဟာဗျူဟာမြောက်နည်းလမ်းများကို ပို့ချဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၀)

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၄°c | / | ၂၆.၀°c |
| ရန်ကုန် | ၂၄°c | / | ၃၂.၅°c |
| မန္တလေး | ၂၄°c | / | ၂၉.၆°c |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

# ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

၁။ နေပြည်တော်၊ ဇေယျာသီရိခရိုင်၊ ပုဗ္ဗသီရိမြို့နယ်၊ (၂၈)လမ်း (မြောက်ဘက်)၊ အောင်သာယာရပ်ကွက်တွင် ပါတီရုံးချုပ်တည်ရှိသော **လူမှုစီးပွားမြှင့်တင်ရေးပါတီ**က နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၅ အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုရန် ၁၁-၉-၂၀၂၄ ရက်နေ့တွင် လျှောက်ထားလာပါသည်။ ယင်းသို့ လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ကန့်ကွက်နိုင်ပါကြောင်း နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း နည်းဥပဒေ ၁၄ (ဃ) အရ အများသိစေရန် ကြေညာအပ်ပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

**လူမှုစီးပွားမြှင့်တင်ရေးပါတီ၏ အလံပုံစံ**



**လူမှုစီးပွားမြှင့်တင်ရေးပါတီ၏ တံဆိပ်ပုံစံ**







# ရွှေမြယာစိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှုအတတ်သင်စခန်းကို မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင်များ ကြည့်ရှုစစ်ဆေး

**နေပြည်တော် စက်တင်ဘာ ၁၂**

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေး ကော်မရှင်အဖွဲ့ဝင် ဦးကျော်စိုးနှင့် ဦးတင်အောင်တို့ ဦးဆောင်သောအဖွဲ့သည် ယနေ့တွင် ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ရှိ ရွှေမြယာ စိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှုအတတ်သင်စခန်းအား သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ရွှေမြယာစိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှုအတတ်သင်စခန်းအား ကြည့်ရှုစစ်ဆေးစဉ်အကျဉ်းသားများကို အိပ်ဆောင်များ၌တွေ့ဆုံကာ အကျဉ်းသားတစ်ဦး၏ အနိမ့်ဆုံးရရှိရမည့် အခွင့်အရေးဖြစ်သော နေထိုင်စားသောက်မှု၊ ကျန်းမာရေးစောင့်ရှောက်မှု၊ သန့်ရှင်းသောသောက်ရေနှင့် သုံးရေရရှိစေရန် ဆောင်ရွက်ပေးနေမှု၊ မိသားစုလာရောက်တွေ့ဆုံနိုင်မှု၊ ထောင်ဝင်စာပစ္စည်းများ စုံလင်စွာရရှိမှု၊ ရသင့်ရထိုက်သော အသုံးအဆောင်ပစ္စည်းများရရှိမှု၊ ကျန်းမာကြံ့ခိုင်ရေးအတွက် ကိုယ်လက်လှုပ်ရှားအားကစားဆောင်ရွက်ပေးမှု၊ လုပ်ငန်းခွင်အတွင်း ဘေးအန္တရာယ်ကင်းရှင်းရေးဆောင်ရွက်ထားရှိမှု၊ လုပ်ငန်းခွင်အတွင်း တာဝန်ပေးအပ်ရာတွင် ခွဲခြားဆက်ဆံမှု ရှိ၊ မရှိ၊ ညှဉ်းပန်းနှိပ်စက်မှု ရှိ၊ မရှိ စသည့် အခြေအနေများကိုမေးမြန်းခဲ့ပြီး သီးခြားလွတ်လပ်စွာတွေ့ဆုံခွင့်တောင်းခံသူအကျဉ်းသားများကို သီးခြားတွေ့ဆုံမေးမြန်း မှတ်တမ်းတင်ခဲ့သည်။

ထို့ပြင် အကျဉ်းသားများ၏အိပ်ဆောင်များ၊ ဆေးခန်း၊ စာကြည့်တိုက်၊ စားဖိုကြီး၊ ရိက္ခာဂိုဒေါင်၊ ရေသန့်ကန်၊ သုံးရေကန်များနှင့် အတွင်း/အပြင် မိလ္လာများ သန့်ရှင်းမှုရှိ မရှိတို့ကို ကြည့်ရှုစစ်ဆေးခဲ့ပြီး အကျဉ်းသားများ လေ့လာဖတ်ရှုနိုင်ရန်အတွက် ဗဟုသုတရဖွယ် စာအုပ်စာပေများကို ကော်မရှင်ကလှူဒါန်းခဲ့သည်။

အဆိုပါ ကြည့်ရှုစစ်ဆေးရေးအဖွဲ့၏ ခရီးစဉ်အတွင်း စစ်ဆေးတွေ့ရှိချက်နှင့် အကြံပြုချက်များကို သင့်လျော်သကဲ့သို့ ဆောင်ရွက်ပေးနိုင်ရေးအတွက်သက်ဆိုင်ရာ ဌာနသို့ ကော်မရှင်ဥပဒေနှင့်အညီ အကြံပြုပေးပို့သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

❒ **အထူးမိုးလေဝသမှ**

ယနေ့နံနက်မှ ၁၅-၉-၂၀၂၄ ရက်အတွင်း စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ဒေသအလိုက်မိုးကြီးနိုင်ကာ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်မှနေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးခြင်းများနှင့်အတူ လေပြင်းတိုက်ခတ်ခြင်းများ ဖြစ်ပေါ်နိုင်သည်။

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင်နေထိုင်ကြသူများအနေဖြင့်ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေးနှင့် လေကြောင်းပျံသန်းရေးအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

(မိုး/ဇလ)

## မှတ်သားဖွယ်ရာမိုးရေချိန်များ

၁၂-၉-၂၀၂၄

| | | | | | |
|---|---|---|---|---|---|
| ကျောက်ဖြူ | ၉ ဒသမ ၈၈ | လက်မ | ပျော်ဘွယ် | ၅ ဒသမ ၉၇ | လက်မ |
| ပခုက္ကူ | ၉ ဒသမ ၃၃ | လက်မ | မိတ္ထီလာ | ၅ ဒသမ ၆၃ | လက်မ |
| ဘားအံ | ၉ ဒသမ ၀၆ | လက်မ | ပိုင်ကျုံ | ၅ ဒသမ ၁၀ | လက်မ |
| ညောင်ဦး | ၈ ဒသမ ၅၁ | လက်မ | ညောင်ဦး | ၄ ဒသမ ၉၆ | လက်မ |
| အမ်း | ၆ ဒသမ ၀၆ | လက်မ | (လေကြောင်းမိုးလေဝသ) | | |
| ကျောက်ပန်းတောင်း | ၆ ဒသမ ၀၀ | လက်မ | ချောက် | ၄ ဒသမ ၇၂ | လက်မ |

# မြို့တော်သန့်ရှင်းသာယာလှပရေးနှင့် လမ်းတံတားလုပ်ငန်းများ ရန်ကုန်မြို့တော်ဝန်ကွင်းဆင်းကြည့်ရှုစစ်ဆေး



**ရန်ကုန် စက်တင်ဘာ ၁၂**

ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ(မြို့တော်ဝန်) ဦးဗိုလ်ဌေးသည် ဒုတိယမြို့တော်ဝန် ဦးညီညီ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မင်္ဂလာတောင်ညွန့်မြို့နယ် သပြေကုန်းရပ်ကွက် ကန်ရိပ်သာလမ်း ကန်တော်ကြီးသဘာဝဥယျာဉ်အတွင်းရှိ အပန်းဖြေဇရိယာ (View Deck)နှင့် ကန်တော်ကြီးသဘာဝဥယျာဉ်အတွင်းရှိ ပုဂံလုံးကျွန်း သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားရှိမှုနှင့် ခေမာဒီပကျွန်း ပတ်လည် လူလျှောက်လမ်းနှင့် မြေထိန်းနံရံ ဆောင်ရွက်နေမှုတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဆောင်ရွက်ရန်လိုအပ်သည့် လုပ်ငန်းများကို မှာကြားသည်။

ထို့နောက် မြို့တော်ဝန်နှင့်အဖွဲ့သည် ဒဂုံမြို့နယ် ပြည်သူ့ရင်ပြင်နှင့်ပြည်သူ့ဥယျာဉ်အတွင်း၌ ပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာနက ပြည်သူ့ဥယျာဉ်သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားရှိမှု၊ ပင်စည်လုံးပတ် ၃ ပေနှင့်အထက်ရှိသည့် သက်တမ်းရင့်အပင်ကြီးများအား စနစ်တကျထိန်းသိမ်းဆောင်ရွက်ထားရှိမှုနှင့် ဒေါင်းဖန်ဝါ၊ နှဲလေး၊ ကြွေပန်း၊ ဇော်မွှား၊ မော်လမြိုင်ရောင်စုံ၊ ပန်းချဉ်ပေါင် စသည့် ပန်းပျိုးပင် ၂၁၇၀ ပြုစုပျိုးထောင်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး သန့်ရှင်းရေးဆောင်ရွက်ရန်မှာကြားကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ဒုတိယမြို့တော်ဝန်နှင့်အဖွဲ့သည် သဃ်န်းကျွန်းမြို့နယ်ရန်ကုန်သစ်ရပ်ကွက် မြဝတ်ရည်လမ်း ဒဂုံတောင်-သုဝဏ္ဏတံတားအနီး မိုးလုံလေလုံ ဖူဆယ်အားကစားကွင်း တည်ဆောက်နေမှုကိုလည်းကောင်း၊ တောင်ဥက္ကလာပမြို့နယ် (၁၃)ရပ်ကွက် ဒေဝဒဟလမ်းရှိ ကျိုက္ကဆံချောင်းကူးတံတားအား တစ်ဖက်လျှင် ဖြပေစီ တိုးချဲ့တည်ဆောက်နေမှုကိုလည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအားမှာကြားသည်။

အဆိုပါမိုးလုံလေလုံဖူဆယ်အားကစားကွင်းသည် အလျား ၂၀၆ ပေ၊ အနံ ၁၀၆ ပေရှိပြီး အမျိုးသား၊ အမျိုးသမီး သန့်စင်ခန်း ၁၀ ခန်းတွဲ နှစ်ခန်း၊ အမျိုးသား၊ အမျိုးသမီး ရေချိုးခန်း နှစ်ခန်း၊ အားကစားပစ္စည်းအရောင်းဆိုင်များနှင့် ယာဉ်ရပ်နားရန်နေရာများ ပါဝင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

❖ **မိုးစပါးမှ**

တောင်သူလယ်သမားများအနေဖြင့် အချိန်မီ စီမံစိုက်ပျိုးနိုင်ရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများနှင့် ဆွေးနွေးတိုင်ပင်ဆောင်ရွက်ကြပါရန် တိုက်တွန်းအပ်ပါသည်။

စိုက်ပျိုးရေးဦးစီးဌာနရုံးများတွင် အရန်မျိုးများ စုဆောင်းထားရှိပြီး တောင်သူများနှင့် ပူးပေါင်းဆောင်ရွက်ရန် အသင့်ရှိနေပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

စိုက်ပျိုးရေးဦးစီးဌာန

# ငွေကြေးခဝါချမှုနှင့်အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေး လုပ်ငန်းအဖွဲ့အစည်းအဝေးကျင်းပ

**နေပြည်တော် စက်တင်ဘာ ၁၂**

ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေး လုပ်ငန်းအဖွဲ့၏ အစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင်မြန်မာနိုင်ငံတော်ဗဟိုဘဏ်၌ ကျင်းပသည်။



အစည်းအဝေးသို့ လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေ၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်အဖွဲ့ဝင် ဦးကျော်ဝင်းသိန်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ အရာရှိကြီးများ၊ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာလုပ်ငန်းအဖွဲ့ဝင်များ ဖြစ်သည့် ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ ငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေးဦးစီးဌာန၊ အကောက်ခွန်ဦးစီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာန၊ မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း၊ သစ်တောဦးစီးဌာန၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဌာနချုပ်မှ ဌာနကြီးများ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့နှင့် ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေး အဖွဲ့တို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌက ၂၀၂၄ ခုနှစ် စက်တင်ဘာလ ၃ ရက်မှ ၅ ရက်အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟောင်ကောင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၌ ကျင်းပခဲ့သည့် အာရှ-ပစိဖိတ်ပူးတွဲအဖွဲ့ (Asia Pacific Joint Group- APJG) မျက်နှာချင်းဆိုင် အစည်းအဝေးနှင့် ကြိုတင်ညှိနှိုင်းအစည်း အဝေးများသို့ မြန်မာနိုင်ငံမှ ကိုယ်စားလှယ် အဖွဲ့တက်ရောက်ခဲ့မှုနှင့် အဆိုပါမျက်နှာချင်း ဆိုင်အစည်းအဝေးတွင် မြန်မာနိုင်ငံ၏ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ တိုးတက်ဆောင်ရွက်မှုများကို ဆွေးနွေးခဲ့သည့် အကြောင်းအရာများကို ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ လုပ်ငန်းအဖွဲ့၏ ဒုတိယဥက္ကဋ္ဌ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်အဖွဲ့ဝင် ဦးကျော်ဝင်းသိန်းက Action Plan များအပေါ် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ရမည့်အချက်များ နှင့် သက်ဆိုင်ရာဌာနများအကြား ပူးပေါင်းဆောင်ရွက်ရမည့်အချက်များကို ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် လုပ်ငန်းအဖွဲ့၏ အတွင်းရေးမှူးက အကောင်အထည်ဖော်ရန် ကျန်ရှိသည့်လုပ်ငန်းများကို ရည်မှန်းချက် ပြည့်မီရေးဆောင်ရွက်ရာတွင် တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းများနှင့် သက်ဆိုင်ရာ ဌာနများကဆောင်ရွက်ရန် လုပ်ငန်းတာဝန်များကိုလည်းကောင်း၊ လုပ်ငန်းအဖွဲ့ဝင်များက လက်ငင်းရလဒ်များဆိုင်ရာ ဆောင်ရွက်ပြီးစီးမှုအခြေအနေများနှင့် ဆက်လက်ဆောင်ရွက်သင့်သည့် အစီအစဉ်များကို လည်းကောင်း ဖြည့်စွက်ဆွေးနွေးကြကြောင်း သတင်းရရှိသည်။

(၅၀၀)

# စစ်တောင်းမြစ်၊ ပဲခူးမြစ်၊ သံလွင်မြစ်နှင့် သောင်ရင်းမြစ် မြစ်ရေကြီးမှုအခြေအနေ

**နေပြည်တော် စက်တင်ဘာ ၁၂**

ယနေ့နံနက် ၇ နာရီခွဲအချိန်တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၁၉ ဒသမ ၆၉ ပေ (၆၀၀ စင်တီမီတာ) အထက်သို့ ၁ ပေခွဲကျော် (၄၉ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ၂ ပေခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့နံနက် ၇ နာရီခွဲအချိန်တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ် ၃၅ ဒသမ ၁၀ ပေ (၁၀၇၀ စင်တီမီတာ) အထက်သို့ ၂ ပေခွဲကျော် (၈၀ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ၁ ပေခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့နံနက် ၇ နာရီခွဲအချိန်တိုင်းထွာချက်အရ ပဲခူးမြစ်ရေသည် ပဲခူးမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၂၈ ဒသမ ၈၇ ပေ(၈၈၀ စင်တီမီတာ)အထက်သို့ ၁ ပေခန့်(၂၇ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ၁ ပေခွဲခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့နံနက် ၇ နာရီခွဲအချိန်တိုင်းထွာချက်အရ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ် ၂၄ ဒသမ ၆၁ ပေ (၇၅၀ စင်တီမီတာ)အထက်သို့ ၂ ပေခွဲခန့် (၇၇ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ၂ ပေခွဲခန့်မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့နံနက် ၇ နာရီခွဲအချိန်တိုင်းထွာချက်အရ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၃၁ ဒသမ ၅၉ ပေ(၉၆၃ စင်တီမီတာ) အထက်သို့ ၅ ပေခွဲကျော် (၁၇၂ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ၄ ပေခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ တောင်ငူမြို့နယ်၊ ပဲခူးမြို့နယ်၊ ဘားအံမြို့နယ်၊ မြဝတီမြို့နယ်နှင့် မဒေါက်မြို့နယ်တို့အတွင်းရှိမြစ်ကမ်းအနီးနှင့်မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။ **(မိုး/ဇလ)**

# စစ်ကိုင်းမြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဂျုံ ၃၁၀၅၇ ဧကစိုက်ပျိုးမည်

**စစ်ကိုင်း စက်တင်ဘာ ၁၂**

ယခုနှစ်တွင် စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ်၌ လာမည့်ဆောင်းသီးနှံ စိုက်ပျိုးရာသီတွင် ဂျုံ ၃၁၀၅၇ ဧကစိုက်ပျိုးမည်ဖြစ်ကြောင်း သိရသည်။

၂၀၂၃-၂၀၂၄ ခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင်စစ်ကိုင်းမြို့နယ်၌ဂျုံသီးနှံကို ၂၀၂၃ ခုနှစ် အောက်တိုဘာလမှစတင်၍ ဒီဇင်ဘာလအထိစိုက်ပျိုးခဲ့ကြရာ ၃၁၀၃၃ ဧကစိုက်ပျိုးနိုင်ခဲ့ပြီး ယခု ၂၀၂၄-၂၀၂၅ ခုနှစ်ဆောင်းသီးနှံ စိုက်ပျိုးချိန်တွင် စစ်ကိုင်းမြို့နယ်၌ ဂျုံ ၃၁၀၅၇ ဧကစိုက်ပျိုးရန် လျာထားသည်။

ဂျုံသီးနှံကို နိုဝင်ဘာလ၊ အောက်တိုဘာလနှင့် ဒီဇင်ဘာလတို့တွင် စိုက်ပျိုးကာ ဖေဖော်ဝါရီလ၊ မတ်လနှင့် ဧပြီလတို့တွင် ဂျုံသီးနှံပေါ်ပြီး စစ်ကိုင်းမြို့နယ်၌ ဂျုံဖြူသန့်မျိုးကို အများဆုံးစိုက်ပျိုးကြကြောင်း သိရသည်။ (၄၀၉)

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၃-၉-၂၀၂၄(သောကြာနေ့)

၁။ ၆:၀၂ နိုင်ငံတော်သီချင်း
၂။ ၇:၁၅ မေတ္တာပို့
၃။ ၇:၂၅ ဓမ္မပူဇာတေး
၄။ ၈:၀၅ အမျိုးသားရေးတေးကဗျာ
၅။ ၈:၂၅ နှစ်(၇၀)ကျော်ကြားတေးများ
၆။ ၁၁:၃၀ မြတ်ဗုဒ္ဓ၏သာသနာ
၇။ ၁၁:၅၀ မြန်မာ့လက်သံ
၈။ ၁၃:၁၀ အမှတ်တရ နေ့ရက်များ
၉။ ၁၈:၁၅ အတွေးအမြင်
၁၀။ ၁၈:၃၀ ထုတ်လွှင့်ပြန်ကြားသတင်းမှန်များ
၁၁။ ၁၉:၀၀ **(၁၉၉၇)ခုနှစ်၊ မြဝတီအငြိမ့်ပြိုင်ပွဲ (ဒုတိယဆု) ရွှေမြင့်မိုရ်အငြိမ့် (ရန်ကုန်တိုင်းစစ်ဌာနချုပ်)၊ (ပထမပိုင်း)**

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၃-၉-၂၀၂၄ — ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၃၀၅၀ | ၃၁၃၅ | ၃၁၁၀ | ၃၀၆၀ | ၃၁၃၅ | ၃၁၄၅ | ၃၁၆၀ | ၃၁၁၅ | ၃၂၄၀ | ၃၂၇၀ | ၃၁၂၀ | ၃၁၄၀ | ၃၀၇၀ | ၃၁၆၀ | ၃၀၇၀ | ၃၅၇၅ | ၄၉၀၀ |
| 95 Ron | ၃၁၈၅ | ၃၂၇၅ | ၃၂၅၅ | ၃၂၀၅ | ၃၂၈၀ | ၃၂၉၀ | ၃၃၀၅ | ၃၂၆၀ | ၃၃၈၅ | ၃၄၁၅ | ၃၂၆၅ | ၃၂၈၀ | ၃၃၁၅ | ၃၃၀၀ | ၃၃၁၅ | ၃၇၂၀ | ၅၁၀၀ |
| HSD (500 ppm) | ၂၆၁၀ | ၂၆၉၀ | ၂၆၆၅ | ၂၆၁၅ | ၂၆၉၀ | ၂၇၀၀ | ၂၇၁၅ | ၂၆၇၀ | ၂၇၈၅ | ၂၈၂၅ | ၂၆၈၀ | ၂၆၈၅ | ၂၇၂၅ | ၂၇၁၅ | ၂၇၂၅ | ၃၁၃၀ | ၄၉၀၀ |
| HSD (50 ppm) | ၃၂၇၅ | ၃၃၆၀ | ၃၃၃၅ | ၃၂၈၅ | ၃၃၆၀ | ၃၃၇၀ | ၃၃၈၅ | ၃၃၄၀ | ၃၄၆၅ | ၃၄၉၅ | ၃၃၄၅ | ၃၃၆၅ | ၃၃၉၅ | ၃၃၈၅ | ၃၃၉၅ | ၃၈၀၀ | ၄၉၀၀ |
| HSD (10 ppm) | ၃၂၇၅ | ၃၃၆၀ | ၃၃၃၅ | ၃၂၈၅ | ၃၃၆၀ | ၃၃၇၀ | ၃၃၈၅ | ၃၃၄၀ | ၃၄၆၅ | ၃၄၉၅ | ၃၃၄၅ | ၃၃၆၅ | ၃၃၉၅ | ၃၃၈၅ | ၃၃၉၅ | ၃၈၀၀ | ၄၉၀၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၈၉၄ | ၂၉၈၅ |
| 95 Ron | ၃၀၃၄ | ၃၁၂၈ |
| HSD (500 ppm) | ၂၄၆၃ | ၂၅၄၂ |
| HSD (50 ppm) | ၃၁၁၂ | ၃၂၀၄ |
| HSD (10 ppm) | ၃၁၁၂ | ၃၂၀၄ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇
၀၆၇-၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း မိုးသည်းထန်စွာရွာသွန်း၍ ရေကြီးရေလျှံမှုကြောင့် ဓာတ်အားလိုင်းများ ပြိုလဲပျက်စီးဖြစ်ပေါ်ခဲ့မှုအခြေအနေကို ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်း ကွင်းဆင်းကြည့်ရှု

နေပြည်တော် စက်တင်ဘာ ၁၂

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်းသည် ဒုတိယဝန်ကြီး ဦးအေးကျော်၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် တပ်ကုန်းမြို့နယ်အတွင်း ဖြတ်သန်းသွယ်တန်းတည်ဆောက်ထားသည့် ၂၃၀ ကေဗွီ သာစည်-ရွှေမြို့ ဓာတ်အားလိုင်းရှိ တာဝါတိုင်အမှတ် (၃၀၁၊ ၃၀၂၊ ၃၀၃၊ ၃၀၄၊ ၃၀၅) နှင့် ၂၃၀ ကေဗွီ ရွှေမြို့-နေပြည်တော်(၂) ဓာတ်အားလိုင်းရှိတာဝါတိုင်အမှတ် (၁၂၊ ၁၃၊ ၁၄၊ ၁၅) တာဝါတိုင်များသည် မိုးသည်းထန်စွာရွာသွန်း၍ ရေကြီးရေလျှံမှုကြောင့် ပြိုလဲပျက်စီးသွားခဲ့သဖြင့် ပြန်လည်ပြုပြင်ပြင်ဆင်ဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။





ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တပ်ကုန်းမြို့နယ်အတွင်း ဓာတ်အားလိုင်းများ၊ တာဝါတိုင်များ ပြိုလဲပျက်စီးနေသည့်နေရာသို့ရောက်ရှိရာ တာဝန်ရှိသူများက မိုးသည်းထန်စွာရွာသွန်း၍ ရေကြီးရေလျှံမှုကြောင့် ဓာတ်အားလိုင်းနှင့် တာဝါတိုင်များ ပြိုလဲပျက်စီးခဲ့မှု၊ ဓာတ်အားပြန်လည်ပို့လွှတ်ဖြန့်ဖြူးပေးနိုင်ရေး ဆောင်ရွက်သွားမည့် အစီအမံများနှင့် သတ်မှတ်ရက်အတွင်း ရာနှုန်းပြည့်ပြီးစီးနိုင်ရေးဆောင်ရွက်သွားမည့်လုပ်ငန်းအစီအမံများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဓာတ်အားပို့လွှတ်ရေး ဓာတ်အားလိုင်းကြိုးများပြိုလဲပျက်စီးနေမှုအခြေအနေကိုကြည့်ရှုစစ်ဆေးပြီး ပြည်သူများ လျှပ်စစ်ဓာတ်အားပြည့်ဝစွာ အမြန်ဆုံးသုံးစွဲနိုင်ရေးအတွက် ဓာတ်အားပို့လွှတ်ရေးဓာတ်အားလိုင်း၊ တာဝါတိုင်များ၊ မြို့တွင်း ဓာတ်အားဖြန့်ဖြူးရေး ဓာတ်အားလိုင်းများတစ်လျှောက် အသေးစိတ်စစ်ဆေးပြီး ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများကို အမြန်ဆုံးပြီးစီးနိုင်ရေး အင်တိုက်အားတိုက် တွန်းအားပေးဆောင်ရွက်သွားရန်မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရုံးအမှတ်(၂၇) အစည်းအဝေးခန်းမ၌ကျင်းပသည့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်၍ ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း မိုးသည်းထန်စွာရွာသွန်း၍ ရေကြီးရေလျှံမှုကြောင့် ပြိုလဲပျက်စီးသွားသည့် ဓာတ်အားပို့လွှတ်ရေး ဓာတ်အားလိုင်းများ၊ တာဝါတိုင်များနှင့် မြို့တွင်းဓာတ်အားဖြန့်ဖြူးရေး ဓာတ်အားလိုင်းများ ပြန်လည်ပြုပြင်တည်ဆောက်ခြင်းလုပ်ငန်းများ အမြန်ပြီးစီးနိုင်ရေး တာဝန်ရှိသူများအား မှာကြားသည်။

အဆိုပါ ၂၃၀ ကေဗွီ သာစည်-ရွှေမြို့ ဓာတ်အားလိုင်းနှင့် ၂၃၀ ကေဗွီ ရွှေမြို့-နေပြည်တော်(၂) ဓာတ်အားလိုင်းတို့သည် လျှပ်စစ်ဓာတ်အား ၁၂၀ မဂ္ဂါဝပ်ခန့်ကို သယ်ယူပို့ဆောင်၍ ပြည်ထောင်စုနယ်မြေ နေပြည်တော်နှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့ရွာဒေသများသို့ လျှပ်စစ်ဓာတ်အားများ ပို့လွှတ်ဖြန့်ဖြူးပေးလျက်ရှိပြီး ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း မိုးသည်းထန်စွာရွာသွန်း၍ ရေကြီးရေလျှံမှုကြောင့် ဓာတ်အားလိုင်းတာဝါတိုင်ကိုးတိုင်နှင့် မြို့တွင်းဓာတ်အားဖြန့်ဖြူးရေး ဓာတ်အားလိုင်းများ ပြိုလဲပျက်စီးသွားခဲ့၍ အဆိုပါဒေသအချို့တွင် လျှပ်စစ်ဓာတ်အားပြတ်တောက်မှုများ ဖြစ်ပေါ်ခဲ့သဖြင့် ဓာတ်အားအမြန် ပို့လွှတ်ဖြန့်ဖြူးပေးနိုင်ရန်အတွက် လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းတို့မှ အင်ဂျင်နီယာများဦးဆောင်၍ လျှပ်စစ်ကျွမ်းကျင်ဝန်ထမ်း ၄၅၀ ဦးဖြင့် အဖွဲ့ခုနစ်ဖွဲ့ခွဲကာ ဓာတ်အားပို့လွှတ်ရေး ဓာတ်အားလိုင်းများ၊ တာဝါတိုင်များနှင့် မြို့တွင်းဓာတ်အားဖြန့်ဖြူးရေး၊ ဓာတ်အားလိုင်းများ ပြန်လည်ပြုပြင်တည်ဆောက်ခြင်းလုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (၅၀၀)

# သာစည်မြို့နယ်ရှိ ရေလှောင်တမံ၊ ရေထိန်းတမံနှင့် ရေလှောင်ကန် ရေဝင်ရောက်မှုအခြေအနေများကို ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော် ကွင်းဆင်းကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၁၂

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့တွင် ရာဂိမုန်တိုင်းအကြွင်းအကျန်များဖြစ်သော လေပွေလှိုင်းအရှိန်ကြောင့် ရှမ်းကုန်းပြင်မြင့်နှင့် မြန်မာနိုင်ငံအလယ်ပိုင်းဒေသတွင် မိုးသည်းထန်စွာရွာသွန်းမှုဖြစ်ပေါ်ခဲ့ပြီး ဒေသအသီးသီးတွင် ထူးကဲရေကြီးရေလျှံမှုများ ကြုံတွေ့နေရခြင်းအပေါ် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ရေလှောင်တမံနှင့် ဆည်ကန်ငယ်များ အန္တရာယ်မဖြစ်စေရေးအတွက် Emergency Preparedness Plan နှင့် Rules and Regulations များဖြင့် အချိန်မီစီမံဆောင်ရွက်နေမှုများ ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။



ဦးစွာ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် သာစည်မြို့နယ်ရှိ စမုံချောင်းပေါ်ရှိ စမုံရေထိန်းတမံသို့သွားရောက်ပြီး တမံအတွင်း ရေဝင်ရောက်မှု၊ တမံထိပ်မှ ရေကျော်ကျမှုကြောင့် တမံတွင် ပေ ၂၀၀ ခန့် ရေတိုက်စားထိခိုက်ခဲ့မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တမံအား ကြီးမားသောထိခိုက်မှုမဖြစ်ပေါ်စေရေးနှင့် ရေတိုက်စားမှုဖြစ်ပေါ်ခဲ့သည့်အပိုင်းကို အမြန်ဆုံးပြန်လည်ပြင်ဆင်နိုင်ရေး စီမံဆောင်ရွက်ရေး မှာကြားသည်။

တမံအလျား ပေ ၁၄၀၀၀၊ တမံအမြင့် ၃၈ ပေရှိ စမုံရေထိန်းတမံသည် မြေသားတမံအမျိုးအစားဖြစ်ပြီး ရေသောက်ဧရိယာ ဧက ၈၇၀၀ ကျော်ကို အကျိုးပြုလျက်ရှိကြောင်း၊ အကျယ်ပေ ၄၀၀ ရှိ ကွန်ကရစ်ရေပိုလွှဲတပ်ဆင်ထားသော်လည်း ယခုရက်ပိုင်းအတွင်း ရေဝေရေလဲဒေသအတွင်း ထူးကဲမိုးရေချိန်ရွာသွန်းမှုကြောင့် တမံရေသိုလှောင်နိုင်မှုပမာဏထက် ခြောက်ဆကျော်ရေဝင်ရောက်ခဲ့ပြီး တမံထိပ်ပေါ်ကျော်သည်အထိ ရေကြီးရေလျှံမှု ကြုံတွေ့ခဲ့ရသဖြင့် ကြီးမားသောပျက်စီးဆုံးရှုံးမှုမဖြစ်ပေါ်စေရေးအတွက် တာဝန်ရှိသူများက ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် သာစည်မြို့နယ် ညောင်ရမ်းမင်းလှကန်သို့ ရောက်ရှိပြီး ရေဝင်ရောက်မှု၊ ရေသိုလှောင်ထားရှိမှု၊ ရေပိုလွှဲမှ ရေကျော်ကျမှု၊ ရေလှောင်တမံဘေးကင်းလုံခြုံမှုဆိုင်ရာဆောင်ရွက်ထားရှိမှုအခြေအနေများ၊ ညောင်ရမ်းမင်းလှကန် ရေဝင်ရောက်မှု၊ ရေသိုလှောင်ထားရှိမှု၊ ရေတံခါးများ၊ သဲထုတ်ရေတံခါးများ၊ ဆက်စပ်ရေအားအဆောက်အအုံများ၊ တမံကြံ့ခိုင်မှုနှင့် ရေစီးဆင်းရာလမ်းကြောင်းတစ်လျှောက်အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် မုန်တိုင်ရေလှောင်တမံသို့ရောက်ရှိပြီး ဝင်ရေသိုလှောင်ထားရှိမှု၊ ရေပိုလွှဲမှရေကျော်ကျမှု၊ ရေလှောင်ကန်နှင့် ဆက်စပ်အဆောက်အအုံများ ကြံ့ခိုင်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လုပ်ငန်းဆိုင်ရာလိုအပ်ချက်များဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၀)

## ထူးခြားသည့် အခြေအနေ

နေပြည်တော် စက်တင်ဘာ ၁၂

ယနေ့မွန်းလွဲ ၁ နာရီခွဲအချိန် တိုင်းထွာချက်များအရ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ဖြစ်ပေါ်နေသော လေပွေလှိုင်းသည် ဆက်လက်တည်ရှိနေသည်။ အဆိုပါလေပွေလှိုင်းသည် အနောက်-အနောက်မြောက်ဘက်သို့ ဖြည်းညင်းစွာဆက်လက်ရွေ့လျားနိုင်ပြီး နောက် ၂၄ နာရီအတွင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကမ်းရိုးတန်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်းတို့ကို ရောက်ရှိနိုင်သည်ဟုခန့်မှန်းရကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ (မိုး/ဇလ)

မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် စက်တင်ဘာ ၁၂

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိပါသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ဖြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ဖြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်နေ့တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်ပါသည်။

ထိုကဲ့သို့သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၁၁ ရက်နေ့တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “တစ်ရာတန်ကောင်လေး” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မွန်ပြည်နယ်၊ ရေးမြို့နယ်၊ မြို့ဟောင်းကုန်းကျေးရွာနေ မိုးစည်(ခ)ငန်းမအား ညနေ ၄ နာရီတွင် ရေးမြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ပါသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက်လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

(၁၀၀)

# ဘိုကလေးမြို့နယ်တွင် လူငယ် ၄၀ ကျော် အဓမ္မ စစ်သားစုဆောင်းခံရသည်ဟု မဟုတ်မမှန်လုပ်ကြံရေးသားဖြန့်ဝေနေ




နေပြည်တော် စက်တင်ဘာ ၁၂

ဧရာဝတီတိုင်းဒေသကြီး၊ ဘိုကလေးမြို့နယ်တွင် ပြည်သူ့စစ်မှုထမ်းဆောင်ရန်အတွက် လူငယ်၄၀ ကျော်အဓမ္မစုဆောင်းခံရသည်ဟု တရားမဝင်ပြည်ဖျက်မီဒီယာများက အများပြည်သူ အထင်အမြင်လွဲမှားစေရန် လုပ်ကြံရေးသား လှုံ့ဆော်ဝါဒဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ ဘိုကလေးမြို့နယ် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦး၏ပြောကြားချက်အရ ၎င်းသတင်းမှာ မှန်ကန်မှုမရှိကြောင်းနှင့် ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းနှင့်ပတ်သက်ပြီး တရားမဝင်ပြည်ဖျက်မီဒီယာများတွင် လူငယ်များကို အဓမ္မဖမ်းဆီးခြင်း၊ လမ်းသွားလမ်းလာများကို ပေါ်တာဆွဲခြင်းစသည့် သတင်းတု၊ သတင်းအမှားများကို ပြည်သူလူထုကြောက်ရွံ့ထိတ်လန့်စေရန် လုပ်ကြံရေးသားလျက်ရှိသည့်အတွက် နိုင်ငံတော်ပိုင်သတင်းမီဒီယာများမှတစ်ဆင့် ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်ပတ်သက်၍ အသိပညာပေးခြင်းများ၊ သက်ဆိုင်ရာမြို့နယ်အလိုက် တာဝန်ရှိသူများမှလည်း ဆွေးနွေးဟောပြောမှုများလုပ်ဆောင်လျက်ရှိရာ ပြည်သူများအနေဖြင့် သိရှိလိုသည်များ မေးမြန်းစုံစမ်းနိုင်ရန်အတွက်လည်း မြို့နယ်ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များထံသို့ ဆက်သွယ်မေးမြန်းနိုင်ရန်အတွက် ဖုန်းနံပါတ်များကိုလည်း နေ့စဉ်ထုတ်သတင်းစာများတွင် ထုတ်ပြန်ပေးထားကြောင်း သိရှိရသည်။

(၁၀၀)

# ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ဖြစ်ပေါ်နေသော လေပွေလှိုင်း ပိုမိုအားကောင်းလာနိုင်ကာ လေဖိအားနည်းရပ်ဝန်းတစ်ခုဖြစ်ပေါ်နိုင်

နေပြည်တော် စက်တင်ဘာ ၁၂

ယနေ့ညနေ ၄ နာရီအချိန်တိုင်းထွာချက်များအရ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ဖြစ်ပေါ်နေသော လေပွေလှိုင်းသည် အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး ပိုမိုအားကောင်းလာနိုင်ကာ နောက် ၂၄ နာရီအတွင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံကမ်းရိုးတန်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတို့တွင် လေဖိအားနည်းရပ်ဝန်း(Low Pressure Area) တစ်ခုဖြစ်ပေါ်နိုင်သည်။ အဆိုပါလေဖိအားနည်းရပ်ဝန်းသည် အနောက်-အနောက်မြောက်ဘက်သို့ ဖြည်းညင်းစွာဆက်လက်ရွေ့လျားနိုင်ပြီး နောက် ၄၈ နာရီအတွင်း ပိုမိုအားကောင်းလာနိုင်ကာ အနောက်ဘင်္ဂလားပြည်နယ်ကမ်းရိုးတန်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းတို့တွင် မုန်တိုင်းငယ် (Depression) အဖြစ်သို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။

အဆိုပါဖြစ်ပေါ်လာနိုင်သည့် လေဖိအားနည်းရပ်ဝန်း၏ အရှိန်ကြောင့်လည်းကောင်း၊ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေဆက်လက်အားကောင်းနိုင်ခြင်းကြောင့်လည်းကောင်း၊ ယနေ့ညနေမှ ၁၅-၉-၂၀၂၄ ရက်နေ့အတွင်း စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ဒေသအလိုက် မိုးကြီးနိုင်ကာ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးခြင်းများနှင့်အတူ လေပြင်းတိုက်ခတ်ခြင်းများ ဖြစ်ပေါ်နိုင်သည်။

မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ်ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ မှ ၄၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၉ ပေမှ ၁၁ ပေခန့်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့်သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေးနှင့် လေကြောင်းပျံသန်းရေးအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

(မိုး/ဇလ)

# ဒီပဲယင်းမြို့ ၊ ကံပြားရွာကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးခဲ့မှုကြောင့် နေအိမ် ၂၅ လုံး ပျက်စီးခဲ့သည်ဟု သတင်းအမှားများ ဖြန့်ဝေရေးသားလျက်ရှိ

နေပြည်တော် စက်တင်ဘာ ၁၂

စစ်ကိုင်းတိုင်းဒေသကြီး ဒီပဲယင်းမြို့အနီးရှိ ကံပြားရွာကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးခြင်းများကြောင့် နေအိမ် ၂၅ လုံး မီးလောင်ပျက်စီးခဲ့ကြောင်း သတင်းတု၊ သတင်းအမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန်လုပ်ကြံရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

ဖြစ်စဉ်အမှန်မှာ အကြမ်းဖက်လုပ်ရပ်များကို အားပေးထောက်ခံခြင်းမရှိသည့် ဒေသခံပြည်သူများက ကံပြားရွာအနီးတွင် PDF အမည်ခံအကြမ်းဖက်သမားများ ရောက်ရှိစုဖွဲ့နေကြောင်း သတင်းပေးပို့ချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်စဉ် PDF အမည်ခံအကြမ်းဖက်သမားများနှင့် ထိတွေ့တိုက်ပွဲဖြစ်ပွားခဲ့ပြီး အကြမ်းဖက်သမားများ ကစဉ့်ကလျားဖြင့် ထွက်ပြေးသွားခဲ့ကြောင်း၊ ထိုသို့ဆုတ်ခွာထွက်ပြေးစဉ် ကျေးရွာအတွင်းရှိ လူနေအိမ်များအား မီးရှို့ဖျက်ဆီးခဲ့ခြင်းဖြစ်ကြောင်း လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရှိရသည်။

ယခုဖြစ်စဉ်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် တာဝန်သိပြည်သူများ၏ ပူးပေါင်းဆောင်ရွက်မှုကြောင့် PDF အမည်ခံအကြမ်းဖက်သမားများ၏ အကြမ်းဖက်လုပ်ရပ်များကို အချိန်မီတားဆီးဆောင်ရွက်နိုင်ခဲ့သည်ကို မလိုလားသည့် တရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန်လုပ်ကြံ




ရေးသားပြီး လှုံ့ဆော်ဝါဒဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။

(၁၀၀)

နေပြည်တော် စက်တင်ဘာ ၁၂

# နေရာကွက်၍ မိုးကြီးနိုင်

မနက်ဖြန်နံနက်အထိခန့်မှန်းချက်မှာ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့်မွန်ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့်ရခိုင်ပြည်နယ်တို့တွင်ဒေသအလိုက်နှင့် မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့်ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင်နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

(မိုး/ဇလ)

# မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်၌ နေအိမ်အတွင်းဝင်ရောက်ကာ ဓားပြတိုက်လုယက်မှုကျူးလွန်သူများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက အချိန်တိုအတွင်း သက်သေခံပစ္စည်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိ




မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်၌ နေအိမ်အတွင်းဝင်ရောက်ကာ ဓားပြတိုက်လုယက်မှုကျူးလွန်သူများအား သက်သေခံပစ္စည်းများနှင့် ဖော်ထုတ်ဖမ်းဆီးရမိမှုမှတ်တမ်းဓာတ်ပုံ။

နေပြည်တော် စက်တင်ဘာ ၁၂

၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၁၁ ရက် နေ့ည ၇ နာရီ ၄၅ မိနစ်တွင် မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဃ) ရပ်ကွက်၊ ၆၁(A)လမ်း၊ ၁၁၅ လမ်းနှင့် ၁၁၆ လမ်းကြားနေ ဦးရဲလင်းရွှေ (၄၇)နှစ်သည် ၎င်း၏နေအိမ်၌ မိသားစုနှင့်အတူ ရှိနေစဉ် YGN-22/7D-4547 Alphard အမျိုးအစား ယာဉ်ဖြင့် အမျိုးသား ၇ ဦး(စိစစ်ဆဲ)ရောက်ရှိလာပြီး ၎င်းတို့အနက်မှ အမျိုးသား ၄ ဦးက ဓား၊ သေနတ်များကိုင်ဆောင်၍ နေအိမ်အတွင်း ဝင်ရောက်လာကာ ဦးရဲလင်းရွှေ၏ သမီးဖြစ်သူ မထက်နေရည်မောင် (၄)နှစ်အားရိုက်နှက်၍ နေအိမ်ရှိ စူပါကပ် ဆိုင်ကယ် ၁ စီးနှင့် ထီး ၁ လက်တို့အား ဖျက်ဆီးပြီး ဦးရဲလင်းရွှေ ပိုင်ဆိုင်သည့် MDY-14/6J-9817 SUZUKI အမျိုးအစား ခဲရောင်ယာဉ် ၁ စီး၊ IPhone 10 XR လက်ကိုင်ဖုန်း ၁ လုံးတို့အား ဓားပြတိုက်လုယက်ယူဆောင်ထွက်ပြေးသွားကြောင်း သတင်းအရ ပြည်ကြီးတံခွန်မြို့မရဲစခန်း(ပ) ၂၂၈/၂၀၂၄၊ ရာဇသတ်ကြီးပုဒ်မ ၃၉၅/ ၃၂၃/၄၂၇ ဖြင့် အမှုရေးဖွင့်၍ ပြစ်မှုကျူးလွန်သူများအား ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေး ဆောင်ရွက်ခဲ့သည်။

အထက်ပါဖြစ်စဉ်မှ ပြစ်မှုကျူးလွန်သူများအား ဖော်ထုတ်ဖမ်းဆီးနိုင်ရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက အထူးအမှုစစ်အဖွဲ့ဖြင့် အခင်းဖြစ်ရပ်မှတ်တမ်းအထောက်အထားများရယူ၍ နယ်မြေအတွင်း သတင်းရယူစုံစမ်းခြင်း၊ လုံခြုံရေးဆိုင်ရာအထောက်အကူပြုပစ္စည်းများမှ သတင်းအချက်အလက်များ ရယူစုံစမ်းဖော်ထုတ်ခဲ့ရာ ည ၁၀ နာရီ ၄၅ မိနစ်တွင် ပြည်ကြီးတံခွန်မြို့နယ်၊ ငွေတော်ကျီကုန်းရပ်ကွက်၊ ၆၈(D)လမ်းနှင့် မင်္ဂလာလမ်းထောင့်၌ ပြစ်မှုကျူးလွန်သူ တရားခံများဖြစ်ကြသည့် ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်နေ ဖွဲ့ထက်(ခ)ဖောင်းထက် (၂၆)နှစ်(ဘ)ဦးရဲဝင်း၊ တစ်ရပ်ကွက်တည်းနေ ချမ်းငြိမ်းသူ (၂၅) နှစ် (ဘ)ဦးမြင့်သန်း၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်နေ ဟိန်းသန့် (၁၉) နှစ် (ဘ)ဦးကျော်မင်းထွန်း၊ တစ်ရပ်ကွက်တည်းနေ ဇင်မင်းခန့်(ခ) တရုတ်ကြီး (၁၉)နှစ် (ဘ)ဦးမိုးခိုင်၊ အောင်မြင့်မြတ်(ခ) ဆုပင်(၁၈)နှစ် (ဘ)ဦးအောင်ကျော်ကျော်မျိုး၊ အောင်မြင့်မြတ်(ခ)အောင်ဆန်းဦး (၁၉)နှစ် (ဘ)ဦးဝေလင်းအောင်၊ အောင်မြေသာစံမြို့နယ်၊ အိုးဘိုရပ်ကွက်နေ စိုင်းခွန်ကျော်ဇော(ခ)ခွန်ကျော် (၃၀)နှစ်(ဘ)ဦးမောင်မောင်ဆွေတို့ ၇ ဦးအား ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် အရိုး/အသွား ၂၄ လက်မခန့်ရှိ ဓားရှည် ၁ ချောင်း၊ အရိုး/ အသွား ၃၄ လက်မခန့်ရှိ ဓားရှည် ၁ ချောင်း၊ အရှည် ၆ လက်မခန့်ရှိ ရဲတင်း ၁ လက်၊ ပလတ်စတစ်ဖြင့် ပြုလုပ်ထားသည့် ကော်သေနတ်အနက်ရောင် ၁ လက်၊ YGN-22/ 7D-4547 Alphard အမျိုးအစား အနက်ရောင်ယာဉ်၊ MDY-14/6J-9817 SUZUKI အမျိုးအစားယာဉ်၂ စီးတို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်တွင် နေအိမ်အတွင်း ဝင်ရောက်ကာ ဓားပြတိုက်လုယက်မှုကျူးလွန်ခဲ့သူ ဖွဲ့ထက်(ခ) ဖောင်းထက်ပါ တရားခံ ၇ ဦးအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ဒုစရိုက်မှုကိုမလိုလားသည့် တာဝန်သိပြည်သူများနှင့်ပူးပေါင်းကာ အခင်းဖြစ်ပွားပြီးချိန်မှ အချိန်တိုအတွင်း သက်သေခံပစ္စည်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့ပြီး ဖမ်းဆီးရမိတရားခံများအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (၁၀၀)

# တရားမဝင် ရေနံစိမ်း၊ လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ မော်တော်ဆိုင်ကယ်များနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

နေပြည်တော် စက်တင်ဘာ ၁၂

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ **စက်တင်ဘာလ ၁၀ ရက်**တွင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာဘားအံမြို့နယ် မဲဘောင်ရွာ မဲဘောင်-နောင်ပလိန်လမ်းဆုံအနီး၌ မြဝတီမြို့မှ သာမညသို့သွားရောက်မည့် မော်တော်ယာဉ်(၂၉)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၂၄)မျိုး၊ စားသောက်ကုန်ပစ္စည်း(၃)မျိုး(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၂၆၁၀၄၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Dump Truck အမျိုးအစားမော်တော်ယာဉ်(၂၉)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၂၂၀၀၀၀၀၀)၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၄၈၁၀၄၀၀၀)** ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။









ကရင်ပြည်နယ်၌ ဖမ်းဆီးရမိမှု။

ထို့အတူ မကွေးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မင်းဘူးခရိုင်အတွင်း၌ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် ရေနံစိမ်း(၁၄)ဂါလန်နှင့် မော်တော်ဆိုင်ကယ်(၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇၉၀၀၀)ကို ပြည်သူပိုင်ပစ္စည်းကာကွယ်ရေးအက်ဥပဒေအရလည်းကောင်း၊ မကွေးခရိုင်၊ မင်းဘူးခရိုင်နှင့် သရက်ခရိုင်တို့အတွင်း၌ လိုင်စင်မဲ့မော်တော်ယာဉ်(၂)စီးနှင့် လိုင်စင်မဲ့မော်တော်ဆိုင်ကယ် (၁၀)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၃၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၅၇၉၀၀၀)** ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

**စက်တင်ဘာလ ၁၁ ရက်**တွင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဗဟန်းမြို့နယ်အတွင်း၌ လိုင်စင်မဲ့ Toyota Probox မော်တော်ယာဉ်(၁)စီး **(ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

**စက်တင်ဘာလ ၁၂ ရက်**တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဝေါမြို့နယ်၊ အဗျားငှက်




ပဲခူးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။

ချေးဝင်းကျေးရွာအနီး၌ လိုင်စင်မဲ့ Toyota Voxy မော်တော်ယာဉ်(၁)စီး **(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီအရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ စက်တင်ဘာလ ၁၀ ရက်၊ ၁၁ ရက်နှင့် ၁၂ ရက်တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ (၉၁)မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၈၄၁၈၃၀၀၀)**ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှသတင်းရရှိသည်။

(သတင်းစဉ်)

# အောင်မြင့်မိုရ်မင်းအာမခံကုမ္ပဏီလီမိတက်




မိသားစုဘဝ လုံခြုံစိတ်ချဖို့
ကျန်းမာရေးအာမခံ
ထားကြစို့!

၁။ ပြည်သူပြည်သားအသက်အာမခံ
၂။ တပ်မတော်ဝန်ထမ်းအသက်အာမခံ
၃။ တောင်သူလယ်သမားအသက်အာမခံ
၄။ နှစ်တိုငွေပင်ငွေရင်းအာမခံ
၅။ စုပေါင်းအသက်အာမခံ
၆။ မြွေအန္တရာယ်အာမခံ
၇။ အထူးခရီးသွားအာမခံ
၈။ ခရီးသွားအာမခံ
၉။ အားကစားသမားကိုယ်အင်္ဂါထိခိုက်မှုအာမခံ
၁၀။ ကျန်းမာရေးအာမခံ
၁၁။ ပြင်းထန်သောရောဂါကုသမှုအာမခံ
၁၂။ လူထုအခြေပြုကျန်းမာရေးစောင့်ရှောက်မှုအာမခံ
၁၃။ ပညာရေးအသက်အာမခံ
၁၄။ ကိုယ်အင်္ဂါထိခိုက်မှုအာမခံ
၁၅။ စာသင်သားအသက်အာမခံ
၁၆။ ပြည်သူပြည်သားနှစ်ချင်းအသက်အာမခံ
၁၇။ ပရီမီယံတစ်ကြိမ်ပေး နှစ်တိုချေးငွေအသက်အာမခံ
၁၈။ ပရီမီယံတစ်ကြိမ်ပေး ချေးငွေအသက်အာမခံ
၁၉။ တမူထူးခြားသည့် စုဆောင်းမှု အသက်အာမခံ
၂၀။ တစ်လုံးတည်းပေး ငွေပင်ငွေရင်း အသက်အာမခံ

**We Protect The Family**

နေပြည်တော် - ဖုန်း - ၀၆၇ - ၃၄၃၄၇၁၂၊ ၀၉ - ၄၄၉၁၈၈၀၆၃

အမှတ်(၁၄၀)၊ ရွှေတိဂုံဘုရားလမ်းနှင့် ပန်တျာလမ်းထောင့်၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၁ - ၈၃၇၈၉၆၅၊ ၀၉ - ၄၂၄၄၄၆၆၆၄၊ ဖက်(စ်) - ၀၁ - ၈၃၇၈၉၆၃

၂၉ × ၃၀ လမ်းကြား၊ ၈၄ လမ်း၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
ဖုန်း - ၀၉ - ၄၂၄၄၄၆၆၆၅၊ ဖက်(စ်) - ၀၂ - ၄၀၃၀၄၆၇

OKKAN SUGAR MILL

ဥက္ကံ သကြားစက်၊ ရန်ကုန်တိုင်းဒေသကြီး

FDA ထောက်ခံချက်အမှတ်-စ၅/၂၁၃၄၆/ထလ
FDA Approved No. Sa 5/21346/Hta la











Phone,09 798157939(Office),09 773646431(Mill) မြန်မာပြည်တွင်ထုတ်လုပ်သည် သကြားဖြူ White Sugar



**❖ မိမိတို့နိုင်ငံသည် ပြည်ထောင်စုစနစ်ဖြင့် တည်ဆောက်ထားသည့် နိုင်ငံဖြစ်၍ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးသည် အဓိကကျပါသည်။ တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်စေရန် အတွက် အရေးကြီးဆုံးနှင့် အလိုအပ်ဆုံးမှာ ပြည်ထောင်စုစိတ်ဓာတ် မွေးမြူကြရေးပင်ဖြစ် ကြောင်း အသိပေးတိုက်တွန်းမှာကြားလိုပါသည်. . .**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၇ ရက်နေ့တွင်ကျရောက်သော (၇၇) နှစ်မြောက် ရှမ်းပြည်နယ်နေ့အခမ်းအနားသို့ပေးပို့သည့် သဝဏ်လွှာမှကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကိုအားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**


(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

# လေပွေလှိုင်း၏အရှိန်ကြောင့် ယနေ့မှစ၍ စက်တင်ဘာလ ၁၅ ရက်အထိ နေပြည်တော် တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် မိုးကြီးခြင်းနှင့် လေပြင်းတိုက်ခတ်ခြင်းများဖြစ်ပေါ် နိုင်

**မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ WRF မော်ဒယ်၏**
**၁၂-၉-၂၀၂၄ မှ ၁၅-၉-၂၀၂၄ ရက်နေ့အထိ မိုးရွာသွန်းမှုခန့်မှန်းချက်ပြပုံ**




## အထူးမိုးလေဝသသတင်း

နေပြည်တော် စက်တင်ဘာ ၁၂

ယနေ့နံနက် ၉ နာရီခွဲအချိန်တိုင်းထွာချက်များအရ မြန်မာနိုင်ငံအလယ်ပိုင်းဒေသများနှင့် အနောက်မြောက်ပိုင်းဒေသများတွင် ဖြစ်ပေါ်ခဲ့သော လေပွေလှိုင်းသည် အနောက်-အနောက်မြောက်ဘက်သို့ ဖြည်းညင်းစွာရွေ့လျားခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ဆက်လက်တည်ရှိနေသည်။ အဆိုပါလေပွေလှိုင်းသည် အနောက်-အနောက်မြောက်ဘက်သို့ ဖြည်းညင်းစွာ ဆက်လက်ရွေ့လျားနိုင်ပြီး နောက် ၃၆ နာရီအတွင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံကမ်းရိုးတန်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်းတို့ကို ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။ အဆိုပါလေပွေလှိုင်း၏အရှိန်ကြောင့်လည်းကောင်း၊ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေဆက်လက်အားကောင်းနိုင်ခြင်းကြောင့်လည်းကောင်း

စာမျက်နှာ ၂၅ ကော်လံ ၁ ❐

## မိုးစပါး၊ ဝါသီးနှံ နှင့် မိုးသီးနှံများ ရာသီချိန်မီ ပြန်လည်စိုက်ပျိုးနိုင်ရေး နှိုးဆော်

လက်ရှိဖြစ်ပေါ်နေသော လေပွေလှိုင်းအရှိန်ကြောင့် မိုးသည်းထန်စွာရွာသွန်းခဲ့သဖြင့် မိုးစပါး၊ ဝါသီးနှံနှင့် မိုးသီးနှံများ ရေကြီးနစ်မြုပ်ထိခိုက်ပျက်စီးနိုင်ပါသည်။

မိုးစပါးနှင့်မိုးနှောင်းချည်မျှင်ရှည်ဝါသီးနှံ ပြန်လည်စိုက်ပျိုးနိုင်ရန် ရာသီအချိန်ကျန်ရှိနေပါသေးသည်။ မိုးစပါးပြန်လည်စိုက်ပျိုးရာတွင် သက်တမ်းတိုမျိုးများ ပြန်လည်စိုက်ပျိုးနိုင်ရေးအတွက်လည်းကောင်း၊ မိုးနှောင်းချည်မျှင်ရှည်ဝါ ပြန်လည်စိုက်ပျိုးနိုင်ရန်အတွက်လည်းကောင်း

စာမျက်နှာ ၂၅ ကော်လံ ၄ ❖

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG ၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

ဗန္ဓုလသယ်ယူပို့ဆောင်ရေးကုမ္ပဏီလီမိတက်
ရွှေမန်းသူ
အဝေးပြေးခရီးသည်ပို့ဆောင်ရေးလုပ်ငန်း
ပါရမီလက်မှတ်အရောင်းဌာန
ရွှေမန်းသူ ၀၉ ၂၅၄၇၈၁၁၆၀၊ ၀၉ ၂၆၁၄၀၀၈၄၄
ရွှေမြိုင်သူ ၀၉ ၂၆၁၄၀၀၈၅၅
ရှမ်းမလေး ရန်ကုန်မြို့တွင်း G & G Store ဆိုင်များ
ပုသိမ်သူ Online Easy Ticket, Go - Auto Ticket
ရန်ကုန် -
နေပြည်တော်
တောင်ကြီး
မုံရွာ၊ မန္တလေး၊ ပြင်ဦးလွင်
ကျောက်ပန်းတောင်း - ရောက် - ဆိပ်ဖြူ
ပုဂံ (ညောင်ဦး) - ပခုက္ကူ
မကွေး - မင်းဘူး - ရွှေစက်တော်၊ မိတ္ထီလာ - မြင်းခြံ
မော်လမြိုင် - မုဒုံ - သံဖြူဇရပ် - ကျိုက္ကမီ
တောင်ငူ - ဆွာ - ရေနီ
ပုသိမ်


ဘေးကင်း လုံခြုံစိတ်ချ တာဝန်ယူမှုပြည့်ဝသော ခရီးသွားဝန်ဆောင်မှု